# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တော်သလင်းလဆန်း (၁၁) ရက် ၊ သောကြာနေ့ ၊ (13-9-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၃၆)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေဝင်ရောက်မှုများဖြစ်ပေါ်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများက ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့၌ တောင်ကျရေစီးဆင်းမှုကြောင့် ရေဘေးသင့်ပြည်သူများကို ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ရာဂီ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏အရှိန်ကြောင့် စက်တင်ဘာ ၁၀ ရက်မှစတင်၍ နေရာအနှံ့အပြား မိုးအဆက်မပြတ်ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့် မြစ်ရေများအဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိမြို့နယ်အချို့နှင့် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ မြို့နယ်အချို့တို့တွင် ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တို့တွင် မြစ်ရေများမြင့်တက်ကာ ၎င်းမြစ်ချောင်းများအနီးရှိရပ်ကွက်၊ကျေးရွာများအတွင်းသို့

**စာမျက်နှာ ၁၆ ကော်လံ ၁**

(၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံမှ ပေးပို့သည့်သဝဏ်လွှာ

စာမျက်နှာ- ၁၈

၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

စာမျက်နှာ- ၁၉

ညောင်ဦးမြို့နယ်ရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ဩဂုတ်လအတွင်း ပြည်တွင်း၊ပြည်ပခရီးသွားဦးရေ ၂၀၀၀ ကျော်လာရောက်လည်ပတ်

စာမျက်နှာ- ၅

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၂-၉-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ကျောက်ဖြူ | ၉ | ဒသမ | ၈၈ | လက်မ |
| ပဒုက္ကူ | ၉ | ဒသမ | ၃၃ | လက်မ |
| ဘားအံ | ၉ | ဒသမ | ၀၅ | လက်မ |
| ညောင်ဦး | ၈ | ဒသမ | ၅၁ | လက်မ |
| အမ်း | ၆ | ဒသမ | ၀၆ | လက်မ |
| ပျော်ဘွယ် | ၅ | ဒသမ | ၉၇ | လက်မ |
| မိတ္ထီလာ | ၅ | ဒသမ | ၆၃ | လက်မ |
| ချောက် | ၄ | ဒသမ | ၇၂ | လက်မ |




# မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မြင်းခြံဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများကို မန္တလေးဈေးကွက်အတွင်း ကုန်သည်များက အဝယ်ပြန်လိုက်လာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများကလည်း မြင်းခြံဘက်မှ ထွက်ရှိသည့်ကြက်သွန်နီကို ဝယ်ယူမှုများရှိကြောင်း သိရသည်။

"အခု မြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကြက်သွန်နီလက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းရှင်တွေက အဝယ်တော်တော်များလာတယ်။ မန္တလေးဈေးကွက်ထဲမှာလဲ အရောင်းအဝယ် တော်တော်လေးပြန်ပြီးကောင်းနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ ဆိပ်ဖြူဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ အရောင်းအဝယ်ပြန်ဖြစ်နေတယ်။ အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိနေတာကတော့ မြင်းခြံဘက်က ထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ ကြက်သွန်နီတွေပဲဖြစ်ပါတယ်"ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ပခုက္ကူ၊ မြင်းခြံ၊ ပျော်ဘွယ်နှင့် တောင်သာဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများ အများဆုံးဝင်ရောက်လျက်ရှိကြောင်း၊ ယခုလတ်တလော မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း ဝယ်ယူနေခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ကြက်သွန်နီများအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

(၁၈၄)

# အယ်ဒီတာ့အာဘော်

ရတနာပုံ
၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၃ ရက်

## လူကုန်ကူးမှုပပျောက်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၃ ခုနှစ်မှစတင်၍ နှစ်စဉ် စက်တင်ဘာ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ်သတ်မှတ်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ပြင်ဆင်သတ်မှတ်ခဲ့သည်။ ထို့ကြောင့် ယခုနှစ်သည် ဒွါဒသမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ ထို့ကြောင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

လူကုန်ကူးမှုဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ထိုသူ၏သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းအလို့ငှာ ထိုသူကိုသိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုပါသည်။

၂၀၂၄ ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ရည်ရွယ်ချက်(၄)ရပ်မှာ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်တို့ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်မှာလည်း "ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား" ဖြစ်ပါသည်။

လူကုန်ကူးမှုသည် လူသားအချင်းချင်း စာနာမှုကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သောလူ့အခွင့်အရေး ချိုးဖောက်မှုတစ်ရပ်ဖြစ်သည်။ လူ့အခွင့်အရေးနှင့်ဂုဏ်သိက္ခာကိုချိုးဖောက်ရုံသာမက လူ့အဖွဲ့အစည်းကိုလည်း ထိခိုက်စေနိုင်ပါသည်။ လူကုန်ကူးသူများသည် ဘဝရပ်တည်ရန်ခက်ခဲနေသော အခြေအနေကို အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချလျက်ရှိပါသည်။ လက်ရှိကာလတွင် ကမ္ဘာ့နိုင်ငံများက လူကုန်ကူးမှုကို နိုင်ငံဖြတ်ကျော်မှုခင်းတစ်ရပ်အဖြစ် လက်ခံထားကြပြီး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းအားထုတ်တားဆီးကာကွယ်နေကြသော်လည်း ဖြစ်ပွားမှုမြင့်မားနေဆဲပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင်လည်း လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ စတုတ္ထငါးနှစ်စီမံကိန်း(၂၀၂၂-၂၀၂၆)ကို ဟန်ချက်ညီညီအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် ထိခိုက်လွယ်အုပ်စုများကို ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းများ၊ ကယ်တင်ရေးနှင့်ကူညီရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ခြင်းတို့လုပ်ဆောင်သွားရန်လိုပေသည်။

သို့ဖြစ်ရာ လူကုန်ကူးမှုသည် တစ်ကမ္ဘာလုံးကိုခြိမ်းခြောက်လျက်ရှိသောကြောင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အတူ ပြည်သူတစ်ရပ်လုံးကလည်း လူကုန်ကူးမှုပပျောက်ရေးအတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးကားဈေးကွက်အတွင်း အရောင်းအဝယ်အေးနေပြီး ကြိုက်ရောင်းကြိုက်ဝယ် ပုံစံဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

မော်ဒယ်မြင့်၊ ဈေးနှုန်းမြင့် စလစ်ကပ်ကားများ အရောင်းအဝယ်အေးနေပြီး ငွေကျပ် သိန်း ၅၀၀ ခန့်ရှိ နံပါတ်ထွက်ပြီးသား ဟွန်ဒါဖစ်၊ ဟွန်ဒါအင်ဆိုက်၊ ဘယ်လ်တာ၊ အေဒီဗင် စသည့် ကားဟောင်းများသာ အရောင်းအဝယ်အနည်းငယ်ရှိနေကြောင်း သိရသည်။

လှျပ်စစ်သုံး ကားများမှာ ငွေကျပ်သိန်း ၁၃၀၀ ခန့်ပေါက်ဈေးရှိနေပြီး ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက်အော်တို ငွေကျပ်သိန်း ၂၀၀ ခန့်၊ Manual ငွေကျပ် ၁၇၅ သိန်းခန့်ဈေးပေါက်ကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့်ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

ဆိုင်ကယ်ဈေးကွက်တွင်လည်း အရောင်းအဝယ်များ အေးနေပြီး တရုတ်ဘီးများမှာ အရောင်းအဝယ်ပိုင်းသိသိသာသာ ကျဆင်းနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထို့အတူ နယ်ဝယ်လက်များ ယခင်ကထက် အဆင်းနည်းလာမှုကြောင့် အရောင်းအဝယ်အေးနေပြီး တစ်ပတ်ရစ်ဈေးကွက်၌ ငွေကျပ် ၆၀၀၀၀ ခန့်ဈေးတန်းရှိ ဆိုင်ကယ်များသာ အရောင်းအဝယ်ရှိနေကြောင်း၊ လျှပ်စစ်သုံးဆိုင်ကယ်များလည်း အရောင်းအဝယ်ဖြစ်မှု အနည်းငယ်သာရှိပြီး အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း၂၀ မှ ၃၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့်ထိရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

(၁၇၃)

# အမာမြို့မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမာမြို့မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း အမာမြို့မှ ငါးပိ၊ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြ၍ သိရသည်။

အမာမြို့မှ ဒေသထွက်မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဇူလိုင်လအတွင်းက မျှင်ငါးပိ ပိဿာချိန် ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် မျှင်ငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

"အမာဒေသထွက် မျှင်ငါးပိတွေကို ရန်ကုန်ဈေးကွက်နဲ့အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ဩဂုတ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ဘက်က ဩဂုတ်လအတွင်းနဲ့ အခုလထဲမှာပါ ဝယ်ကုန်က တအားများနေပါတယ်။ လက်ရှိမှာတော့ မျှင်ငါးပိတွေ ဝယ်လိုအားကောင်းလာတဲ့အပြင် ဈေးကလဲ ကောင်းလာပါတယ်။ အခုလို မျှင်ငါးပိတွေ အရောင်းအဝယ်ကောင်းလာတော့ လုပ်ငန်းရှင်တွေအပြင် လုပ်သားတွေပါ အဆင်ပြေလာတယ်"ဟု အမာမြို့မှ ငါးပိ၊ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

အမာမြို့တွင် ရေထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသခံရေလုပ်သားများက ပင်လယ်ပြင်မှရရှိသော မျှင်ကောင်များကိုဝယ်ယူအသုံးပြုပြီး အသင့်စားသုံးနိုင်သော မျှင်ငါးပိအဖြစ် ထုတ်လုပ် ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိတ္ထီလာမြို့နယ် ဝွေးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝွေးကုန်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဝွေးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရေသန့်စင်စနစ် တပ်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ဝွေးကုန်းကျေးရွာ၌ အရှည်ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူ ထည့်ငွေကျပ် ၄၃ သိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဝွေးကုန်းကျေးရွာရှိ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသွားမည်ဖြစ်ပြီး သောက်သုံးရေ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ပုသိမ်ကြီးမြို့ သာခိုတောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လက ဆေးပဒေသာပင် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၃၀၂၃ ဧက စိုက်ပျိုးပြီးစီး



**ငပုတော စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၃၀၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ စပါး ၁၄၃၀၂၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်ကစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''ငပုတောမြို့နယ်မှာ မိုးစပါး ၁၄၃၀၂၃ ဧကထိ လျာထား စိုက်ပျိုးခဲ့ပါတယ်။ မိုးစပါးတွေရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်း ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အခုနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့ ဆောင်ရွက်ခဲ့ပေးခဲ့ပါတယ်။ ဒါမှလဲ ရိတ်သိမ်းတဲ့အခါမှာ အထွက်နှုန်းကောင်းအရည်အသွေးကောင်း စပါးတွေ ထွက်ရှိမှာဖြစ်ပါတယ်'' ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် မိုးစပါးရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေးကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနစသည့် နီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# သဲကုန်းမြို့နယ် ကြို့ရပ်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သဲကုန်း စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြို့ရပ်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြို့ရပ်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ် ၂၀ သဒမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ကိုးသန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို ငွေကျပ် ၂၉ သဒမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၆၇၁၆ ဧက စိုက်ပျိုးသွားမည်

**ကန့်ဘလူ စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၆၇၁၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၆၇၁၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

''ကန့်ဘလူမြို့နယ် လာမဲ့ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နှမ်း ဧက ၉၀၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ နှမ်းကို မိုးမှာထက် ဆောင်းမှာပဲ အဓိကထားစိုက်ပျိုးကြတာဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်''ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် နှမ်းစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

GAPစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် တောင်သူများ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)



# ဂရုဓမ္မအခါတော်နေ့၊ ဂရုဓမ္မအခါတော်လ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

– သစ်ဆင်းရယ်တဲ့ လ–မာသာ။
မြစ်လုံးငယ်ဆူညံလို့ ၊ လှော်တက်သံ
လှေပြိုင်ပွဲငယ် ၊ နွဲပျော်ကြရာ။
– ယုန်ရထားအိမ် သီတလမှာတဲ့
ပုဏ္ဏားဒိန်ကြည်ကြည်ပပါလို့ ၊
မည်ဘဒြကြယ်ပြုဗ္ဗာ
ယှဉ်လာ၍ပြည့်ဝန်း။
– ဒွါဒရာ ၊ ငှက်ဖျိုင်းတာရာနှင့်
ရွှေယင်းမာ ၊ ငုံပွင့်ကင်းကြတယ်၊
သင်းတဲ့သည်ပန်း။ ။

(ဆရာကြီးဦးပြုံးချို၏ ဆယ့်နှစ်ရာသီဖွဲ့လေးဆစ်သဖြန်)

"အာနီမြခိုင်၊ ယင်းမာလှိုင်က၊ မွှေးကြိုင်ပျံ့သင်း၊ တော်သလင်းဝယ်၊ မြစ်တွင်းရတု၊ ပန်းလုသဘင်၊ သစ်ဆင်းယင်လျက်၊ လက်သင်းလှော်ကား၊ ရွှေသားစက်ကွင်း၊ လှေချင်းလှော်ပြိုင်၊ ခွင့်ရေးကိုင်၍"

(ဆီသည်ရွာစားဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီလူးတား)

တော်သလင်းလနှင့်ပတ်သက်၍ ရှေးမြန်မာစာပေဂီတပညာရှင်ကြီးများက စာပန်းချီမျိုးစုံခြယ်သ ကာအမွှမ်းတင်ဂုဏ်ပြုခဲ့ကြပါသည်။ တော်သလင်း လ၏ရာသီအမည်က **"ကန်"**၊ စန်းပြည့်နက္ခတ်က **"ပြုဗ္ဗာဘဒြပိုလ်"**၊ ယှဉ်တာရာက **"ဖျိုင်းတာရာ"**၊ ရာသီရုပ်က **"လှေစီးသတို့သမီး"**၊ ရာသီပန်းက **"ရင်းမာပန်း"**၊ ရာသီပွဲက **"လှေပြိုင်ပွဲ"**၊ လပြည့်သန်းခေါင်နတ်ပေါင်းခပင်က **"ကုလားမျက်စိပင်၊ နွားလျှာကြီးပင်"**၊ ရက်ရာဇာက **"ကြာသပတေး၊ စနေ"**၊ ပြဿဒါးက **"ဗုဒ္ဓဟူး၊ သောကြာ"** စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်းရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ် မှတ်တမ်းတင်ထားခဲ့ကြသည်။

တောင်သူလယ်သမားများက တော်သလင်းမိုးနှင့်ပတ်သက်၍ **"တော်သလင်းမိုး ကန်သင်းကျိုး"**ဟု ခေါ်ဆိုသတ်မှတ်ခဲ့ကြသည်။ ရှေးစာဆိုများကလည်း **"တော်သလင်းတိမ်ညို၊ စားဖိုဆင်းရဲ၊ မိုးမစဲ"**ဟု တော်သလင်းမိုး အစိုးမရပုံကို ညွှန်းဆိုခဲ့ကြသည်။

ပုဂံခေတ်ကျောက်စာတွင် **"တော်သလင်းလ"** ဟု ခေါ်ဆိုခဲ့ကြပြီး ညောင်ရမ်းခေတ်၊ ဒုတိယအင်းဝခေတ်တွင် **"သစ်ဆင်းလ"** ဟု ခေါ်ဆိုခဲ့ကြသည်။ သို့သော် **"သစ်ဆင်းလ"** ကို စာပေတေးကဗျာ၊ ရာသီဖွဲ့များတွင် သုံးနှုန်းခဲ့ကြပြီး သက္ကရာဇ်မှတ်တမ်းတွင်မူ **"တော်သလင်းလ"** ဟုသာ သုံးနှုန်းခေါ်ဆိုခဲ့ ကြသည်။

**"တော်"**= အထက်ကောင်းကင်၊ **"သလင်း"** =သာယာခြင်း၊ ထွန်းလင်းခြင်း။ ထို့ကြောင့် **"တော်သလင်းလ"** ကို အထက်ကောင်းကင်တစ်ခွင်တွင် သာယာထွန်းလင်းနေသောလဟု သတ်မှတ်ထားကြပါသည်။

**"တော်သလင်းမြစ်တွင်း၊ သဲဖြူခင်း"** ဟူသောစကားနှင့်အညီ မိုး၊ လေ၊ မုန်တိုင်း၊ လှိုင်းမထန်တော့ဘဲ သာယာကြည်နူးဖွယ် ရာသီအခါသမယဖြစ်သည်။

တော်သလင်းလမြစ်ရေပြင်ထဲတွင် **"သစ်ဆင်းပွဲ" "လှေပြိုင်ပွဲ"** များကို ကျင်းပခဲ့ကြသည်။ **"သစ်ဆင်းပွဲ" "သစ်ဆင်းလ"** ဟု ခေါ်ဆိုခဲ့ခြင်းမှာ ထိုလတွင် ရေစီးရေလာကောင်းမွန်သောကြောင့် အထက်အညာတစ်ခွင်မှ သစ်ဖောင်၊ ဝါးဖောင်များကို အောက်အရပ်သို့ စုန်ဆင်းမျှောချကြခြင်း၊ မိုးတွင်းကာလမှ ရိုးမတောင်တန်းများပေါ် ၌ခိုအောင်းနေကြသော သတ္တဝါများသည် ထိုလတွင် မြေပြန့်လွင်ပြင်ဆီသို့ ပြောင်းရွှေ့ဆင်းသက်လာကြခြင်း၊ မြစ်ကမ်းဘေးတွင် စိုက်ထူထားသော သစ်တိုင်အမြင့်များပေါ်မှ အောက်ရှိမြစ်ရေပြင်ပေါ်သို့ အားကစားသဘောမျိုး ခုန်ဆင်းကြခြင်းများကြောင့် သတ်မှတ်ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် တော်သလင်းလတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကန်ရေပြင်ကျယ်များ၌ လှေလှော်ပြိုင်ပွဲများကို ရှေးမင်းအဆက်ဆက်ကတည်းက နှစ်စဉ်ကျင်းပခဲ့ကြသည်။ ထိုသို့ လှေလှော်ပြိုင်ပွဲများ ကျင်းပခြင်းမှာ လှေတပ်မတော်အတွက် စစ်သည်ကောင်းများပေါ်ထွန်းလာရေးအတွက်ဖြစ်သည်။ ပုဂံခေတ် နရပတိစည်သူမင်းလက်ထက် စစ်သည်တော်များ ရွေးချယ်ရာတွင်

၁။ ခြေဆယ်ပွဲရမှ မြင်းတင်ရသည်။
၂။ မြင်းဆယ်ပွဲရမှ ဆင်တင်ရသည်။
၃။ ဆင်ဆယ်ပွဲရမှ လှေတင်ရသည်။
၄။ လှေဆယ်ပွဲရမှ လေးရာပြုကိုပေးရသည်ဟု

အရည်အချင်းစစ်တမ်းအရ လှေတပ်မတော်သည် အဆင့်အမြင့်ဆုံးတပ်မတော်ဖြစ်ခဲ့သည်။ နယ်ချဲ့လက်အောက်ရောက်မှ မေ့မှိန်သေးသိမ်သွားခဲ့ပြီး လှေရေး ၃၇ ရေးအတတ်ပညာလည်း ပျောက်ကွယ်ခဲ့ရသည်။

လှေပြိုင်ပွဲသဘင်များကို **"ပန်းလုသဘင်၊ ရေပွဲသဘင်၊ တက်ရေးပြပွဲ၊ မြစ်ယံပွဲ၊ နဒီပွဲနှင့် အဏ္ဏဝါပွဲ"** ဟူ၍လည်း ခေါ်တွင်ခဲ့ကြသည်။ တော်သလင်းလ၏ လောကီရေးရာပွဲတော်များအပြင် လောကုတ္တရာရေးရာထူးခြားပူဇော်ပွဲလည်းရှိပါသည်။ ထိုပူဇော်ပွဲမှာ တော်သလင်းလကို **"ဂရုဓမ္မအခါတော်လ"** တော်သလင်းလပြည့်နေ့ကို **"ဂရုဓမ္မအခါတော်နေ့"** ဟု သတ်မှတ်ပူဇော်လိုက်နာကျင့်ကြံနေကြခြင်းပင်ဖြစ်သည်။

**"ပဉ္စသီလ (ခေါ်) ဂရုဓမ္မမြတ်သီလ"**

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကာလ တော်သလင်းလတွင် မြတ်စွာဘုရားရှင်သည် တိကနိပါတ်၊ ဂရုဓမ္မဇာတ်ကို ဟောကြားတော်မူခဲ့သည်။

ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်ပြည့်ရှင် ဘုရားအလောင်းတော် ဓနဥ္စယကောရဗျမင်းကြီးမှစ၍ မယ်တော်ကြီး၊ မိဖုရားကြီး၊ ညီတော်အိမ်ရှေ့မင်းသား၊ ပုရောဟိတ်ပုဏ္ဏား၊ မြေတိုင်းအမတ်၊ ရထားထိန်း၊ သူဌေးကြီး၊ တင်းခြင်အမတ်၊ တံခါးစောင့်တပ်မှူးနှင့် ပြည့်တန်ဆာမတို့သည် ဂရုဓမ္မငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းခဲ့ကြသည်။ ဘုရင်မင်းကြီးကလည်း မင်းကျင့်တရားဆယ်ပါးနှင့်အညီ တိုင်းပြည်ကိုအုပ်ချုပ်ခဲ့သည့်အပြင် အလှူဒါနများကိုလည်း နေ့စဉ်ပြုကျင့်လှူဒါန်းနေခဲ့သည်။ ထို့ကြောင့် ဣန္ဒပတ္ထနဂိုရ်ပြည်ကြီးတွင် ဒုစရိုက်မှုများကင်းစင်ပြီး ဆန်ရေစပါးပေါများကြွယ်ဝနေခဲ့သည်။ သဘာဝဘေးအန္တရာယ်များလည်း ကင်းဝေးပြီး အေးချမ်းသာယာနေခဲ့ကြသည်။

သို့သော် အိမ်နီးချင်း ကလိင်္ဂမင်းအုပ်စိုးရာ ကာသိတိုင်း ဒန္တပူရတိုင်းပြည်မှာကား ငါးပါးသီလ ပျက်စီးပြီး တရားမဲ့နေကြသောကြောင့် ရာသီဥတုဖောက်ပြန်ပြီး မိုးခေါင်ရေရှားဖြစ်ပွားကာ စပါးသီးနှံများမဖြစ်ထွန်းတော့ဘဲ တိုင်းသူပြည်သားများ ဆင်းရဲငတ်မွတ်ခေါင်းပါးမှုကို ခံနေခဲ့ကြရသည်။ ဆင်းရဲမွဲတေငတ်ပြတ်မှုများ၏ နောက်ဆက်တွဲပြဿနာများဖြစ်ကြသော ခိုးဝှက်၊ လုယက်၊ သတ်ဖြတ်မှုများနှင့် ဒုစရိုက်မှုများစွာလည်း ထုပြောလာခဲ့သည်။ ကပ်ဘေးမျိုးစုံကို ကြုံတွေ့ခံစားလာခဲ့ကြရသည်။

ထို့ကြောင့် တိုင်းသူပြည်သားများက နန်းတော်ရင်ပြင်သို့ စုပေါင်းရောက်ရှိလာခဲ့ကြပြီး **"အရှင်မင်းမြတ်တရားမစောင့်လို့ မိုးခေါင်ရေရှားပြီး တိုင်းသူပြည်သားများ ဆင်းရဲဒုက္ခရောက်နေကြကြောင်း"** စုပ်စွဲပြောဆို ဟစ်ကြွေးဆန္ဒပြခဲ့ကြသည်။ သည်တော့မှ ကလိင်္ဂမင်းက **"ရှေးအဆက်ဆက်မင်းများသည် မိုးရွာအောင် မည်ကဲ့သို့ ဆောင်ရွက်ခဲ့ကြသလဲ"** ဟု မေးမြန်းခဲ့ရာ **"မင်းကြီး၊ ရှေးမင်းတို့သည် အလှူကြီးပေးပြီး သီလဆောက်တည် အဓိဋ္ဌာန်ပြုကာ ကျက်သရေတိုက်ခန်းထဲမှာ မြေစာမြက်ကိုခင်းပြီး အိပ်စက်ကြတာကြောင့် မိုးရွာပါတယ်"** ဟု အမတ်ပုဏ္ဏားများက ပြန်လည်ဖြေကြားခဲ့ကြသည်။ ဘုရင်က အမတ်ပုဏ္ဏားများဖြေကြားသည့်အတိုင်း ပြုကျင့်ဆောင်ရွက်ခဲ့သော်လည်း မိုးကမရွာဘဲ မိုးခေါင်နေဆဲဖြစ်နေခဲ့သည်။

အမတ်တွေက **"မင်းကြီး ဣန္ဒပတ္ထနဂိုရ်ပြည်မှာရှိတဲ့ ဓနဥ္စယကောရဗျမင်းကြီးရဲ့ မင်္ဂလာဆင်ဖြူတော်ကို ဆောင်ယူနိုင်ရင် မိုးရွာပါမယ်"** ဟု လျှောက်ထားကြသောကြောင့် ဓနဥ္စယကောရဗျမင်းကြီးထံ လက်ဆောင် ပဏ္ဏာများနှင့်အတူ ပုဏ္ဏားရှစ်ယောက်ကို မင်္ဂလာဆင်ဖြူတော်အလှူခံစေလွှတ်ခဲ့သည်။ ဘုရားအလောင်း ဓနဥ္စယကောရဗျမင်းကြီးကလည်း နှမြောတွန့်တိုခြင်းအလျင်းမရှိဘဲ မင်္ဂလာဆင်ဖြူတော်ကို လှူဒါန်းခဲ့သည်။ သို့သော် ဒန္တပူရတိုင်းပြည်သို့ မင်္ဂလာဆင်ဖြူတော် ရောက်ရှိလာခဲ့သော်လည်း မိုးကမရွာဘဲ ခေါင်နေဆဲပင်။ ကြံရာမရသည့်နောက်ဆုံးတွင် ဂရုဓမ္မငါးပါးသီလလေ့လာရေးအဖွဲ့ကို ဣန္ဒပတ္ထနဂိုရ်ပြည်သို့ စေလွှတ်ခဲ့ပြီး ဘုရားအလောင်းမင်းကြီးအပါအဝင် ဆယ်ဦးသောပုဂ္ဂိုလ်များထံမှ ငါးပါးသီလကို ရွှေပေထက်မှာ ကူးယူမှတ်သား၊ ဆောင်ယူလာစေခဲ့သည်။ ကလိင်္ဂမင်းကြီးကိုယ်တိုင်စံပြအဖြစ် ငါးပါးသီလကိုခံယူဆောက်တည်ခဲ့သည့်အပြင် တိုင်းသူပြည်သားများကိုလည်း **"ဂရုဓမ္မမြတ်သီလ"** အဖြစ် စောင့်ထိန်းစေခဲ့ရာ ဒန္တပူရတိုင်းပြည်တွင် မိုးလေမှန်ကန်ပြီး စပါးသီးနှံများ အောင်မြင်ဖြစ်ထွန်းလာခဲ့ကာ တိုင်းပြည်သည်လည်း စည်ပင်ဝပြောအေးချမ်းသာယာလာခဲ့ပါသည်။

ဤသည်ကိုအကြောင်းပြုပြီး မြတ်စွာဘုရားက တော်သလင်းလမှာပဲ ငါးပါးသီလကို အထူးဂရုဓမ္မဖြစ်ဖွယ် ဟောကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ ဟောကြားတော်မူခြင်းကို ထာဝစဉ်ပူဇော်လိုက်နာကျင့်ကြံ ကြစေရေးအတွက် တော်သလင်းလကို **"ဂရုဓမ္မအခါတော်လ"** တော်သလင်းလပြည့်နေ့ကို **"ဂရုဓမ္မအခါတော်နေ့"** သတ်မှတ်ဖော်ကျူး ပူဇော်နေကြခြင်းဖြစ်သည်။

အဆိုပါ နိပါတ်တော်လာဖြစ်ရပ်ကို ဓမ္မပါလစာပေမှူး ဆရာကြီးပထမကျော်ဦးခင်မောင်ကြီးက သူ၏ ဓမ္မလက်ကမ်းစာလွှာ (၆၉) ၌ **"ဟိုး ရှေးကာလ၊ မြတ်ဗုဒ္ဓ၊ ထုတ်ဟ၍ဇာတ်တော်။ ရှုပ်ကြပွေကြ၊ ကာလိင်္ဂ၊ ငတ်ကြပြတ်ကြသော်။ ကုရုတိုင်းက သာယာလှ၊ မေးကြကျင့်ဝတ်တော်။ ပဉ္စသီဖူး၊ အကျင့်ထူး၊ ကြည်နူးကြရသော်။ မြတ်သောအပြုအလေးတု၊ ဂရုဓမ္မခေါ်။ သာယာဝပြော၊ ကျင့်သူပေါ၊ သဘောပြည့်ဝလျော်"** ဟု ဖွဲ့သီပူဇော်ခဲ့ပါသည်။

**"ဂရုဓမ္မသီလ"** သည် သူတော်ကောင်းတို့က ဂရုထား၍ကျင့်သုံးအပ်သော တရားဖြစ်သည်။ ကမ္ဘာဦးအစက စတင်ပေါ်ပေါက်သောတရားဖြစ်၍ **"ပဝေဏီဓမ္မ"** ဟုလည်း ခေါ်ဆိုနိုင်၏ဟု မှတ်တမ်းပြုထားကြပါသည်။

တိကနိပါတ် ဂရုဓမ္မဇာတ်တွင် အမြင့်ဆုံးရှင်ဘုရင်မှ အနိမ့်ဆုံးပြည့်တန်ဆာမအထိ ငါးပါးသီလကိုစောင့်ထိန်းကြသောကြောင့် ကပ်ကြီးသုံးပါးမှလွတ်ကင်းခဲ့သည်။ ဣတိဝုတ်အဋ္ဌကထာနှင့် ခုဒ္ဒကပါဌ်အဋ္ဌကထာတို့တွင် မှတ်သားဖွယ်ရာများကို အကျယ်တဝင့်ဖော်ပြထားပါသည်။ မဟာသုဒဿနမင်းကြီးသည် လေးကျွန်းစကြဝဠာလှည့်လည်၍ ငါးပါးသီလတရားကို ဓမ္မသတ်သဖွယ်ဟောဆိုညွှန်ပြဆုံးမလေ့ရှိခဲ့သည်။ ဒသကနိပါတ် ဓမ္မပါလဇာတ်တွင် ငါးပါးသီလမြဲ၍ ဓမ္မပါလတစ်မျိုးလုံး အသက်အရွယ်ငယ်ငယ်ဖြင့် သေရိုးထုံးစံမရှိကြဘဲ သက်တမ်းစေ့နေခဲ့ကြရသည်ဟု အဆိုရှိပါသည်။

ဧကနိပါတ်ကုလာဝကဇာတ်တွင် အိုးလုပ်သမလေး သုဇာတသည် ငါးပါးသီလမြဲ၍ ရွှေအတိပြီးသော သစ်သီးများရခဲ့သည်။ အသူရာမင်းကြီး၏ သမီးပျိုဘဝ၌ သူမတူအောင်ချောမောလှပခဲ့သည်။ မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့သည် ငါးပါးသီလမြဲ၍ စားဝတ်နေရေးမပူပင်ရခြင်း၊ သေသူအတွက် သောကမရောက်ရခြင်း၊ သေပြီးနောက် နတ်ပြည်သို့ရောက်ရခြင်း၊ အနှစ်တစ်ထောင်သက်တမ်းစေ့နေရခြင်း၊ စသောအကျိုးများကို ခံစားကြရပါသည်။

**"သူ့အသက်လည်း၊ မသတ်ဘဲ၊ အမြဲရှောင်ကြဉ်ပါ"**
**"သူ့ဥစ္စာလည်း၊ မခိုးဘဲ၊ အမြဲရှောင်ကြဉ်ပါ"**
**"ကာမဂုဏ်လည်း၊ မမှားဘဲ၊ အမြဲရှောင်ကြဉ်ပါ"**
**"လိမ်ညာ၍လည်း၊ မပြောဘဲ၊ အမြဲရှောင်ကြဉ်ပါ"**
**"သေအရက်လည်း၊ မသောက်ဘဲ၊ အမြဲရှောင်ကြဉ်ပါ"** ဟူ၍ **"သတ်၊ ခိုး၊ ကာမေ၊ မုသား၊ သေ၊ ငါးထွေအမျိုးအစား၊ ငါးပါးသီလ"** ကို လူငယ်များ မှတ်ရလွယ်ကူစေရန် **"ဆရာတော်မာဂဓီသာစည်"** က ရေးဖွဲ့ထားပါသည်။

ငါးပါးသီလနှင့်ပတ်သက်၍

၁။ ပဉ္စသီလငါးပါး
၂။ ရှေးဟောင်းကမ္ဘာဦးကတည်းက စတင်ပေါ်ပေါက်ခဲ့သော လူသားစည်းကမ်းကြီး (ပဝေဏီဓမ္မ)
၃။ စကြဝတေးမင်းများ ဓမ္မသတ်သဖွယ်ကျင့်သုံးခဲ့ပြီး လေးကျွန်းဒီပါလုံးအား အုပ်ချုပ်ခဲ့ခြင်း (စက္ကဝတ္တိဓမ္မသတ်)

**❖ ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်ပြည့်ရှင် ဘုရားအလောင်းတော် ဓနဥ္စယကောရဗျမင်းကြီးမှစ၍ မယ်တော်ကြီး၊ မိဖုရားကြီး၊ ညီတော်အိမ်ရှေ့မင်းသား၊ ပုရောဟိတ်ပုဏ္ဏား၊ မြေတိုင်းအမတ်၊ ရထားထိန်း၊ သူဌေးကြီး၊ တင်းခြင်အမတ်၊ တံခါးစောင့်တပ်မှူးနှင့် ပြည့်တန်ဆာမတို့သည် ဂရုဓမ္မငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းခဲ့ကြသည်။ ဘုရင်မင်းကြီးကလည်း မင်းကျင့်တရားဆယ်ပါးနှင့်အညီ တိုင်းပြည်ကိုအုပ်ချုပ်ခဲ့သည့်အပြင် အလှူဒါနများကိုလည်း နေ့စဉ်ပြုကျင့်လှူဒါန်းနေခဲ့သည်။ ထို့ကြောင့် ဣန္ဒပတ္ထနဂိုရ်ပြည်ကြီးတွင် ဒုစရိုက်မှုများကင်းစင်ပြီး ဆန်ရေစပါးပေါများကြွယ်ဝနေခဲ့သည်။❖**

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ညောင်ဦးမြို့နယ်ရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ဩဂုတ်လအတွင်း ပြည်တွင်း၊ပြည်ပ ခရီးသွားဦးရေ ၂၀၀၀ ကျော် လာရောက်လည်ပတ်



**ညောင်ဦး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ဩဂုတ်လအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေ၂၀၀၀ ကျော် လာရောက်လည်ပတ်လေ့လာခဲ့ကြောင်း ပုဂံရှေးဟောင်းသုတေသနပြတိုက်မှ ဒုတိယညွှန်ကြားရေးမှူး(ပြတိုက်) ဒေါ်ခက်ခက်လှက ပြောပြ၍ သိရသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ဩဂုတ်လအတွင်း ပြည်တွင်း၊ ပြည်ပမှ လာရောက်လည်ပတ်ထားမှုမှာ ပြည်တွင်းမှ ခရီးသွား ၁၉၉၉ ဦးနှင့် ပြည်ပမှ ခရီးသွား ၂၈ ဦး ဝင်ရောက်လည်ပတ်ခဲ့ပြီး တရုတ်နိုင်ငံနှင့် ကိုရီးယားနိုင်ငံမှ အများဆုံး လာရောက် လည်ပတ်လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပုဂံရှေးဟောင်းသုတေသနပြတိုက်မှာ ပြခန်းပေါင်း ၁၀ ခန်း ဖွင့်လှစ်ပြသနေပါတယ်။ ပြီးခဲ့တဲ့လအတွင်း ပြည်တွင်းခရီးသွား ၁၉၉၉ ယောက်နှင့် ပြည်ပခရီးသွား ၂၈ ယောက်ရှိခဲ့ပါတယ်။ လက်ရှိမှာ ပြတိုက်အတွင်း ပြကွင်းပြကွက်များကို ဒစ်ဂျစ်တယ်နည်းစနစ်နဲ့ လေ့လာနိုင်ဖို့အတွက် ဒစ်ဂျစ်တယ်ပြတိုက်အဖြစ် ဆောင်ရွက်နေပါတယ်"ဟု ဒေါ်ခက်ခက်လှက ပြောပြသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်သည် တနင်္လာနေ့နှင့် အများပြည်သူ ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီ မိနစ် ၃၀ မှ ညနေ ၄ နာရီ မိနစ် ၃၀ ထိ ဖွင့်လှစ်ထားပြီး ပြတိုက်ဝင်ကြေးအနေဖြင့် ပြည်တွင်း ခရီးသွားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ သတ်မှတ်ထားကာ ၁၂ နှစ်အောက် ကလေးငယ်များနှင့် ကျောင်းထောက်ခံစာပါရှိပြီး လာရောက်လေ့လာသူ ကျောင်းသား၊ ကျောင်းသူများနှင့် ရဟန်း၊ သံဃာများကို ဝင်ကြေးကင်းလွတ်ခွင့်ပြုထားကြောင်းနှင့် နိုင်ငံခြားသား တစ်ဦးလျှင် ဝင်ကြေး ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ASH

➤ စာမျက်နှာ ၄ မှအဆက်

၄။ ကုရုတိုင်းနေပြည်သူတို့ကျင့်သုံးခဲ့ရာဖြစ်ခြင်း (ကုရုဓမ္မသီလ)၊

၅။ မြတ်စွာဘုရားကိုယ်တိုင်လည်း ဟောကြားလမ်းညွှန်ခြင်း (ဝါရိတ္တသီလ)၊

၆။ သူတော်ကောင်းတို့ အလေးဂရုထား၍ကျင့်သုံးခြင်း(ဂရုဓမ္မသီလ)

၇။ လူသားတို့ အမြဲအစွဲနိစ္စစောင့်ထိန်းအပ်ခြင်း (နိစ္စသီလ)

၈။ လူသားတိုင်းလိုက်နာအပ်ရာခြင်း (ဓမ္မတာ သီလ)

၉။ လူသားနှင့်တိရစ္ဆာန်လောကနှစ်ခုကို ခွဲခြား ထိန်းသိမ်းပေးခြင်း (လောကပါလတရား)

၁၀။ ကျင့်သုံးအပ်ခြင်း၊ သင့်ခြင်း၊ ထိုက်ခြင်း (သိက္ခာပဒသီလ)

၁၁။ လူတို့၏ ကိုယ်ကျင့်တရားဖြစ်ခြင်း (ဂဟဋ္ဌသီလ)

၁၂။ အရိယာပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးခြင်း(အရိယာကန္တသီလ) ဟူ၍ ဝိသေသအထူးထူးအထွေထွေများနှင့် ညွှန်းဆိုပူဇော်လိုက်နာကျင့်သုံးခဲ့ကြပါသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓက "ပုလဲ၊ ဥဿဖယား၊ ပတ္တမြား၊ ရွှေ၊ ငွေ၊ အထွေထွေသောအဆင်တန်ဆာတို့သည်၊ ပျိုမျစ်နုငယ်၊ ငယ်ရွယ်စဉ် အခါ၌သာလျှင်၊ တင့်တယ်ခြင်းကို ဖြစ်စေနိုင်၏။ ပဥ္စသီလ အဆင်တန်ဆာသည်ကား၊ အငယ်အလတ်အရွယ်တွင်လည်း၊ ရှုမငြီး၊ အရွယ်ကြီးသူနှင့်လည်း လိုက်ဖက်၊ တစ်သက်လုံးပန်ဆင်၍ တင့်တယ်ပြီး ရှုမငြီးကာ၊ လိုက်ဖက်၍မဆုံးဘဲ ရှိပါပေ၏"

"စန္ဒကူး၊ တောင်ဇလပ်၊ ကြာညိုနှင့် မြတ်လေးဟူသော ပန်းမြတ်တို့၏ ရနံ့သည် မွှေးကြိုင်ကြပါကုန်၏။ ထိုသည့်ပန်းရနံ့အားလုံးတို့ထက် ဤပဥ္စသီအစ၊ သီလဟူသည်၏ သင်းရနံ့သည်ကား၊ အတုမရှိမွှေးကြိုင်၍ မဆုံး မွှန်မြတ်လှပါပေ၏"

"သတ္တဝါတို့၏ကိလေသာအညစ်အကြေးကို၊ စင်ကြယ်အောင်၊ ဂင်္ဂါ၊ ယမုံနာစသော မြစ်ကြီးငါးစင်းမှရေတို့က၊ ဆေးမပေးနိုင်။ ဤသီလရေစင်ကသာ ဆေးကြောပေးနိုင်စွမ်း၏။ ထိုကိလေသာမီးအပူကို အေးငြိမ်းသွားအောင်၊ မိုးသက်လေညင်း၊ စန္ဒကူး၊ ရွှေ၊ ပုလဲသွယ်၊ မြ၊ ပတ္တမြားနှင့် စန္ဒာလရောင်တို့မတတ်စွမ်းနိုင်။ ဤသီလအအေးဓာတ်ကသာ တတ်စွမ်းနိုင်လေ၏။ ဤသီလနှင့်တူသော အမွှေးနံ့သာ မည်သည် မရှိ။ လေအောက်လေထက် နှစ်ဌာနလုံး၌အတူပင် မွှေးကြိုင်ပါစေသတည်း"ဟု အကြိမ်ကြိမ်ဟောကြားတော်မူခဲ့ပါသည်။

သီလ၏ကျေးဇူးအဖုံဖုံကို ဖော်ပြရလျှင် ကုန်ဆုံးတော့မည်မထင်ပါ။ အနိမ့်ဆုံးအဆင့် သီလတစ်ပါး၏ဂုဏ်ကျေးဇူးကို ဆရာကြီး ဦးသုခက **"တစ်ပါးသီလ"**ဟူ၍ပင် ရေးသားရိုက်ကူး ထုတ်လွှင့်တင်ပြသွားခဲ့ပါသည်။ ယခု ကပ်ဘေးကြုံတွေ့နေကြချိန်တွင် **"သတ်၊ ခိုး၊ ကာမေ၊ မုသား၊ သေ၊ ငါးထွေအမျိုးအစား၊ ငါးပါးသီလ"** ကို စောင့်ထိန်းလိုက်နာကြခြင်းဖြင့် မြတ်ဗုဒ္ဓ၏ဒေသနာတော် **"ဂရုဓမ္မအခါတော်လ"**နှင့် **"ဂရုဓမ္မအခါတော်နေ့"**ကို ကြည်ညိုပူဇော်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

**ကျမ်းကိုး**

**-ဆရာလှသမိန်တည်းဖြတ်၊ ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်။**

**-ဦးအောင်ကြီး၏အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီလူးတား။**

**-ပြည်ထွန်းရွှေ၏ မြန်မာလများနှင့် စပ်လျဉ်း၍။**

**-ဝိသဇ္ဇက(ပဲခူး)၏ မြန်မာ့တစ်ဆယ့်နှစ်လရာသီဖွဲ့။**

## လူကုန်ကူးမှုသတိပြုလော့

\- လူကိုလူချင်း ကုန်ကူးခြင်း
မယွင်းဧကန် မရှိတန်
အမှန်ကိုသိ ဆင်ခြင်ဘိ
အသိတရား ရင်မှာထား
မမှားသင့်ပေ ဒို့တစ်တွေ
တားမယ်လေ့ တားမယ်လေ့။

\- ငွေကိုကြည့်ကာ မဆင်ခြင်စွာ
သူတကာပြောသမျှ သဘောကျ
ဘဝနဲ့ရင်း မှားဘိခြင်း
မယွင်းဒုက္ခ ရောက်ကြရ
စိတ်ကမပါ ငွေကြောင့်သာ
ဖြစ်လာခဲ့ရ သူ့မယားဘဝ
လုံးဝမပျော် နေတိုင်းနော်
ပေါ်တယ်လေ့ ပေါ်တယ်လေ့။

\- ပန်းကောင်းညွှန့်ချိုး ထိုလူဆိုး
မတိုးမိအောင် သင်တို့ရှောင်
လူဘောင်လောက သာယာစွ
လှမယ်လေ့ လှမယ်လေ့။

\- ထို့ကြောင့်သာပင် သတိယှဉ်
စိတ်တွင်လောဘ မထားရ
အပြောကကောင်း စိတ်ကမကောင်း
မပေါင်းသင့်အပ် သတိချပ်
မှတ်ပါလေ့ မှတ်ပါလေ့။ ။

**ဘိုမျိုး(ရွှေဘို)**

(စက်တင်ဘာ ၁၃ ရက်နေ့တွင် ကျရောက်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်။)

## နိုင်ငံတကာ သတင်းများ

# တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပြန်လည်စတင်ရေး တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ဆွေးနွေး



**ဒေလီ စက်တင်ဘာ ၁၂**

နှစ်နိုင်ငံကြား တိုက်ရိုက်ခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မြန်ဆန်ဆန် ပြန်လည်စတင်ပျံသန်းနိုင်ရေးအတွက် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့က ဆွေးနွေးနေကြောင်း အိန္ဒိယအရပ်ဘက်လေကြောင်းဝန်ကြီးဌာနဝန်ကြီး ရမ်မိုဟန်နနိုဒူးကင်ဂျရာပူက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် အိန္ဒိယနှင့် တရုတ် တိုက်ရိုက်ခရီးသည်တင်လေကြောင်းခရီးစဉ်များပြန်လည်စတင်ရေးအတွက် အိန္ဒိယအစိုးရကို တိုက်တွန်းလျက်ရှိသည်။

သို့သော် နယ်စပ်ပြဿနာများကြောင့် နှစ်နိုင်ငံတင်းမာမှုများ ဆက်ရှိနေချိန်တွင် တရုတ်နိုင်ငံ၏ အဆိုပါတောင်းဆိုချက်ကို အိန္ဒိယအစိုးရကငြင်းပယ်ထားသည်။

သို့ရာတွင် တရုတ်နှင့် အိန္ဒိယတို့အနေဖြင့် နှစ်နိုင်ငံကြား တိုက်ရိုက်လေကြောင်း ခရီးစဉ်များ ပြန်လည်ပြေးဆွဲရေးအတွက် ဆွေးနွေးထားကြောင်း အိန္ဒိယပြည်တွင်းလေကြောင်းဝန်ကြီးက ထုတ်ဖော်ပြောကြားထားသည်။

၂၀၂၀ပြည့်နှစ်အတွင်း ပိုင်ဆိုင်ခွင့်အငြင်းပွားး ဟိမဝန္တာနယ်စပ်ဒေသ၌ တရုတ်နှင့် အိန္ဒိယနယ်ခြားစောင့်တပ်များကြား ရန်ပွဲဖြစ်ပွားခဲ့ပြီးနောက် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ကြားဆက်ဆံရေးတင်းမာခဲ့ရသည်။

အဆိုပါ နယ်စပ်ပြဿနာပေါ်ပေါက်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံနှင့် တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပျံသန်းမှုကိုစတင်ပိတ်ပင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ရှင်းရှန်နိုင်ငံတကာလုံခြုံရေးညီလာခံကို တရုတ်နိုင်ငံ ပေကျင်းမြို့၌ စတင်ကျင်းပ

**ပေကျင်း စက်တင်ဘာ ၁၂**

ရှင်းရှန်ဖိုရမ်အမည်ရှိ နှစ်စဉ်ကျင်းပမြဲ နိုင်ငံတကာလုံခြုံရေးညီလာခံကို တရုတ်နိုင်ငံက ယနေ့တွင် ပေကျင်းမြို့၌ စတင်ကျင်းပနေပြီဖြစ်ကြောင်း သိရသည်။

တောင်တရုတ်ပင်လယ်ဒေသနှင့် တရုတ်(တိုင်ပေ)ဝန်းကျင်တို့၌ ဒေသတွင်းတင်းမာမှုများမြင့်တက်နေချိန်တွင် တရုတ်နိုင်ငံက ရှင်းရှန်ဖိုရမ်နိုင်ငံတကာလုံခြုံရေးညီလာခံကို လက်ခံကျင်းပနေခြင်းဖြစ်သည်။

ယနေ့မှစ၍ စက်တင်ဘာ ၁၄ရက်ထိကျင်းပမည့် အဆိုပါ လုံခြုံရေးညီလာခံ၌ ကမ္ဘာ့နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်း၉၀ ကျော်တို့မှ ကိုယ်စားလှယ်များပါဝင်ဆွေးနွေးမည်ဖြစ်သည်။

ယခုနှစ် ရှင်းရှန်ဖိုရမ်နိုင်ငံတကာလုံခြုံရေးညီလာခံတွင် အရှေ့အလယ်ပိုင်းဒေသပြဿနာ၊အာရှ-ပစိဖိတ်ဒေသလုံခြုံရေး၊ တရုတ်-အမေရိကန် ဆက်ဆံရေးပြဿနာများကို အဓိကထားဆွေးနွေးကြမည်ဖြစ်သည်။

ရှင်းရှန်ဖိုရမ် နိုင်ငံတကာလုံခြုံရေးညီလာခံတရားဝင်ဖွင့်ပွဲကို စက်တင်ဘာ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး တရုတ်ကာကွယ်ရေးဝန်ကြီး တန်ကျန်းမိန့်ခွန်းပြောကြားရန် စီစဉ်ထားသည်။

တရုတ်နိုင်ငံသည် ဒေသတွင်း အိမ်နီးချင်းနိုင်ငံများနှင့် နယ်မြေပိုင်ဆိုင်မှုပြဿနာများရှိနေသော်လည်း နိုင်ငံတကာပဋိပက္ခများ၌ တာဝန်ယူမှုရှိသည့် နိုင်ငံအဖြစ် ပုံရိပ်မြှင့်တင်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုနှစ်ပတ်လည်အခမ်းအနား ဒေါ်နယ်ထရန့်နှင့် ကာမာလာဟားရစ်တို့တက်ရောက်

**နယူးယောက် စက်တင်ဘာ ၁၂**

လက်ရှိ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၊ ဒုတိယသမ္မတ ကာမာလာဟားရစ်နှင့် သမ္မတဟောင်း ဒေါ်နယ်ထရန့်တို့သည် နယူးယောက်မြို့၌ကျင်းပသည့် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု နှစ်ပတ်လည်အခမ်းအနားသို့ အတူတကွ တက်ရောက်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု နှစ်ပတ်လည်အခမ်းအနားကို အဆိုပါအကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနအမြွှာ အဆောက်အအုံနေရာ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၁၁ ရက်အကြမ်းဖက်တိုက်ခိုက်မှု နှစ်ပတ်လည်အခမ်းအနားတွင် ဒုတိယသမ္မတ ကာမာလာဟားရစ်နှင့် ရီပတ်ဘလီကန်ပါတီ ကိုယ်စားပြုသမ္မတလောင်း ဒေါ်နယ်ထရန့်တို့ လက်ဆွဲနှုတ်ဆက်ခဲ့ကြပြီး စကားအနည်းငယ်ပြောကြားခဲ့ကြသည်။

ယခုနှစ်နိုဝင်ဘာ ၅ ရက်တွင် ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒုတိယသမ္မတ ကာမာလာဟားရစ်သည်ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြု၍ ဒေါ်နယ်ထရန့်နှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကာမာလာဟားရစ်နှင့်ဒေါ်နယ်ထရန့်တို့သည် စက်တင်ဘာ ၁၀ ရက်တွင် သမ္မတရွေးကောက်ပွဲအကြိုစကားစစ်ထိုးပွဲကျင်းပခဲ့ပြီးနောက် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု နှစ်ပတ်လည်အခမ်းအနားသို့ အတူတက်ရောက်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၁၀ ရက်သမ္မတရွေးကောက်ပွဲအကြို စကားစစ်ထိုးပွဲသည် ဒေါ်နယ်ထရန့်နှင့် ကာမာလာဟားရစ်တို့၏ ပထမဆုံး စကားစစ်ထိုးပွဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဂါဇာကမ်းမြောင်မှ လူနာ ၁၀၀ ခန့်ကို ယူအေအီးသို့ WHO ကယ်ထုတ်



**ဂါဇာစီးတီး စက်တင်ဘာ ၁၂**

ကလေး အများအပြားအပါအဝင် လူနာပေါင်း ၁၀၀ နီးပါးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ဂါဇာကမ်းမြောင်ဒေသမှ အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နိုင်ငံသို့ ကယ်ထုတ်ပေးခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂါဇာကမ်းမြောင်ဒေသမှ အဆိုပါ ပါလက်စတိုင်းလူနာ ၁၀၀ကျော်ကို ယူအေအီးသို့ ခေါ်ထုတ်နိုင်ခဲ့မှုသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလနောက်ပိုင်း လူနာအများဆုံးခေါ်ထုတ်ပေးနိုင်မှုဖြစ်ကြောင်း WHO တာဝန်ရှိသူများက ပြောကြားခဲ့သည်။

WHO၏အဆိုအရ ပါလက်စတိုင်းလူနာ ၁၀၀ ခန့်ကို လေကြောင်းခရီးဖြင့်ကယ်ထုတ်မှုကို စက်တင်ဘာ ၁၁ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင် ပြင်ပသို့ ပါလက်စတိုင်းလူနာများ ပုံမှန်လွှဲပြောင်းပို့ဆောင်မှု ပြန်လည်စတင်ခွင့်ပြုရန် WHOက အစ္စရေးနိုင်ငံကို တိုက်တွန်းထားသည်။

လက်ရှိအချိန်တွင် ဂါဇာကမ်းမြောင်၌ ဆေးဝါးကုသမှုခံယူရေးအတွက် ဂါဇာကမ်းမြောင်ပြင်ပ၌ ခေါ်ထုတ်ပေးရမည့် လူနာပေါင်း ၁၀၀၀၀ကျော် ကျန်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

၁၄ လတာ ကာလအတွင်း ဝင်ရောက်လာပြီဖြစ်သည့် အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား စစ်ပွဲကြောင့် ပါလက်စတိုင်းပြည်သူထောင်ပေါင်းများစွာ သေဆုံးခဲ့ရပြီး ထောင်ပေါင်းများစွာလည်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဂျာမနီနိုင်ငံအရှေ့ပိုင်း၌ မြစ်ကူးတံတားတစ်စင်းပြိုကျ


**ဘာလင် စက်တင်ဘာ ၁၂**

ဂျာမနီနိုင်ငံအရှေ့ပိုင်း ဒရက်စဒန်မြို့၌ စက်တင်ဘာ ၁၁ ရက်က တံတားတစ်စင်းပြိုကျခဲ့ကြောင်း ဂျာမနီအာဏာပိုင်များက သတင်းထုတ်ပြန်ထားသည်။

ကာရာလာအမည်ရှိ အဆိုပါ မြစ်ကူးတံတား ကျိုးကျခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရသူ မရှိခဲ့သော်လည်း ကျန်တံတားအစိတ်အပိုင်းများ ဆက်လက်ပြိုကျနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

ကာရာလာ မြစ်ကူးတံတားသည် အယ်လ်ဘီးအမည်ရှိမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော မြစ်ကူးတံတားဖြစ်သည်။

ဂျာမနီတာဝန်ရှိသူများ၏ အဆိုအရ ကာရာလာမြစ်ကူးတံတား၏



မီတာ ၁၀၀ ခန့်ရှိ အစိတ်အပိုင်းမှာ အယ်လ်ဘီးမြစ်အတွင်း ကျရောက်ခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ကာရာလာတံတား၏ ကျန်အစိတ်အပိုင်းများသည်လည်း ပြိုကျနိုင်မှုကြောင့် ဂျာမနီတာဝန်ရှိသူများက တံတားအနီးဧရိယာကို လူဝင်လူထွက်ပိတ်ပင်ထားသည်။

လက်ရှိအချိန်တွင် ဂျာမနီတာဝန်ရှိသူများသည် ကာရာလာမြစ်ကူးတံတား ပြိုကျမှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## ဆိုယုဇ် အာကာသလူသယ်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်ခဲ့



**မော်စကို စက်တင်ဘာ ၁၂**

ရုရှားအမျိုးသား အာကာသအေဂျင်စီသည်အာကာသယာဉ်မှူး သုံးဦးလိုက်ပါသွားသည့် ဆိုယုဇ် အာကာသလူသယ်ယာဉ်ကို စက်တင်ဘာ ၁၁ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဆိုယုဇ် အမ်အက်စ်-၂၆ အာကာသလူသယ်ယာဉ် သယ်ဆောင်ထားသည့် ဆိုယုဇ်ဒုံးပျံကို ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး သုံးနာရီခန့် အကြာတွင် ဆိုယုဇ်အမ်အက်စ်-၂၆ အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဆိုယုဇ် အမ်အက်စ်-၂၆ အာကာသလူသယ်ယာဉ်နှင့်အတူ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အာကာသယာဉ်မှူးတစ်ဦးနှင့် ရုရှားအာကာသယာဉ်မှူး နှစ်ဦးလိုက်ပါသွားသည်။

ဆိုယုဇ်အမ်အက်စ်-၂၆ မစ်ရှင် အောင်မြင်မှုကြောင့် လက်ရှိအချိန်တွင် ကမ္ဘာပတ်လမ်းပေါ်သို့ အာကာသယာဉ်အမျိုးမျိုးဖြင့်ရောက်ရှိနေသည့် လူသားအရေအတွက်မှာ ၁၉ ဦးထိရှိနေခဲ့ပြီဖြစ်သည်။

ဆိုယုဇ် အာကာသယာဉ်မှူး သုံးဦး နိုင်ငံတကာအာကာသစခန်း ပေါ်ရောက်ရှိခဲ့ပြီးနောက် ကမ္ဘာပတ်လမ်းပေါ်တွင် လူသား ၁၉ ဦးထိ စံချိန်တင်ရောက်ရှိနေပြီဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## Polaris Dawn မစ်ရှင်မှ အာကာသယာဉ်မှူးများ ကမ္ဘာ့ပထမဆုံးပုဂ္ဂလိက အာကာသယာဉ်မှူးများ၏ အာကာသဟင်းလင်းပြင်အတွင်းထွက်ခွာမှု ပြုလုပ်မည်

**ဝါရှင်တန် စက်တင်ဘာ ၁၂**

Space-X အာကာသနည်းပညာကုမ္ပဏီက လွှတ်တင်ထားသည့် Polaris Dawn မစ်ရှင်မှ အာကာသ ယာဉ်မှူးများသည် ယနေ့တွင် ကမ္ဘာ့ပထမဆုံး ပုဂ္ဂလိက အာကာသယာဉ်မှူးများ၏ အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုကို ပြုလုပ်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

စက်တင်ဘာ ၁၂ ရက် အာကာသတွင်း ထွက်ခွာမှုကို Polaris Dawn အာကာသယာဉ်မှူး လေးဦးအနက် ဂျရတ်အိုင်ဆက်မင်းနှင့် ဆာလာဂျီးလစ်က ပြုလုပ်မည်ဖြစ်ကြောင်း Space-X ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

Space-X ကုမ္ပဏီသည် စက်တင်ဘာ ၁၀ ရက်တွင် Polaris Dawn မစ်ရှင်အရ အဆိုပါ အာကာသယာဉ်မှူး လေးဦးလိုက်ပါသွားသည့် Crew Dragon အာကာသလူသယ်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



Polaris Dawn မစ်ရှင် အာကာသယာဉ်မှူးများ၏ အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုသည် စတင်ချိန်မှပြီးဆုံးချိန်ထိ နှစ်နာရီခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

Polaris Dawn မစ်ရှင် အာကာသယာဉ်မှူးများ အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာရမှု၏ အဓိကရည်ရွယ်ချက်မှာ Space-X ကုမ္ပဏီ၏ အာကာသယာဉ်မှူး ဝတ်စုံများကို စမ်းသပ်ရေးအတွက်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Polaris Dawn မစ်ရှင် အာကာသယာဉ်မှူးများသည် Crew Dragon အာကာသလူသယ်ယာဉ်နှင့်အတူ ကမ္ဘာမြေပြင်အထက် မိုင် ၈၇၀ အကွာရှိ ပတ်လမ်းပေါ်သို့ ရောက်ရှိနေကြောင်း Space-X ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## အိုင်အိုဂြိုဟ်ရံလပေါ်၌ သက်ဝင်လှုပ်ရှားဆဲ မီးတောင်ရှင်အသစ်တစ်လုံးကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် စက်တင်ဘာ ၁၂**

ကြာသပတေးဂြိုဟ်၏ အိုင်အိုဂြိုဟ်ရံလပေါ်၌ သက်ဝင်လှုပ်ရှားဆဲ မီးတောင်ရှင်အသစ်တစ်လုံးကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

အိုင်အိုဂြိုဟ်ရံလ မီးတောင်သစ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) က လွှတ်တင်ထားသည့် ဂျူနို အာကာသယာဉ်၏အကူအညီဖြင့် အမေရိကန် သိပ္ပံပညာရှင်များက ရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျူနိုအာကာသယာဉ်၌ တပ်ဆင်ထားသည့် Junocam အမည်ရှိကင်မရာစနစ်သည် အိုင်အိုဂြိုဟ်ရံလ၏မီးတောင်သစ်ကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း အိုင်အိုဂြိုဟ်ရံလကို အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် အဆိုပါ မီးတောင်ရှင်ကို Junocam က မှတ်တမ်း ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျူနိုအာကာသယာဉ်သည် နေအဖွဲ့အစည်း၏ မီးတောင်လှုပ်ရှားမှုအပြင်းထန်ဆုံး ဂြိုဟ်ရံလဖြစ်သည့် အိုင်အိုဂြိုဟ်ရံလ မီးတောင်လှုပ်ရှားမှုများကို ကိုးကြိမ်ထိ ဖော်ထုတ်တွေ့ရှိထားပြီးဖြစ်ကြောင်း သိရသည်။

၂၀၁၁ ခုနှစ်တွင် လွှတ်တင်ခဲ့သည့် ဂျူနိုအာကာသယာဉ်သည် ၂၀၁၆ ခုနှစ်တွင် ကြာသပတေးဂြိုဟ်စနစ်အတွင်း စတင်ဝင်ရောက်ခဲ့ပြီး ၂၀၂၅ ခုနှစ်ထိ စူးစမ်းလေ့လာရေးလုပ်ငန်းများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## အတက်ရောဂါအတွက်သုံးသည့် ဆေးတစ်မျိုး Sleep Apnea ပြဿနာကို ကုသနိုင်ဖွယ်ရှိ

**စတော့ဟုမ်း စက်တင်ဘာ ၁၂**

အတက်ရောဂါ (ဝက်ရူးပြန်ရောဂါ)အတွက် အသုံးပြုသည့် ဆေးတစ်မျိုးသည် အိပ်စက်နေချိန် လေပြွန်လမ်းကြောင်း ပိတ်ဆို့မှုပြဿနာ (Sleep Apnea) ကို ကုသရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

ဆွီဒင်နိုင်ငံ ဂိုသင်ဘာ့ဂ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Sulthiame အမည်ရှိ အတက်ရောဂါဆေးတစ်မျိုးသည် အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုကြိမ်ရေကို လျှော့ချနိုင်သကဲ့သို့ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှု အဆင့်ကိုလည်း မြှင့်ပေးနိုင်ကြောင်း သိရသည်။

ဆွီဒင် သုတေသနပညာရှင်များသည် Sleep Apnea လူနာ ၃၀၀ ကျော်တို့ကို Sulthiame ဆေးဖြင့် လက်တွေ့စမ်းသပ်ကုသမှုများပြုလုပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Sulthiame ဆေးဖြင့် ကုသမှုခံယူထားသူလူနာများ၌ Sleep Apnea ပြဿနာ ပေါ်ထွက်မှုကြိမ်ရေ ကျဆင်းလာပြီး သွေးအတွင်းအောက်ဆီဂျင်ပါဝင်မှုအဆင့်လည်းမြင့်တက်လာသည်ကိုတွေ့ရကြောင်း သိရသည်။

Sulthiame ဆေးသည် လေပြွန်လမ်းကြောင်းအထက်ပိုင်းရှိကြွက်သားများကို စေ့ဆော်ပေးတတ်သော Carbonic Anhydrase အမည်ရှိ အင်ဇိုင်းတစ်မျိုးကို ထိန်းချုပ်ပေးထားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ Sulthiame ဆေးသည် Sleep Apnea ပြဿနာအတွက် အလားအလာရှိသည့် ကုထုံးသစ်ဖြစ်လာနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ပုံစံ-၂ ဆီးချိုရောဂါလူနာများ၌ ပန်းနာရင်ကျပ်ဖြစ်နိုင်ခြေ မြင့်တက်နိုင်

**တိုင်ပေ စက်တင်ဘာ ၁၂**

ပုံစံ-၂ ဆီးချိုရောဂါလူနာများ၌ ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်နှစ်ဆခန့် မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

တရုတ်(တိုင်ပေ)ရှိ တိုင်ပေဆေးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပုံစံ-၂ ဆီးချိုရောဂါလူနာများသည် အဆိုပါရောဂါမရှိသူများနှင့် နှိုင်းယှဉ်ပါက ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေ ၈၃ ရာခိုင်နှုန်းထိ ပိုမြင့်မားနေတတ်ကြောင်း သိရသည်။


ထိုနည်းတူ အပြန်အလှန်အားဖြင့် ပန်းနာရင်ကျပ်ရောဂါလူနာများတွင်လည်း အဆိုပါရောဂါမရှိသူများနှင့်နှိုင်းယှဉ်ပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၂၈ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း တရုတ်(တိုင်ပေ) သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ပန်းနာရင်ကျပ်ရောဂါနှင့် ပုံစံ-၂ ဆီးချိုရောဂါတို့ကြား မည်သို့မည်ပုံ ကြောင်းကျိုးဆက်နွှယ်နေသည်ကို ဆက်လက်လေ့လာရန်လိုအပ်ကြောင်း တရုတ်(တိုင်ပေ)သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ပန်းနာရင်ကျပ်ရောဂါနှင့်ပုံစံ-၂ ဆီးချိုရောဂါတို့ကြားတွင် တူညီသည့်ရောဂါနောက်ခံအကြောင်းတရားများ ရှိနေနိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အာဆင်နယ်အသင်းက နည်းပြအာတီတာကို သုံးနှစ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိ

**လန်ဒန် စက်တင်ဘာ ၁၂**

အာဆင်နယ် အသင်းသည် လာမည့် ၂၀၂၅ ခုနှစ်တွင် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် နည်းပြအာတီတာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကာလရှည်ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသင်းအနေဖြင့် နည်းပြအာတီတာကို သုံးနှစ်စာချုပ် ထပ်မံချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့သဖြင့် အာတီတာသည် အာဆင်နယ်အသင်းတွင် လာမည့် ၂၀၂၇ ခုနှစ်ထိ ဆက်ရှိမည်ဖြစ်ပြီး အပြီးသတ်စာချုပ် ချုပ်ဆိုပြီးပါက တရားဝင် ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

အသက် ၄၂ နှစ်ရှိ နည်းပြအာတီတာသည် ၂၀၁၉ ခုနှစ်က နည်းပြအမ်မရီ၏ နေရာတွင် အစားထိုးတာဝန်ယူခဲ့ရပြီး ၎င်းတာဝန်ယူခဲ့သည့် ငါးနှစ်တာကာလအတွင်း အသင်းအနေဖြင့် ကစားပုံ တိုးတက်လာခဲ့သည့်အပြင် ပရီးမီးယားလိဂ်ချန်ပီယံဆုရရှိရန် ခြိမ်းခြောက်နိုင်ခဲ့သည့်အတွက် အသင်းတာဝန်ရှိသူများက အာတီတာကို လက်မလွှတ်လိုသောကြောင့် စာချုပ်သက်တမ်းတိုးခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် နည်းပြအာတီတာ လက်ထက်တွင် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီက အက်ဖ်အေဖလား တစ်ကြိမ်ရယူနိုင်ခဲ့ပြီးနောက် အသင်းမှ နာမည်ကြီးကစားသမားများ ဖြစ်သည့် အူဘာမီယန်းနှင့် အိုဇေးတို့ကို လက်လွှတ်ခဲ့ကာ လူငယ်များဖြင့် အသင်းကို ပြန်လည်တည်ဆောက်၍ အသင်းမှ လူငယ်ကစားသမားများဖြစ်သည့် မာတင်နယ်လီနှင့် ဆာကာတို့ကို ထိပ်တန်းအဆင့် ကစားသမား ဖြစ်လာအောင် စွမ်းဆောင် ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင်လည်း အာဆင်နယ်အသင်းသည် အမှတ်ပေးပြိုင်ပွဲ သုံးပွဲကစားခဲ့ရာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ဖြင့် ရလဒ်ကောင်း ရယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Daily mail

Trs : ML



## အားကစားသတင်းအတိုအထွာများ

- လီဗာပူးအသင်း ခံစစ်ကစားသမားဟောင်း လိုဗရန် ဂရိကလပ် ပေါက်အသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီမှုရရှိခဲ့ပြီး နောက်ဆုံးအဆင့် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။
- မန်ယူအသင်းက ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် စတာလင်ပေါင် ၁၁၃ ဒသမ ၂သန်းထိ ဘဏ္ဍာရေးအရှုံးပေါ်ခဲ့သောကြောင့် ပရီးမီးယားလိဂ်နှင့် ယူအီးအက်ဖ်အေတို့က ချမှတ်ထားသည့် ဝင်ငွေ ထွက်ငွေစည်းမျဉ်းများနှင့် ကိုက်ညီနိုင်ရန် အခက်တွေ့နေကြောင်း သိရသည်။
- ပီအက်စ်ဂျီအသင်းအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းသို့ အလွတ်ပြောင်းရွှေ့သွားသည့် တိုက်စစ်မှူး အမ်ဘက်ပီကို ပေးချေရန်ကျန်ရှိသည့် လုပ်ခလစာ ယူရို ၅၅ သန်းကို ပေးချေသွားရန် ပြင်သစ်လီဂူးအဖွဲ့ချုပ်ဥပဒေရေးရာကော်မရှင်က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ ML

# MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့တွင် ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၁၁ နာရီတွင် Generations FC အသင်းနှင့် Pacific Sunfar အသင်းတို့ ကစားခဲ့ရာတစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် Divine FC အသင်းနှင့် YRG FC အသင်းတို့ ကစားခဲ့ရာ Divine FC အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီတွင် Pacific Sunfar အသင်းနှင့် Divine FC အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် Phoenix FC အသင်းနှင့် Generations FC အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်သည်။

MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲ ယနေ့ပွဲစဉ်များ အပြီးတွင် Divine FC အသင်းက နှစ်ပွဲကစားပြီးနှစ်ပွဲစလုံး အနိုင်ရရှိခဲ့ကာ အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေကြောင်း သိရသည်။ STA

# ကွင်းလယ်ကစားသမား ရေနာ ရက်သတ္တပတ်များစွာ အနားယူရမည်ဟု ဒေါ့မွန်အသင်းနည်းပြ ဆာဟင်ပြောကြား

**ဘာလင် စက်တင်ဘာ ၁၂**

ကွင်းလယ် ကစားသမား ရေနာသည် နိုင်ငံတကာပြိုင်ပွဲကာလအတွင်း အမေရိကန်အသင်း ကစားသမား စာရင်းတွင် ရွေးချယ်ခံခဲ့ရပြီး အသင်းနှင့် လေ့ကျင့်ရေး အစီအစဉ်တွင် ဒဏ်ရာထပ်မံရရှိခဲ့သဖြင့် ရက်သတ္တပတ်များစွာ ထပ်မံအနားယူရမည်ဟု ဒေါ့မွန်အသင်း နည်းပြ ဆာဟင်က ပြောကြားခဲ့သည်။

ရေနာသည် နိုင်ငံတကာပြိုင်ပွဲကာလတွင် အမေရိကန်အသင်းအတွက် ပါဝင်ကစားပေးနိုင်ခြင်း မရှိဘဲ ယခုအခါ ဒေါ့မွန်အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင်လည်း ဒဏ်ရာပျောက်ကင်းရန် ရက်သတ္တပတ်များစွာ ထပ်မံအနားယူရမည်ဖြစ်ပြီး လာမည့် နိုဝင်ဘာလမှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း နည်းပြဆာဟင်က ဟော်ဖန်ဟိမ်းအသင်းနှင့် ပွဲစဉ်မတိုင်မီ သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

နည်းပြဆာဟင်က "ရေနာအနေနဲ့ ကြွခိုင်မှုလိုအပ်ချက်ရှိနေပေမဲ့ အမေရိကန်အသင်းမှာ ရွေးချယ်ခံရတာကြောင့် စေလွှတ်ပေးခဲ့ပါတယ်။ သူ့အနေနဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ ဒဏ်ရာရခဲ့လို့ ပြိုင်ပွဲတွေ ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပါဘူး။ လက်ရှိမှာလဲ လာမဲ့ဟော်ဖန်ဟိမ်းနဲ့ပွဲအပါအဝင် ပြိုင်ပွဲတွေကို လွဲချော်အုံးမှာပါ။ အသင်းက စေလွှတ်ထားတဲ့ ကျန်ကစားသမား အားလုံးကတော့ ဒဏ်ရာရကစားသမား မရှိပါဘူး"ဟု ပြောကြားခဲ့သည်။

တောင်ပံကစားသမား ရေနာသည် ဒေါ့မွန်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၂၀ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၁၇ ဂိုးထိ သွင်းယူခြေစွမ်းပြနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ၎င်းအနေဖြင့် ပွဲထွက်ခွင့်မရခဲ့သဖြင့် ပရီးမီးယားလိဂ်ကလပ် နော့တင်ဟမ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ကာ ဘောလုံးရာသီကုန်ဆုံးချိန်တွင် အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ပြီး အသင်းတွင် ဘရန့်ဒ်၊ အဒီရီမီ၊ မာလန်းတို့နောက်တွင်သာ ပွဲကစားခွင့်ရရှိနေကြောင်း သိရသည်။

Ref : Espn

Trs : ML

# လီဗာပူးအသင်းက လိုင်လီကွင်းလယ်ကစားသမား ဂိုးမက်စ်ကိုခေါ်ယူရန် ကြိုးပမ်း

**လန်ဒန် စက်တင်ဘာ ၁၂**

လီဗာပူးအသင်းသည် လိုင်လီအသင်းတွင် ခြေစွမ်းပြကစားနေသည့် ကွင်းလယ်ကစားသမား ဂိုးမက်စ်ကို စာချုပ်သက်တမ်း နောက်ဆုံးနှစ်သို့ ရောက်ရှိလာသဖြင့် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

အသက် ၂၄ နှစ်ရှိ ဂိုးမက်စ်သည် မန်ယူအသင်း လူငယ်ကစားသမားတစ်ဦး ဖြစ်သော်လည်း အသင်းတွင် ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရသောကြောင့် လိုင်လီအသင်းသို့ပြောင်းရွှေ့ခဲ့ရာ ပြိုင်ပွဲစုံ ၁၁၈ ပွဲတွင် သွင်းဂိုးရှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် နွေရာသီ အပြောင်းအရွှေ့ကာလက နယူးကာဆယ်၊ စပါးအသင်းတို့ကခေါ်ယူရန် အပြိုင်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကစားသမားသည် လိုင်လီအသင်းနှင့် စာချုပ်သက်တမ်း နောက်ဆုံးနှစ်သို့ ရောက်ရှိနေပြီး အသင်းက စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးခဲ့သော်လည်း အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် လီဗာပူးအသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ဘက် နယူးကာဆယ်၊ စပါးအသင်းတို့နှင့် အပြိုင်ခေါ်ယူရမည် ဖြစ်ကြောင်း သိရသည်။



လူငယ်ကစားသမား ဂိုးမက်စ်သည် ပြီးခဲ့သည့် နိုင်ငံတကာ ပြိုင်ပွဲကာလအတွင်း နည်းပြကာစလေ လက်အောက်တွင် အင်္ဂလန်အသင်းအတွက် ပထမဆုံး ပါဝင်ခွင့်ရခဲ့ကာ အိုင်ယာလန်အသင်းနှင့်ပွဲစဉ်တွင် လူစားဝင်ကစားခဲ့ရသော်လည်း ဖင်လန်အသင်းနှင့်ပွဲစဉ်တွင် ပွဲချိန်ပြည့် ပါဝင်ခဲ့ရပြီး အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိအောင် ပါဝင်ကူညီနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဂိုးမက်စ်သည် ပြင်သစ်လီဂူး အမှတ်ပေးပွဲစဉ်အတွက် လိုင်လီအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ပြီး လာမည့် သောကြာနေ့တွင်ကစားမည့်စိန့်အီတီန်းအသင်းနှင့် ပွဲစဉ်အတွက် လေ့ကျင့်မှုများပြုလုပ်နေကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆) ပွဲစဉ်များကို စက်တင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဆက်လက်ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၆) ပွဲစဉ်များကို စက်တင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၆) ပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၃ ရက် ညနေ ၃ နာရီတွင် စလင်းအားကစားကွင်း၌ ISPE အသင်းနှင့် သစ္စာအားမာန် အသင်း၊ ညနေ ၃ နာရီတွင် ပဒုမ္မာ အားကစားကွင်း၌ YREO အသင်းနှင့် ဧရာဝတီအသင်း၊ စက်တင်ဘာ ၁၄ ရက် ညနေ ၃ နာရီတွင် စလင်း အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီ အသင်းတို့ အသီးသီး ကစားသွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၅)တွင် သစ္စာအားမာန် အသင်းနှင့် YREO အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပွဲစဉ်ရွှေ့ဆိုင်းခဲ့ရသော်လည်း စက်တင်ဘာ ၇ ရက်တွင် ပြန်လည်ကျင်းပနိုင်ခဲ့ကာ သစ္စာအားမာန်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၅)အပြီးတွင် ISPE အသင်းက ၁၀ ပွဲနိုင် နှစ်ပွဲသရေ ရမှတ် ၃၂ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိနေကြောင်း သိရသည်။

**STA**

# Chengdu Open တင်းနစ်ပြိုင်ပွဲမှ ပိုလန်ကစားသမား ဟာကက်ဇ် နုတ်ထွက်

**ချန်ဒူး စက်တင်ဘာ ၁၂**

တရုတ်နိုင်ငံ ချန်ဒူးမြို့တွင် ကျင်းပသွားမည့် Chengdu Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားရန် ပြင်ဆင်နေသည့် ပိုလန်တင်းနစ်ကစားသမား ဟာကက်ဇ်သည် ဒဏ်ရာပြဿနာကြောင့် ပွဲကစားနိုင်တော့မည် မဟုတ်သဖြင့် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဟာကက်ဇ်ရရှိထားသော ဒူးဒဏ်ရာသည် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်ရရှိထားသောဒဏ်ရာမျိုးဖြစ်ပြီး မဖြစ်မနေ ခွဲစိတ်ကုသမှုခံယူရမည့် အခြေအနေဖြစ်သည်။

ဒဏ်ရာပြဿနာအပြင် ယခုနှစ်အတွင်း ပုံစံကောင်းပျောက်ဆုံးနေသည့် ဟာကက်ဇ်အနေဖြင့် ကမ္ဘာ့အဆင့် သတ်မှတ်ချက်မှာ ကမ္ဘာ့အဆင့်(၁၀)အပြင်သို့ကျဆင်းသွားဖွယ်ရှိနေပြီး ယခုနှစ်အတွင်း ATP ဆုဖလားတစ်လုံးသာ ဆွတ်ခူးထားနိုင်ခဲ့ကာ ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်၊ ရိုးမားအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်၊ ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် စတုတ္ထအဆင့်ထိသာ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဂရန်းစလန်းဆုဖလား ရယူထားနိုင်ခြင်း မရှိသေးသည့် ဟာကက်ဇ်အနေဖြင့် ဒူးဒဏ်ရာအား ခွဲစိတ်ကုသမှုခံယူရန် ဆုံးဖြတ်ခဲ့ပါက ယခုနှစ်အတွင်း ကာလရှည် အနားယူရဖွယ်ရှိနေပြီးဂရန်းစလန်းဆုဖလား ဆွတ်ခူးနိုင်မည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ဖွယ်မရှိတော့ကြောင်း သိရသည်။

ဟာကက်ဇ်က “ဒူးဒဏ်ရာကြောင့် ကျွန်တော့်အနေနဲ့ Chengdu Open တင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်တော့မှာ မဟုတ်ပါဘူး။ ပြိုင်ပွဲဝင်ဖို့အတွက် ပြင်ဆင်ထားပေမဲ့လဲ ဒူးဒဏ်ရာ အခြေအနေက ပိုပြီးတော့ နာကျင်လာတဲ့အတွက် ဆေးကုသမှုခံယူသွားရမယ်”ဟု ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော် အသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲ စက်တင်ဘာ ၁၅ ရက် မှ ၂၄ ရက်ထိ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော် အသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၁၅ ရက်မှ ၂၄ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

ရန်ကုန်တိုင်း ဒေသကြီး အားကစားပွဲတော် အသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ရှိသုဝဏ္ဏအားကစားကွင်း၊ပဒုမ္မာ အားကစားကွင်းနှင့် တောင်ဒဂုံ အားကစားကွင်းတို့တွင်ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၄ ခုမှ ပြိုင်ပွဲဝင်အသင်း ၁၄သင်းဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ပထမဆုအတွက် တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၅၀၊ ဒုတိယဆုအတွက် တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၂၅ သိန်းနှင့် တတိယဆုအတွက် တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၀ သိန်း အသီးသီး ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

အလားတူ တစ်ဦးချင်းဆုများအဖြစ် နေရာလိုက်အကောင်းဆုံး ကစားသမားဆုများအတွက် ငွေကျပ် နှစ်သိန်းစီနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုအတွက် ငွေကျပ် သုံးသိန်းစီ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# ပရီးမီးယားလိဂ် ပွဲစဉ်(၄) ပွဲကြိုသုံးသပ်ချက်

ML

**အေဗီလာ** Vs **အဲဗာတန်**

ကစားမည့်ရက်/အချိန် ၁၄-၉-၂၀၂၄ (ည ၁၁း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အဲဗာတန် ၀ - ၀ အေဗီလာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အေဗီလာ | - | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(နိုင်) |
| အဲဗာတန် | - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(ရှုံး) |

အေဗီလာအသင်းဟာ ဒဏ်ရာရကစားသမားများနေပေမဲ့ ကစားသမားအင်အား တောင့်တင်းတာကြောင့် ပြီးခဲ့တဲ့သုံးပွဲမှာ အာဆင်နယ်အသင်းကိုသာ ရှုံးခဲ့တာဖြစ်ပါတယ်။ အဲဗာတန်ကတော့ ကစားသမားဖြည့်တင်းမှုမလုပ်နိုင်ဘဲ အဓိကကစားသမားတွေကို ရောင်းချခဲ့တာကြောင့် ခံစစ်ကစားပုံကျဆင်းသွားပြီး သုံးပွဲမှာ ခုနစ်ဂိုးထိ ခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ခံစစ်ပိုင်းကျဆင်းနေတဲ့ အဲဗာတန်အသင်း အေဗီလာတိုက်စစ်ကို ထိန်းချုပ်ဖို့မဖြစ်နိုင်လို့ အေဗီလာပဲ အနိုင်ရသွားမှာပါ။

ခန့်မှန်းရလဒ် - အေဗီလာ ၂ - ၁ အဲဗာတန်

# WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်ကို ဖျက်သိမ်းကြောင်း လက်ရှိချန်ပီယံ စတီဗင်ဆင်ထုတ်ပြန်



**နယူးယောက် စက်တင်ဘာ ၁၂**

လိုက်ဝိတ်တန်း၏ ကမ္ဘာ့အကောင်းဆုံးကစားသမား နှစ်ဦးမှ တစ်ဦးအဖြစ် သတ်မှတ်ခံထားရသည့် WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား စတီဗင်ဆင်သည် လက်ရှိ ချန်ပီယံ ကာကွယ်ပွဲစဉ်အား ဖျက်သိမ်းရန် ဆုံးဖြတ်လိုက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

စတီဗင်ဆင်သည် လက်ရှိ ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၂ ရက်တွင် ဝေးလ်လက်ဝှေ့သမား ဂျိုးကော်ဒီနာနှင့် ထိုးသတ်သွားရန် အတည်ပြုထုတ်ပြန်ထားပြီး ဖြစ်သော်လည်း လေ့ကျင့်ရေး အစီအစဉ်တွင် ဒဏ်ရာ ရရှိထားသည့်အတွက်ကြောင့် လက်ရှိ ချန်ပီယံကာကွယ်ပွဲစဉ်အားဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

စတီဗင်ဆင်သည် လေ့ကျင့်ရေးအစီအစဉ်တွင် ဘယ်ဘက်လက် ဒဏ်ရာရရှိထားခြင်းဖြစ်ပြီး ဆေးရုံတွင် ဆေးကုသမှုခံယူနေကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

စတီဗင်ဆင်အနေဖြင့် ဒဏ်ရာပြန်လည် သက်သာလျှင်လည်း ဂျိုးကော်ဒီနာနှင့် ထိုးသတ်သွားရန် အစီအစဉ်မရှိတော့ကြောင်း၊ ၎င်းပွဲစဉ်အား အပြီးတိုင်ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

ဆေးကုသမှုခံယူနေသည့် စတီဗင်ဆင်သည် ဒဏ်ရာမှ သက်သာလာပါက လာမည့် ဖေဖော်ဝါရီလတွင် မက္ကဆီကိုလက်ဝှေ့သမား ဇီပက်ဒါနှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

စတီဗင်ဆင်သည် ဂျိုးကော်ဒီနာနှင့် သဘောတူညီချက်မရခင်ကတည်းက ဇီပက်ဒါနှင့်သာ ထိုးသတ်သွားရန် ပြင်ဆင်ခဲ့ဖူးပြီး ဂျိုးကော်ဒီနာသည် IBF စူပါဖယ်သာဝိတ်တန်း ချန်ပီယံဟောင်းတစ်ဦးဖြစ်သည့်အတွက် စည်းမျဉ်းစည်းကမ်း အရ ဂျိုးကော်ဒီနာ၏ စိန်ခေါ်မှုအား မဖြစ်မနေလက်ခံရမည့်အခြေအနေကြောင့် ပွဲစီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# အီတလီစီးရီးအေ ပွဲစဉ်(၄) ပွဲကြိုသုံးသပ်ချက်

ML

**အမ်ပိုလီ** Vs **ဂျူဗင်တပ်**

ကစားမည့်ရက်/အချိန် ၁၄-၉-၂၀၂၄ (ည ၁၀း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဂျူဗင်တပ် ၁ - ၁ အမ်ပိုလီ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | - | အိမ်(သရေ) | ဝေး(နိုင်) | ဝေး(သရေ) |
| ဂျူဗင်တပ် | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |

အမ်ပိုလီအသင်းဟာ အခုရာသီမှာ ရှုံးပွဲမရှိသေးဘဲ ရလဒ်ကောင်းနေတယ်ဆိုပေမဲ့ ခံစစ်ကစားပုံတည်ငြိမ်မှုမရှိသေးတာကို တွေ့ရမှာပါ။ ဂျူဗင်တပ်ကတော့ ပြီးခဲ့တဲ့ပွဲမှာ ရိုးမားကိုရမှတ်ခွဲပေးလိုက်ရလို့ ချန်ပီယံဆုကိုစိန်ခေါ်ဖို့အတွက် အမ်ပိုလီလိုအသင်းငယ်နဲ့တွေ့ချိန်မှာ နိုင်ပွဲရဖို့ ကြိုးစားလာမှာပါ။ ဒါကြောင့် ဂျူဗင်တပ်ပဲရလဒ်ကောင်းမှာပါ။

ခန့်မှန်းရလဒ် - အမ်ပိုလီ ၀ - ၂ ဂျူဗင်တပ်

# ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား

## မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ရက်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၃ ခုနှစ်မှစတင်ကာ နှစ်စဉ် စက်တင်ဘာ ၁၃ ရက်ကို လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ်သတ်မှတ်ခဲ့သည်။ ယခုနှစ်သည် (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် သတ်မှတ်ကျင်းပနေခြင်းဖြစ်သည်။

လူကုန်ကူးခြင်းသည် ခေတ်သစ်ကျေးကျွန်ပြုခြင်းပင်ဖြစ်သည်။ လူကုန်ကူးခံရသူသည် လုပ်အားခေါင်းပုံဖြတ်ခံရခြင်းနှင့် လိင်အကြမ်းဖက်ခံရခြင်းများကို ခါးစည်းခံရလေ့ရှိသည်။ အမျိုးသမီးများနှင့် ကလေးငယ်များသည် အများဆုံး လူကုန်ကူးခံရလေ့ရှိသည်။ အမျိုးသမီးများသည် လိင်ကျေးကျွန်အဖြစ် ရောင်းချခံကြရပြီး ကလေးငယ်များသည် လိင်အကြမ်းဖက်မှုနှင့် လုပ်အားခေါင်းပုံဖြတ်မှုခံကြရသည်။ လူကုန်ကူးခံရသူများသည် ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ဖြတ်တောက်ထုတ်ယူခံရသည့် အသက်အန္တရာယ်နှင့်လည်း ကြုံတွေ့ရတတ်ပါသည်။

**လူကုန်ကူးမှုဆိုသည်မှာ**

လူကုန်ကူးမှုဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းအလို့ငှာ လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကို ဆိုလိုပါသည်။ ထိုသို့ လူကုန်ကူးရန်ပြုလုပ်မှုတစ်ရပ်ရပ်ပြုလုပ်ရာတွင် ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန်ခက်ခဲနေသောအခြေအနေကို အလွဲသုံးစားပြုခြင်း၊ တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းတို့ပါဝင်သည်။ ထို့ပြင် လူပုဂ္ဂိုလ်တစ်ဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ပြည့်တန်ဆာပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကြွေးမြီနှင့်နှောင်ဖွဲ့ခိုင်းစေခြင်း၊ သူတစ်ပါးခန္ဓာကိုယ်၏ အစိတ်အပိုင်းအားထုတ်ယူခြင်း၊ ရောင်းချခြင်းတို့ကိုပြုရာမှ ငွေကြေး၊ အကျိုးအမြတ်လက်ခံရယူခြင်း သို့မဟုတ် လက်ခံရန် သဘောတူခြင်းများသည်လည်း လူကုန်ကူးမှုကျူးလွန်သည့်လုပ်ရပ်များပင်ဖြစ်သည်။

**လူကုန်ကူးခံရသည့်အကြောင်းတရားများ**

လူကုန်ကူးခံရသူများသည် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု၊ အလွန်အကျွံဆင်းရဲမှု၊ အသိပညာဗဟုသုတနည်းပါးမှု၊ အိမ်တွင်းအကြမ်းဖက်ခံရမှုနှင့် သူငယ်ချင်းများ၊ ဆွေမျိုးများ စသည်တို့က နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်ပါက ဝင်ငွေကောင်းကောင်းရမည်ဖြစ်ကြောင်း ပြောဆိုမှုများကို ယုံကြည်ကာ သွားရောက်ကြသဖြင့် လူကုန်ကူးသည့်မှုဆိုးများ၏ပစ်ကွင်းသို့ သက်ဆင်းသွားကြရသည်။ အချို့သောသူများသည် အားနာတတ်မှု၊ ရိုးသားမှု၊မသိနားမလည်မှု၊ နိုင်ငံခြားကို အထင်ကြီးမှုတို့ကြောင့် သားကောင်ဘဝသက်ဆင်းကာ တစ်ဖက်နိုင်ငံတွင် အခိုင်းအစေအဖြစ် ရောင်းချခြင်းခံကြရသည်။ သဘောမတူသူနှင့်ပေးစားကာ လက်ထပ်ထိမ်းမြားပေးခြင်း၊ အဓမ္မအလုပ်စေခိုင်းခံရခြင်း၊ ပြည့်တန်ဆာအလုပ်စေခိုင်းခံရခြင်းတို့ကို ခံကြရသည်။ ထို့ပြင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်လိုသူများအပေါ် အကျိုးအမြတ်ရယူလိုသူများ၊ ခေါင်းပုံဖြတ်လိုသူများကြောင့် လူမှောင်ခိုမှု၊ လူကုန်ကူးမှုများဖြစ်ပေါ်လာရသည်။ တရားမဝင် ရွှေ့ပြောင်းသွားလာမှု၏ ဘဝနိဂုံးသည် လူကုန်ကူးခံရခြင်းပင်ဖြစ်သည်။

လူကုန်ကူးသူများသည် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် လူသားများကို မက်လုံးပေး စည်းရုံးသိမ်းသွင်း ရောင်းချလေ့ရှိကြသည်။ လူကုန်ကူးမှုများသည် တစ်စတစ်စ ကြီးထွားလာသော နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများပင်ဖြစ်သည်။

**❖လူကုန်ကူးသူများသည် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် လူသားများကို မက်လုံးပေး စည်းရုံးသိမ်းသွင်း ရောင်းချလေ့ရှိကြသည်။ လူကုန်ကူးမှုများသည် တစ်စတစ်စကြီးထွားလာသော နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများပင်ဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများကလည်း လူကုန်ကူးသူများကို လူ့အခွင့်အရေးချိုးဖောက်သူများအဖြစ် ပြစ်တင်ရှုတ်ချထားလျက်ရှိသည်။ သို့သော် လူ့အသိုက်အဝန်းကို ခြိမ်းခြောက်နေဆဲပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတည်းအတွင်း၌ပင်လျှင် လူကုန်ကူးမှုများတွေ့ရသည်။ ဆင်းရဲတွင်းနက်နေသူများ၊ ကလေးငယ်များ၊ အမျိုးသမီးငယ်များသည် လူကုန်ကူးသူများ၏ ပစ်မှတ်ဖြစ်လေ့ရှိကြသည်။ ❖**

နိုင်ငံတကာအဖွဲ့အစည်းများကလည်း လူကုန်ကူးသူများကို လူ့အခွင့်အရေး ချိုးဖောက်သူများအဖြစ် ပြစ်တင်ရှုတ်ချထားလျက်ရှိသည်။ သို့သော် လူ့အသိုက်အဝန်းကို ခြိမ်းခြောက်နေဆဲပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတည်းအတွင်း၌ပင်လျှင် လူကုန်ကူးမှုများတွေ့ရသည်။ ဆင်းရဲတွင်းနက်နေသူများ၊ ကလေးငယ်များ၊ အမျိုးသမီးငယ်များသည် လူကုန်ကူးသူများ၏ပစ်မှတ်ဖြစ်လေ့ရှိကြသည်။ လူကုန်ကူးသူများသည် အမျိုးသမီးငယ်များကို လိင်ကျွန်ပြုရန်လည်းကောင်း၊ အရွယ်ရောက်သူအမျိုးသားများကို လုပ်အားခေါင်းပုံဖြတ်ရန်လည်းကောင်း၊ ကလေးငယ်များကို ကိုယ်လက်အင်္ဂါ ဖြတ်တောက်ရောင်းချရန်လည်းကောင်း မက်လုံးပေး ဆွဲဆောင်စည်းရုံးရောင်းချလေ့ရှိကြသည်။

**လူကုန်ကူးခံရသူများ**

လူကုန်ကူးခံရသူတစ်ဦးကို လိင်ဖျော်ဖြေရေးအတွက် ခေါင်းပုံဖြတ်စေခိုင်းခြင်းကို လိင်ကုန်ကူးခြင်းဟုခေါ်ဆိုသည်။ ကလေးငယ်များကို လိင်ကျွန်ပြုခြင်းအပါအဝင် ပြည့်တန်ဆာလုပ်ခိုင်းခြင်းဖြင့် လိင်ကုန်ကူးသူများက အမြတ်ထုတ်လေ့ရှိကြသည်။ လိင်ကုန်ကူးမှုသည် ကမ္ဘာတစ်ဝန်းတွင် လျင်မြန်စွာကြီးထွားလာသော ရာဇဝတ်မှုလုပ်ငန်းတစ်မျိုးဖြစ်နေသည်။ နိုင်ငံတကာက အလုပ်သမားအဖွဲ့၏အဆိုအရ လူ ၄၉ ဒသမ ၆ သန်းသည် အဓမ္မအလုပ်စေခိုင်းခြင်းခံနေရပြီး ၎င်းတို့အနက် ၁၂ သန်းသည် ကလေးသူငယ်များဖြစ်သည်။ ထို့ပြင် ခေတ်သစ်ကျွန်ပြုခံနေရသည့် သန်း ၂၀ ကျော်သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များဖြစ်သည်။ ၎င်းတို့အနက် လူ ၄ ဒသမ ၅ သန်းသည် လိင်ကျွန်ပြုခံနေရသည်။ ယနေ့အချိန်ထိ ကမ္ဘာတစ်ဝန်း၌ ကလေးအလုပ်သမားသန်း ၁၆၀ ကျော်ရှိသည်။ ၎င်းတို့အနက် ၆၃ သန်းသည် မိန်းကလေးများဖြစ်ပြီး ၉၇သန်းခန့်သည် ယောကျ်ားကလေးများဖြစ်သည်။

လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံး၌လူကုန်ကူးခံရသူ ၄၀ ဒသမ ၃ သန်းခန့်သည် လုပ်အားခမရဘဲ ကျွန်ပြုခံနေကြရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူကုန်ကူးခံရသူများသည် ခြိမ်းခြောက်ခံရခြင်း၊ အကြမ်းဖက်ခံရခြင်းတို့ကြောင့် အနည်းငယ်သော လုပ်အားခ သို့မဟုတ် လုပ်အားခလုံးဝမရဘဲ အလုပ်လုပ်နေကြရသည်။ နေရာတိုင်းတွင် တရားမဝင်ကျွန်ပြုနေခြင်းဖြစ်သည်။ ဆိုရလျှင် လူကုန်ကူးခံရသူများသည် ခေတ်သစ်ကျေးကျွန်များပင်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲမွဲတေမှုမြင့်မားခြင်း၊ ကျောင်းနေရန် အခွင့်အလမ်းမရှိခြင်းတို့ကြောင့် ကလေးအလုပ်သမားများမြင့်မားနေဆဲ၊ ရှိနေဆဲပင်ဖြစ်သည်။ လူကုန်ကူးသူများသည် ကလေးများကို မက်လုံးပေးဆွဲဆောင်ကာ လုပ်ငန်းခွင်များသို့ ပြန်လည်ရောင်းချလေ့ရှိကြသည်။

**လက်မှတ်ရေးထိုးထား**

မြန်မာနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့ မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်ဖြစ်သည့် အမျိုးသမီးနှင့်ကလေးသူငယ်များအပေါ်အထူးပြုသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ်၊ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများကို မှောင်ခိုပို့ဆောင်မှုဆိုင်ရာစာချုပ်တို့ကို ၂၀၀၄ ခုနှစ် မတ် ၃၀ ရက်တွင်လည်းကောင်း၊ လူကုန်ကူးခြင်း၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာအာဆီယံကွန်ဗင်းရှင်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင်လည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။

ထို့ပြင် မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သော မဲခေါင်မြစ်ဝှမ်း ဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၀၄ ခုနှစ် မတ် ၃၀ ရက်တွင်လည်းကောင်း၊ တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယနိုင်ငံတို့နှင့် နှစ်နိုင်ငံကြား လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုယန္တရားများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

**ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား**

လူကုန်ကူးမှုသည် လူသားအချင်းချင်း စာနာမှုကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်သော လူ့အခွင့်အရေးချိုးဖောက်မှုတစ်ရပ်ဖြစ်သည်။ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာကိုခြိမ်းခြောက်ရုံသာမက လူ့အဖွဲ့အစည်းကိုလည်း ထိခိုက်စေနိုင်သည်။ လူကုန်ကူးသူများသည် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချလျက်ရှိပါသည်။ လက်ရှိကာလတွင် ကမ္ဘာ့နိုင်ငံများကလူကုန်ကူးမှုများကို နိုင်ငံဖြတ်ကျော်မှုခင်းအမျိုးအစားတစ်ရပ်အဖြစ် လက်ခံထားကြပြီး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းအားထုတ် တားဆီးကာကွယ်နေကြသော်လည်း ဖြစ်ပွားမှုမြင့်မားနေဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံသားများသည် အဓမ္မလုပ်အားခိုင်းစေမှု၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု၊ အဓမ္မလက်ထပ်ထိမ်းမြားမှု စသည့် လူကုန်ကူးမှုပုံစံများဖြင့် ပြည်တွင်းအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများသို့ နှစ်စဉ်လူကုန်ကူးခြင်းခံနေရသည်။ ပြည်တွင်းအလုပ်အကိုင်ရှားပါးမှု၊ လုပ်ခလစာနည်းပါးမှုအပါအဝင် ဘဝရပ်တည်ရန်ခက်ခဲသည့် အခြေအနေများကြောင့် ပြည်ပနိုင်ငံအသီးသီးသို့ တရားဝင်၊ တရားမဝင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ကြရာမှ ပွဲစားများ၏ မက်လုံးပေးစည်းရုံးမှုကြောင့်လည်းကောင်း၊ တရားဝင်အလုပ်သမားစေလွှတ်ရန် သဘောတူညီချက်လက်မှတ်ရေးထိုးထားခြင်းမရှိသော နိုင်ငံများသို့ တရားမဝင် ပို့ဆောင်ခံရခြင်းကြောင့်လည်းကောင်း လုပ်အားခေါင်းပုံဖြတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်မှုတို့ကို ခံနေကြရသည်။

စင်စစ်အားဖြင့် လူကုန်ကူးမှုပြဿနာသည် နိုင်ငံတစ်နိုင်ငံရှိ အစိုးရတစ်ရပ်တည်း ဖြေရှင်းလို့မရသည့် ရာဇဝတ်မှုမျိုးဖြစ်သည်။ ကမ္ဘာ့နိုင်ငံအားလုံး ပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်မှသာ ထိုရာဇဝတ်မှုလျော့နည်းကျဆင်းလာနိုင်သည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများကြား ပေါင်းစပ်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အဆင့် တာဝန်ရှိသူများ ပေါင်းစပ်ဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ ပြည်သူများကို ဗဟုသုတမျှဝေခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပေးခြင်း၊ လူကုန်ကူးခံရသူများကို အပြည့်အဝကာကွယ်စောင့်ရှောက်ခြင်း၊ ပြည်သူများကြား လူကုန်ကူးသူများကို ပူးပေါင်းဆန့်ကျင်တိုက်ဖျက်ရေးစိတ်ဓာတ်ကိန်းအောင်းလာအောင်ဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်သွားရန် လိုအပ်သည်။

ဆိုရလျှင် လူကုန်ကူးမှုသည် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လျက်ရှိသောကြောင့် အစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်။ လူကုန်ကူးမှုဖြစ်ပွားရခြင်းအကြောင်းတရားများကို ကျိုးကြောင်းဆီလျော်စွာ စီမံဆောင်ရွက်သွားမည်ဆိုလျှင် လူကုန်ကူးမှုများကို အတိုင်းအတာတစ်ခုထိ လျှော့ချနိုင်မည်ဖြစ်သည်။ အမှန်တော့ လူကုန်ကူးမှုသည် နေ့ချင်းညချင်းတိုက်ဖျက်နိုင်မည်မဟုတ်သောကြောင့် နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် အတိုင်းအတာတစ်ခုထိ လျှော့ချနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**


- ၁၃-၉-၂၀၂၃ ထုတ် မြန်မာ့အလင်း သတင်းစာ
- Human Trafficking Statistics and Facts In 2024 | OUR Rescue
- Child Labour | International Labour Organization (ilo.org)

## နှောင်း ရုပ်ရှင်ဇာတ်ကား မိတ်ဆက်ပွဲ နိုဗိုတယ်ဟိုတယ်တွင် ပြုလုပ်



ရန်ကုန် စက်တင်ဘာ ၁၂

၁၉၅၇ ခုနှစ်က အောင်မြင်လူကြိုက်များခဲ့သည့် ဒေါက်တာအောင်ကျော်ဦး အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ပြန်လည်ဆန်းသစ်ထားသည့် နှောင်း ရုပ်ရှင်ဇာတ်ကား မိတ်ဆက်ပွဲကို စက်တင်ဘာ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ နိုဗိုတယ်ဟိုတယ်တွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် နော်ဖောအယ်ထားက ပြောပြ၍ သိရသည်။

နှောင်း ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာကြီး ရွှေဒုံးဘီအောင်၏ ဝတ္ထုဇာတ်လမ်းကို လွင်မင်းအံ့က ဇာတ်ညွှန်းခွဲထားပြီး ဒါရိုက်တာ ဩရသက ရွှေနဒီရွှေရည် ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"နော်ဖောက ဒီဇာတ်ကားမှာ သစ်သစ်မေ ကာရိုက်တာနဲ့ သရုပ်ဆောင်ထားတာပါတယ်။ ဒရာမာကိုမှ ဟဲဗီးဒရာမာဇာတ်ဆိုတော့ နော်ဖောအနေနဲ့ ပရိသတ်ဘယ်လိုဆုံးဖြတ်ချက်ပေးမလဲ ဆိုတာအရမ်းကို ရင်ခုန်ပါတယ်။ ကိုနေတိုးနဲ့ နော်ဖောတို့ရဲ့ အိမ်ထောင်ရေးဇာတ်လမ်းပါ။ စိတ်လဲလှုပ်ရှားရပါတယ်။ ပရိသတ်အကြိုက်နဲ့ ထပ်တူကျမလားဆိုတာ ဇာတ်ကား ရုံတင်ရင်တော့ သိရမှာမို့ ပရိသတ်တွေအားပေးကြဖို့လဲ ပြောချင်ပါတယ်"ဟု သရုပ်ဆောင် နော်ဖောအယ်ထားက ပြောသည်။

နှောင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ ဖြိုးငွေစိုး၊ တင်မောင်ဆန်းမင်းဝင်း၊ သူရိယ၊ ပိုးမမီသာ၊ နော်ဖောအယ်ထားနှင့် အခြားအနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

## The Up and Comer ၌ နာတီမင်း၊ အင်ဒရူးဘားနပ်နှင့် ရှေးမစ်ချဲတို့ ပါဝင်မည်

နယူးယောက် စက်တင်ဘာ ၁၂

The Up and Comer အမည်ရှိ လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကား၌ မင်းသား နာတီမင်း၊ အင်ဒရူးဘားနပ်နှင့် မင်းသမီး ရှေးမစ်ချဲတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

The Up and Comer ဇာတ်ကားသည် နယူးယောက်တိုင်းမ်သတင်းစာ၏ အရောင်းရဆုံးစာအုပ်များ စာရင်းဝင်စာအုပ်တစ်အုပ်ဖြစ်သော စာရေးဆရာ ဟိုးဝပ်ရှူဂန်း၏ အမည်တူဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

The Up and Comer ဇာတ်ကားသည် ထက်မြက်သည့်လူငယ်ရှေ့နေတစ်ဦး ရင်ဆိုင်ရသည့် လျှို့ဝှက်သည်းဖို ဖြစ်စဉ်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ရွေကမ္ဘာလုံးဆုရ ဒါရိုက်တာ ခရစ်လောင်းက ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို စာရေးဆရာ ဟိုးဝပ်ရှူဂန်းက ရေးသားပေးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် အဓိကဇာတ်ကောင် လူငယ်ရှေ့နေ ဖီးလစ်ရန်းဒဲအဖြစ် မင်းသား နာတီမင်းက သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## မုဆိုးဝတ္ထုများဖြင့်ထင်ရှားသည့် စာရေးဆရာကြီး ကိုပိုက် ကွယ်လွန်

ရန်ကုန် စက်တင်ဘာ ၁၂

မုဆိုးဝတ္ထုများဖြင့် ထင်ရှားသည့် စာရေးဆရာကြီး ကိုပိုက်သည် စက်တင်ဘာ ၁၁ ရက် နံနက် ၃ နာရီက ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူ့ဆေးရုံကြီး (အင်းစိန်)တွင် နှလုံးသွေးကြောကျဉ်း ရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ကြောင်း စာရေးဆရာကြီး ကိုပိုက်၏ သမီးဖြစ်သူ မဇင်မာပိုက်ပိုက်ထွေးက ပြောပြ၍ သိရသည်။

မုဆိုးဝတ္ထုများဖြင့် ထင်ရှားသည့် စာရေးဆရာကြီး ကိုပိုက်သည် ကွယ်လွန်ချိန်တွင် အသက် ၇၄ နှစ်ရှိပြီဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

"ဖေဖေက နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နေတာ ကြာပါပြီ။ ကျန်းမာရေးကတော့ လူကြီးပိုင်းရောက်လာတဲ့အတွက် ကောင်းလိုက်၊ မကောင်းလိုက်ပါပဲ။ ဖေဖေက စက်တင်ဘာ ၈ ရက် တနင်္ဂနွေနေ့ ညပိုင်းက ဆေးရုံတင်လိုက်ရတာပါ။ အသက်ကယ်ဆေးတွေ ထိုးထားခဲ့ရတယ်။ နှလုံးသွေးကြောပိတ်တာ ကုသမှုက မရလိုက်တော့တာပါ။ ဖေဖေက စက်တင်ဘာ ၁၁ ရက် နံနက် ၃ နာရီမှာ ကွယ်လွန်ခဲ့ပါတယ်။ ဖေဖေဆေးရုံတင်ချိန် ဆရာဂျွန်လွင်တို့က ငွေတွေလှူပေးသလို အဘက်ဘက်က ဆုတောင်းပေးသူ၊ ကူညီပေးသူတွေ၊ အဖေရဲ့ထမင်းရှင်တွေအကုန်လုံးကို အဖေ့ကိုယ်စား ကျေးဇူးတင်ပါတယ်"ဟု စာရေးဆရာ ကိုပိုက်၏ သမီးဖြစ်သူ မဇင်မာပိုက်ပိုက်ထွေးက ပြောပြသည်။



စာရေးဆရာကြီး ကိုပိုက်သည် သစ်တောဦးစီးဌာနတွင် နှစ်ပေါင်း ၃၀ ကျော် အလုပ်လုပ်ကိုင်ခဲ့ဖြစ်ကြောင်း၊ သစ်တောဦးစီးဌာနတွင် တာဝန်ထမ်းဆောင်စဉ်က ကိုယ်တိုင် အမဲလိုက်ခဲ့သည့်အတွေ့အကြုံများကိုအခြေခံ၍ မုဆိုးဝတ္ထုများကို အများဆုံးရေးသားခဲ့ကာ ကွယ်လွန်သည်ထိ မုဆိုးဝတ္ထုပေါင်း ၃၀၀ ကျော်ကို ရေးသားထုတ်ဝေထားကြောင်း သိရသည်။

ASH

## Happy Gilmore-2 ဇာတ်ကားတွင် ဘက်ဘန်နီ ပါဝင်သရုပ်ဆောင်မည်

နယူးယောက် စက်တင်ဘာ ၁၂

Netflix ကုမ္ပဏီ၏ Happy Gilmore–2 ဇာတ်ကား၌ ကမ္ဘာကျော် ဂီတသမား ဘက်ဘန်နီ ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် Happy Gilm–ore–2 ဇာတ်ကား၌ ဘက်ဘန်နီ ပါဝင်သရုပ်ဆောင်နေသည့် ဇာတ်ကောင်နေရာကိုမသိရသေးကြောင်း သိရသည်။

Happy Gilmore–2 တွင် ဘက်ဘန်နီသည် မင်းသား အဒမ်ရှင်းဒလား၊ ခရစ္စတိုဖာမက်ဒေါ်နယ် မင်းသမီး ဂျူလီဘိုဝန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန် Happy Gilm–ore–2 ဇာတ်ကားကို ဒါရိုက်တာ ကိုင်လီနီဝါချက်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် နာမည်ကျော် အမေရိကန် အားကစားလောကနောက်ခံ ဟာသဇာတ်ကားဖြစ်သည့် Happy Gilmore (1996) ၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် Happy Gilmore–2 ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Netflix ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO



## မြို့သစ်မြို့နယ် ငါးလုံးဖိုကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မြို့သစ် စက်တင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ငါးလုံးဖိုကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ငါးလုံးဖိုကျေးရွာတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား ကျေးရွာတွင်း ကွန်ကရစ်လမ်းကို ဌာနမှ သတ်မှတ်ထားသော စံနှုန်းများအတိုင်း ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် ငါးလုံးဖိုကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၂ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာအတွင်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က ပြောပြ၍ သိရသည်။

ငယ်လေး

# Monywa District sees completion of growing more than 4,000 acres of banana



A banana plantation.

**Monywa September 12**

Monywa District Agriculture Department stated that a total of 4,228 acres of banana has been planted in Monywa District of Sagaing Region this year.

In 2024-25 monsoon, local farmers in Monywa Township have grown 135 acres of banana, Budalin Township 2,696 acres, Ayadaw Township 1,332 acres and ChaungU Township 65 acres, totalling 4,228 acres.

Daw San San Myint, Head of Monywa District Agriculture Department explained: "In monsoon this year, Monywa District earmarked cultivation of 4,228 acres of banana. Local farmers have completed cultivation of all earmarked sown acreage of banana. They plant banana on dykes of paddy fields where these plants are free from pests due to the fact that farmers spray pesticides at paddy fields."

Farmers grow some 1,000 saplings of banana per acre and they cost K2 million per acre but can earn some K5 million in harvest time.

Officials of Monywa District Agriculture Department urged local farmers to prevent pests, minimize chemical residue at crops and use good agricultural practices for their crops. 206

# More than 16,000 acres of monsoon paddy grown in Kalewa Township

**Kalewa September 12**

Kalewa Township Agriculture Department stated that a total of 16,005 acres of farmlands have been placed under monsoon paddy in Kawela Township of Sagaing Region this monsoon.

The township authorities earmarked cultivation of 18,634 acres of monsoon paddy in 2024-25 monsoon season but local farmers have so far planted 16,005 acres against the target cultivation.

U Myo Naing, Head of Township Agriculture Department said: "Local farmers have grown more than 16,000 acres of monsoon paddy against the target of over 18,000 acres this monsoon. Our department will help local farmers grow quality strains of crops with advanced technology for enabling local farmers to grow monsoon paddy in time."

Relevant township agriculture department and local farmers are cooperating with each other in systematically growing monsoon paddy without any difficulties.

Staff members of the township agriculture department conduct provision of agricultural techniques, prevention of pests, minimizing loss and waste of crops and keeping paddy under shelter in time.

This year, monsoon paddy plantations are thriving in Kalewa Township. Officials of Township Agriculture Department share technological assistance with local farmers to choose quality strains of crops, prevention of pests, weeding and removal of different paddy strains as well as systematic use of fertilizers. 206



A monsoon paddy field.

# More than 3,000 acres of vegetables thriving in Tamu District

**Tamu September 12**

Statistics of Tamu District Agricultur Department stated that a total of 3,335 acres of croplands have been placed under vegetable plantations in Tamu District of Sagaing Region this monsoon.

As local authorities set a plan to grow 3,318 acres of vegetables in monsoon of 2024-25 financial year, local farmers started cultivation of vegetables on 3,335 acres of land, exceeding the target cultivation.

U Hla Myint, Head of Tamu District Agriculture Department clarified: "Local farmers have so farm planted 3,335 acres of vegetables exceeding the target of 3,318 acres in Tamu District this monsoon. They grow mustard, chilli, spicy, potato, cabbage, eggplant, reddish, and other crops. We urged local farmers to use good agriculture practices in growing crops. And, we raised farmer awareness to reducing chemical residue on vegetables."

This year, Myithit Township of Tamu District grew 879 acres of vegetables, Tamu Township 945 acres and Khampak 1,520 acres, totalling 3,335 acres.

This year., Myothit Township earmarked 873 acres of vegetables, Tamu Township 930 acres and Khampak 1,515 acres, totalling 3,318 acres.

This year, officials of relevant agriculture departments in Tamu District help local farmers produce healthy vegetables and expand sown acreage of crops.

Officials of the department educate local farmers to use systematic broadcasting of fertilizers, prevent pesticides and apply correct agricultural techniques. 206

# At least 19 Palestinians killed in Israeli attacks on Gaza Strip

**Gaza September 12**

At least 19 Palestinians were killed in Israeli attacks in the Gaza Strip on Thursday, according to Palestinian security and medical sources.

An Israeli warplane struck a residential house in the Jabalia refugee camp in northern Gaza, killing three people, said Palestinian medical sources.

Seven Palestinians were killed by Israeli aircraft in two attacks on the Zeitoun neighborhood south of Gaza City, according to local sources and eyewitnesses.

The Civil Defense Authority in Gaza reported in a press statement that its crews recovered the body of a Palestinian woman and a seriously injured person following an Israeli attack near Zeitoun neighborhood south of Gaza City.

In Rafah, southern Gaza, Civil Defense crews recovered the bodies of four people, three of whom were from the same family, after they were targeted by a missile in the Al-Zahour neighborhood in the center of the city. The bodies were transferred to the hospital, according to a separate statement released by the Civil Defense Authority.

Medical sources reported that the bodies of four people were transferred to the European Hospital in Khan Younis, southern Gaza, following the bombing of a residential house in the city.

The Israeli army has not yet commented on these incidents.Israel launched a large-scale offensive against Hamas in the Gaza Strip to retaliate against a Hamas rampage through the southern Israeli border on Oct. 7, 2023, during which about 1,200 people were killed and about 250 taken hostage.

Xinhua

# New Thai PM outlines plans to tackle economic woes in policy address

**Bangkok September 12**

Thailand's new Prime Minister Paetongtarn Shinawatra delivered her government policy statement to parliament on Thursday, outlining immediate plans to address the country's economic challenges with a focus on reducing high household debt and unlocking growth potential.

In her speech to the National Assembly, Paetongtarn said the Thai government plans to expedite a comprehensive debt restructuring, particularly on home and auto loans, as household liability in the Southeast Asian nation is estimated at over 90 percent of its gross domestic product (GDP).

With household debt in Thailand currently exceeding 16 trillion baht (about 474 billion U.S. dollars) and non-performing loans on the rise, Paetongtarn said the initiative seeks to assist borrowers both within and outside the formal financial system.

She highlighted the government's commitment to protecting Thai business owners, especially small and medium enterprises (SMEs), from unfair competition from foreign online platforms. SMEs, which account for about 35 percent of the employment and GDP, will also be provided financial assistance to strengthen their pivotal role as drivers of the economy.

Emphasizing the need to build confidence and encourage consumer spending while also alleviating financial burdens and creating job opportunities, the prime minister said the government will push forward its flagship campaign promise, the digital wallet handout scheme, which will prioritize vulnerable groups and lay the foundation for Thailand's digital economy.

Xinhua

# Businesspersons from Myeik District export more than 24,000 tons of fishery products to Thailand


Workers weighing fish before export.

**Myeik September 12**

Myeik District Fisheries Department of Taninthayi Region stated that local businesspersons in Myeik District have exported 24,031.53 tons of fishery products to Thailand, earning US$25.63 million of foreign currency from April to August in 2024-25 financial year.

U Zaw Min Oo, Deputy Director of Myeik District Fisheries Department commented that fishery products were sent to Thailand via Mawtaung and Kawthoung-Ranong border lands.

He continued: "Myeik District plays a crucial role in Taninthayi Region to export fishery products abroad. From April to August this financial year, local businesspersons shipped 24,031.53 tons of fishery products to Thailand. In this regard, Mawtaung border trade camp managed export of more than 20 tons of fresh fish whereas Kawthoung border point handled dried fish meal. Of them, Kyunsu and Palaw townships primarily exported marine products. These townships are making preparations to breed seawater white shrimp."

With regard to export of marine products from Taninthayi Region, Kawthoung, Dawei and Myeik districts dispatched fish, shrimp, farming fish and prawn as well as other fishery products to Thailand in addition to Yangon market through road transport and waterway. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 79,000 viss of dried spinal eel sold to Yangon market in August

**Kyaiklat September 12**

Local fishermen and businesspersons from Kyaiklat Township of Ayeyawady Region sent 79,000 viss of dried spinal eel to Yangon market in August, said Daw Ni Win, dried fish trader from Kyaiklat.

Fishermen and businesspersons from Kyaiklat Township distributed 65,000 viss of dried spinal eel to Yangon market in July, compared to 79,000 viss in August. Local businesspersons purchase spinal eel from local fishermen and keep them under the sun systematically.

Daw Ni Win said: "Merchants and fishermen from Kyaiklat Township send dried fish to Yangon market on a monthly basis. Now, demand of Yangon market is high to purchase dried spinal eel from Kyaiklat Township. We sent 79,000 viss of such fish to Yangon in August. Dried fish industries create jobs for residents. Due to high demand of dried spinal eel, local fishermen and those in the production change of fisheries are convenient in their livelihoods."


Dried spinal eels.

As residents of Kyaiklat Township sell K29,500 per viss of dried spinal eel to Yangon market.

Kyaw Kyaw Lin

# Kidney bean marketable in Mandalay market due to high demand from abroad

**Mandalay September 12**

High demand from abroad helps rise trading of kidney bean in Mandalay market, said U Set Maung Swe, Secretary of Brokers, Merchants and Millers Maha Kahteindaw Association (Mandalay Commodity Centre).

China's demand resurges to purchase kidney bean from Myanmar. So, trading of kidney bean is better in Mandalay market.

U Set Maung Swe remarked, "Not only Chinese merchants but Indian traders offer to purchase kidney bean from Myanmar. It helps rise trading of the bean in domestic market."

In Mandalay market, kidney bean fetched K370,000 per three-basket bag of kidney bean on 6 September.

"Kidney bean is one of the good trading pulses and beans in Mandalay market," he added. 184


Kidney beans.

# Katha Township finishes cultivation of sugarcane on more than 60,000 acres of land

**Katha September 12**

Local farmers have so far planted 62,008 acres of sugarcane plants in Katha Township of Sagaing Region, according to the statistics of Katha Township Agriculture Department.

In 2024-25 monsoon, Katha Township earmarked cultivation of 62,493 acres of sugarcane plants. Local farmers have so far planted 62,008 acres of sugarcane against the target.

U Ko Lay, Head of Katha Township Agriculture Department said: "This monsoon, local authorities set a plan to grow 62,493 acres of sugarcane plantations in Katha Township but local farmers have cultivate 62,008 acres of sugarcane. They are trying hard to meet the target cultivation. Local farmers regularly grow sugarcane plants."

Sugarcane plants are grown in Shwebo, Kanbalu and Katha districts in Sagaing Region. Of them, Katha and Kanbalu districts grow the largest sown acreage of sugarcane.

Farmers need to cost K600,000 to K700,000 per acre of sugarcane, and it yields some 30 tons of sugarcane per acre.

Local farmers in Sagaing Region prefer to grow K-95/84, Nawade-4, Phawmoza and Sinshweli strains of sugarcane. They prefer to grow sugarcane in monsoon season and in irrigated areas. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီရန်က ရုရှားထံ ဒုံးကျည်များပေးပို့မည်ဆိုပါက နောက်ဆက်တွဲအကျိုးဆက်များဖြင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အမေရိကန် သတိပေး



အီရန်နိုင်ငံသည် ရုရှားနိုင်ငံထံ ဒုံးကျည်များပေးပို့မည်ဆိုပါက နောက်ဆက်တွဲအကျိုးဆက်များဖြင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံက သတိပေးပြောကြားလိုက်သည်ဟု The Defense Post သတင်းဌာနက စက်တင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အီရန်နိုင်ငံသည် ရုရှားနိုင်ငံကို ပဲ့ထိန်းဒုံးကျည်များ ပံ့ပိုးပေးအပ်ခဲ့ကြောင်း မဟာမိတ်နိုင်ငံများထံမှ ယုံကြည်မှုအဆင့်အတန်း ထိပ်တန်းသတ်မှတ်နိုင်သည့် ထောက်လှမ်းရေး သတင်းအချက်အလက်များကို လက်ခံရရှိခဲ့သည်ဟု ဥရောပသမဂ္ဂက ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုပြောဆိုချက်များအပေါ် အီရန်က ပယ်ချခဲ့သော်လည်း ကရင်မလင်နန်းတော်က ပြတ်သားစွာ ငြင်းဆိုခဲ့ခြင်းမရှိပေ။ အကယ်၍ ဤထောက်လှမ်းရေးသတင်းများအတိုင်း မှန်ကန်နေမည်ဆိုပါက ယူကရိန်းပဋိပက္ခတွင် ရုရှားကို အီရန်၏ ပံ့ပိုးကူညီမှုသည် တင်းမာမှုများမြင့်တက်လာစေလိမ့်မည်ဖြစ်ကြောင်း ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံ တာဝန်ရှိသူများက သတိပေးပြောကြားခဲ့သည်။

အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Nasser Kanani က စစ်ပွဲတစ်ခုတွင် မည်သည့်ဘက်ကိုဖြစ်စေ စစ်လက်နက် တင်ပို့မှုနှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန် တားမြစ်ထားပြီးဖြစ်ကြောင်း တုံ့ပြန်ငြင်းဆိုထားသည်။ အနောက်နိုင်ငံများက အီရန်ကို ရုရှားနိုင်ငံသို့ ပဲ့ထိန်းဒုံးကျည်များ တင်ပို့ပေးခြင်းမပြုရန် လအတန်ကြာသတိပေးခဲ့ပြီး ဥရောပသမဂ္ဂသည် ယူကရိန်းပဋိပက္ခတွင် ရုရှားနိုင်ငံကို အီရန်၏ ဒရုန်းတင်ပို့ရောင်းချခဲ့မှုအတွက် ပိတ်ဆို့အရေးယူမှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီးလည်း ဖြစ်သည်။

"ယူကရိန်းပဋိပက္ခမှာ ရုရှားကို စစ်လက်နက်တွေ ပေးပို့ကူညီနေတာဟာ သိသာထင်ရှားတဲ့ နောက်ဆက်တွဲအကျိုးဆက်တွေနဲ့ ရင်ဆိုင်လာရလိမ့်မယ်လို့ သတိပေးချင်ပါတယ်"ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရ Vedant Patel က ပြောကြားခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံက ပဲ့ထိန်းဒုံးကျည်များ ရုရှားနိုင်ငံထံ လွှဲပြောင်းပေးပို့ခဲ့သည့် အချက်နှင့်ပတ်သက်၍ Wall Street Jou–rnal ၏ အစီရင်ခံဖော်ပြချက်အပေါ်မေးမြန်းခဲ့ရာ ကရင်မလင်နန်းတော်က ငြင်းဆိုထားခြင်းမရှိသကဲ့သို့ အတည်ပြုပြောကြားခြင်းလည်းမရှိကြောင်း သိရသည်။

အီရန်နိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးသမား Masoud Pezeshkian ကို သမ္မတအဖြစ် ရွေးကောက်ခဲ့ပြီးနောက် အနောက်နိုင်ငံများနှင့်ဆက်ဆံရေး တိုးတက်စေရန် အီရန်နိုင်ငံ၏ ကြိုးပမ်းနေမှုများကိုဖျက်လိုဖျက်ဆီးဖြစ်စေမည်ဖြစ်ပြီး ပြင်းထန်သော အကျိုးဆက်များဖြင့် ရင်ဆိုင်ရလိမ့်မည်ဟု အမေရိကန်နိုင်ငံဘက်က ထပ်ခါတလဲလဲ သတိပေးထားသည်။ အနောက်နိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများဖြင့် ရင်ဆိုင်နေရသော ရုရှားသည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် စစ်ဘက်ယန္တရားများ ဆက်လက်လည်ပတ် လုပ်ကိုင်နိုင်စေရန်အတွက် အီရန်နှင့် မြောက်ကိုရီးယားနိုင်ငံကို အားပြုလာရသည့်သဘောရှိသည်။ ရုရှားနိုင်ငံက နေ့စဉ်နီးပါး အီရန်ထုတ်ဒီဇိုင်းဖြစ်သည့် Shahed ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့ကြောင်း ယူကရိန်းဘက်က ပြောကြားထားခဲ့ပြီး နိုင်ငံပိုင်နက်ထဲတွင် မြောက်ကိုရီးယားနိုင်ငံထုတ် ဒုံးကျည် အပိုင်းအစများ တွေ့ရှိခဲ့ရကြောင်း ယူကရိန်း သတင်းမီဒီယာများက အစီရင်ခံရေးသားဖော်ပြခဲ့ကြသည်။ ရုရှားနိုင်ငံသည် ဆောင်းရာသီမတိုင်မီ ယူကရိန်းနိုင်ငံ၏ စွမ်းအင်နှင့် စစ်ဘက်အခြေခံ အဆောက်အအုံများအပေါ် ဖုံးကြဲတိုက်ခိုက်မှုများ ထပ်မံအရှိန်မြှင့်တင်လုပ်ဆောင်လာလျက်ရှိသည်။

**US Warns of 'Consequences' if Iran Sends Missiles to Russia** ကို ဘာသာပြန်ဆိုထားပါသည်။

## ယူကရိန်းနိုင်ငံက လောင်မီးလက်နက်တပ် ဒရုန်းစနစ်တစ်မျိုးကို စတင်အသုံးပြု

ယူကရိန်းနိုင်ငံသည် ပုံဖျက်ဖုံးကွယ်ထားသော စစ်ရေးပစ်မှတ်များကို အပူချိန်မြင့်မားစွာ လောင်ကျွမ်းနိုင်သော သတ္တုချောင်းများ (လောင်မီးလက်နက်) တပ်ဆင်ပစ်လွှတ်၊ တိုက်ခိုက်နိုင်သည့် ဒရုန်းစနစ် (UAS)တစ်မျိုးကို စတင်အသုံးပြုခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Dragon Drone အမည်ရှိ အနိမ့်ပျံ ဒရုန်းစနစ် (UAS)သည် မြင့်မားသော အပူချိန် ၄၀၀၀ ဒီဂရီဖယ်ရင်ဟိုက်တွင် လောင်ကျွမ်းစေမည့် အလူမီနီယံမှုန့်နှင့် သံအောက်ဆိုက် ရောနှောထားသော သတ္တုချောင်းများကို ကြဲချတိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။ ၎င်းကို လောင်မီးလက်နက်(Thermite Weapon) ဟုလည်း ခေါ်ဝေါ်လေ့ရှိကြသည်။

ထိုသတ္တုချောင်းများသည် ပုံဖျက်ဖုံးကွယ်မှုများ ဖြစ်ပေါ်စေလျက်ရှိသော သစ်ပင်များနှင့် စိုက်ခင်းများကို အလွယ်တကူ လောင်ကျွမ်းစေနိုင်သည်။ အဆိုပါစွမ်းရည်သည် ယူကရိန်းအတွက် ရန်သူ့တပ်တည်နေရာများကို ရှာဖွေဖော်ထုတ်နိုင်ပြီး ထိရောက်စွာ တိုက်ခိုက်နိုင်စေလိမ့်မည်ဖြစ်သည်။ ယူကရိန်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက မျှဝေထားသော ဗီဒီယိုဖိုင်တစ်ခုတွင် ဒရုန်းမှ နဂါး ငွေ့တန်းပုံစံမျိုးအလင်းတန်းဖြင့် သစ်တောဖုံးလွှမ်းထားသည့် ဧရိယာတစ်ခုပေါ်၌ အပူလှိုင်းထုတ်လွှတ်မှုကို တွေ့မြင်ခဲ့ရသည်။

"တိုက်ခိုက်ရေး ဒရုန်းတွေဟာ ကျွန်တော်တို့ရဲ့ လက်တုံ့ပြန်တိုက်ခိုက်ရေးအင်အားစုတွေပဲဖြစ်ပါတယ်။ ကောင်းကင်ယံကနေ အပူချိန်မြင့်မားတဲ့ မီးတောက်တွေ တိုက်ရိုက်ဆောင်ကြဉ်းလာစေနိုင်ပါတယ်။ ရန်သူတွေအတွက်တော့ တကယ့်ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာစေပြီး အခြားလက်နက်တွေနဲ့ မပေါက်ရောက်နိုင်တဲ့ ရန်သူ့တပ်တည်နေရာတွေကို တိတိကျကျဖော်ထုတ်ကာ မီးလောင်တိုက်သွင်းပစ်နိုင်ပါတယ်"ဟု ယူကရိန်းနိုင်ငံ အမှတ်(၆၀) ယန္တရားတင် တပ်မဟာ၏ X လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားကြောင်း သိရသည်။



ယူကရိန်းနိုင်ငံ၏ ဒရုန်းစနစ်သည် ဆန်းသစ်သော စစ်ရေးစွမ်းအားစုဖြစ်သော်လည်း ရန်သူ၏စစ်လက်နက်ပစ္စည်းများ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုထက် ကြောက်ရွံ့ထိတ်လန့်စေမည့် စိတ်ဓာတ်ပိုင်းဆိုင်ရာ စစ်ဆင်ရေးလက်နက်အဖြစ် ပိုမိုအသုံးပြုလာနိုင်ဖွယ်ရှိကြောင်း ဗြိတိန်တပ်မတော်အရာရှိဟောင်း Nicholas Drummond က ပြောကြားခဲ့သည်။

Dragon Drone ဟု အမည်ပေးထားသော ဒရုန်းမှထုတ်လွှတ်၍ တိုက်ခိုက်နိုင်သည့် အပူချိန်မြင့်မားစွာ လောင်ကျွမ်းတိုက်ခိုက်နိုင်သော သတ္တုချောင်းများသည် ပထမ ကမ္ဘာစစ်အတွင်း ဂျာမနီတို့ အသုံးပြုခဲ့သည့် မီးကျည်လက်နက်တစ်ခုလိုမျိုးဟု ယူဆနိုင်သည်။

မီးလောင်ကျွမ်းမှုသည် ခြိမ်းသတ်ရန်ခက်ခဲပြီး အချိန်မီထိန်းချုပ်နိုင်ခြင်းမရှိပါက အရပ်ဘက်လူထုအပေါ် ထိခိုက်ပျက်စီးမှုများ သက်ရောက်မှုရှိလာစေနိုင်သည်။ နိုင်ငံတကာ စစ်ဘက်ဥပဒေများအရ အရပ်ဘက်ပစ်မှတ်များ၊ လူနေထူထပ်သောနေရာများတွင် ထိုကဲ့သို့ လောင်မီးလက်နက် (Thermite) အသုံးပြုတိုက်ခိုက်ခြင်းကို တားမြစ်ပိတ်ပင်ထားသည်။ သို့သော်လည်း ဗြိတိန်နိုင်ငံအခြေစိုက် စစ်ဘက်အကြမ်းဖက်မှုနှင့်ပတ်သက်၍ စစ်ဆန့်ကျင်ရေးအဖွဲ့အစည်းတစ်ခုကမူ ယူကရိန်းနိုင်ငံသည် ထိုလောင်မီးလက်နက်များကို စစ်ရေးပစ်မှတ်များပေါ်တွင်သာ အသုံးပြုတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု အခိုင်အမာပြောကြားခဲ့သည်။

**Ukraine Unveils New Drone That Fires Molten Metal, Ignites Hidden Targets** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးမုတ်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးမုတ်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမုတ်ပိဿာချိန် ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးမုတ်ပိဿာချိန် ၈၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းဈေးကွက်က မှာယူမှုများလာခြင်းကြောင့် တင်ပို့မှုအားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်က ရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေကို ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဩဂုတ်လထဲမှာ ငါးမုတ်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချတဲ့ငါးမုတ်တွေကို ရန်ကုန်ဈေးကွက်က မှာယူမှုများလာလို့ တင်ပို့အားကောင်းခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေကို ဝင်လာတဲ့ ငါးမုတ်တွေကလဲ လတ်ဆတ်မှုရှိပါတယ်။ တင်ပို့အားကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာတွေ့ရပါတယ်။ ဖျာပုံဘက်ကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးမုတ်အပါအဝင် ဒေသထွက်ရေထွက်ကုန်များကို ဝယ်ယူပြီးစနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါရန်ကုန်ဈေးကွက်မှ အခြားဒေသများသို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်းနှင့် လက်ရှိငါးမုတ် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းဧက ၃၂၁၀၀ စိုက်ပျိုးမည်

**ရွှေဘို စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၃၂၁၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ဖူးစားပြောင်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၃၅၂၇ ဧက၊ ခင်ဦးမြို့နယ်တွင် ၅၀၂၆ ဧက၊ ဝက်လက်မြို့နယ်တွင် ၂၁၄၅၁ ဧကနှင့်ကျောက်မြောင်းမြို့နယ်ခွဲတွင် ၂၀၉၆ ဧက စုစုပေါင်း ဧက ၃၂၁၀၀တို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်မှာ ဖူးစားပြောင်းဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးရာမှာ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့လဲ ဆောင်ရွက်သွားမှာပါ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် ရွှေဘိုခရိုင်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ဖူးစားပြောင်းစိုက်ပျိုးရာ၌ တစ်ဧကလျှင် ဖူးစားပြောင်းဖူး ၁၅၀၀၀ ကျော်ထွက်ရှိပြီး တစ်ဧက စိုက်ပျိုးပါက ၅ သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

**(၂၀၆)**

# တောင်တွင်းကြီးမြို့နယ် ရေဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၁ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရေဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ပထမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၉၀ ကို အရင်းမပျောက်လည်ပတ်ရန် ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**





## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၂-၉-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၈၀၀၀/၁၈၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၅၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၄၃၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

**ရှေ့ဖုံးမှအဆက်**

ရေဝင်ရောက်မှုများဖြစ်ပေါ်ခြင်း၊ အချို့နေရာများရှိ ကားလမ်း၊ရထားလမ်းများ ရေကျော်ခြင်း၊ တံတားအချို့ပျက်စီးမှုများကြောင့် လမ်းပန်းဆက်သွယ်မှု ပိတ်ဆို့ခြင်းများ၊ လျှပ်စစ်မီးတိုင်များနှင့် အဆောက်အအုံ များ ထိခိုက်ပျက်စီးခြင်း၊ လူနေအိမ်များ ပျက်စီးခြင်းစသည်တို့ ဖြစ်ပွားခဲ့သည့်အပြင် ရေကြီးရေလျှံမှုဖြစ်ပွားသောမြို့ရွာများတွင် လျှပ်စစ်မီးများပြတ်တောက်ပြီး အခြေခံပညာစာသင်ကျောင်းများကိုလည်း ခေတ္တပိတ်ထားရကြောင်း သိရသည်။

ထိုသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန်လိုအပ်နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ် ရွှေ့ပြောင်းပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဘောဂသီရိကားဝင်းအနီး၊ ပင်လောင်းလမ်းဆုံ၊ ပျဉ်းမနားရွှေချီရပ်ကွက်၊ အေးမြင့်သာယာကျေးရွာ၊ဘဲကုန်းကျေးရွာ၊ ကျောက်ချပ်ကျေးရွာ၊အိုင်ဇောက်ကျေးရွာတို့နှင့် အခြားရေကြီးရေလျှံဖြစ်ပေါ်နေသည့် နေရာများတွင် တပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။



မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အေဒီ(၁၃) ရာစုလက်ရာ ဘုရားအမှတ်(၁၀၄၂) ဆင်ကဘုရားပြိုကျပျက်စီးနေမှုကို တွေ့ရစဉ်။



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ရွှေစက်တော်မန်းချောင်းအတွင်း၌ မန်းချောင်းရေများ တိုးမြင့်ဝင်ရောက်စီးဆင်းနေမှုကို တွေ့ရစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပျော်ဘွယ်မြို့နယ်တွင် ရေတိုက်စားမှုကြောင့် လမ်းများပျက်စီးနေမှုကို ပြင်ဆင်ဆောင်ရွက်ပေးစဉ်။



နယ်မြေခံတပ်မတော်သားများနှင့် ပရဟိတအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထို့ပြင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုဝင်များ၊ နေပြည်တော်ကောင်စီနှင့် စေတနာရှင်ပြည်သူများကလည်း ရေဘေးသင့်ပြည်သူများ စားသောက်ရေးအခက်အခဲ မရှိစေရေးအတွက် ထမင်းဘူးများ၊ရေသန့်များနှင့် အခြားစားသောက်ဖွယ်ရာပစ္စည်းများကို လိုက်လံဝေငှပေးလျက်ရှိသည်။

အလားတူ ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာ၊ ရွာစေးဖိုကျေးရွာ၊ ကြို့ပင်ကျေးရွာ၊ ကြံဖိုစုကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများကိုလည်း ရေဘေးလွတ်ရာ လောကချမ်းသာ ဘုရားဝင်းသို့လည်း ကောင်း၊ နယ်မြေခံတပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များတွင်ဖွင့်လှစ်ထားရှိသည့် ယာယီရေဘေးကယ်ဆယ်ရေး စခန်းများသို့လည်းကောင်း၊ တပ်မတော်သားများက ကူညီရွှေ့ပြောင်းပေးခဲ့ပြီး အုပ်ချုပ်မှုကိစ္စများနှင့် စားရေးအဆင်ပြေစေရေးတို့အတွက် စီစဉ်ပေးထားကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း လတ်တလောတွင် ရေဘေးသင့်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ စုမှ ရေဘေးသင့်ပြည်သူများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်း ၃၅ ခု၌ ကူညီကယ်ဆယ်ရေးနေရာချထားပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မင်းဘူး(စကု)မြို့နယ်၌ စက်တင်ဘာ ၉ ရက်မှစတင်ကာ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရွှေစက်တော်မန်းချောင်းအတွင်း၌ မန်းချောင်းရေများ တဖြည်းဖြည်းတိုးမြင့်ဝင်ရောက်စီးဆင်းလျက်ရှိရာ ယခုအခါတွင် အောက်စက်တော်ရာ နဂါးအိုင်ဘက်ခြမ်းမှစ၍ ရင်ပြင်တော်အထက်သို့ မန်းချောင်းရေများ စတင် ဝင်ရောက်စီးဆင်းနေပြီဖြစ်ကြောင်း၊ ၎င်းပြင် မန်းရွှေစက်တော်ဘုရားကြီးအထက်ပိုင်းရှိ ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံ၌ ယနေ့ ည ၆ နာရီတိုင်းထွာချက်အရ ပင်မရေပိုလွှဲမှ ၃ ဒသမ ၄ ပေခန့် ရေကျော်စီးဆင်းပြီး အဆိုပါမန်းချောင်းရေများက ရွှေစက်တော်မန်းချောင်းမှတစ်ဆင့် မင်းဘူး(စကု)မြို့နယ်အတွင်းသို့ ပိုမိုဖြတ်သန်းစီးဆင်းဝင်ရောက်လျက်ရှိကြောင်း၊ မိုးများအဆက်မပြတ်ရွာသွန်းမှုနှင့်အတူ တောင်ကျချောင်းရေများ ထပ်မံစီးဆင်း ဝင်ရောက်လာနိုင်သည့်အတွက် မန်းချောင်းအောက်ပိုင်းတစ်လျှောက်တွင် နေထိုင်လျက်ရှိသော



နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဘေးသင့်ပြည်သူများကို နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။



နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိရေဘေးသင့်ပြည်သူများကို တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ကူညီကယ်ဆယ်ရေးအဖွဲ့များက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိသည့် နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ကျောက်ဆည်မြို့၌ ရေကြီးရေလျှံမှုဖြစ်ပွားသည့် နေရာများတွင် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ဒေသခံပြည်သူများအနေဖြင့် အထူးသတိပြုနေထိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိုးရွာသွန်းမှုများကြောင့် မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်အချို့တွင် သစ်ပင်လဲကျမှုဖြစ်ပွားခြင်း၊ ဆက်သွယ်ရေးတိုင်နှင့် လျှပ်စစ်မီးတိုင်လဲကျမှုများဖြစ်ပွားခဲ့ပြီး လူနှင့် တိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

ငင်းပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့၊ ဗထူးတပ်မြို့၊ ရပ်စောက်မြို့၊ ကျိုင်းခမ်းမြို့၊အောင်ပန်းမြို့၊ကလောမြို့နှင့် နမ့်စန်မြို့၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နှင့် တောင်ငူမြို့အပါအဝင် အခြားမြို့နယ်များရှိ ရေဘေးသင့်ပြည်သူများကို သက်ဆိုင်ရာ နယ်မြေခံတပ်မတော်သားများ၊ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတလူမှုရေးအသင်းများက ရေဘေးလွတ်ကင်းရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြသည်။

ထို့ပြင် မိုးသည်းထန်စွာရွာသွန်းပြီး ရေတိုက်စားမှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့၏ တောင်ဘက်ကျောင်းကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေးရထားလမ်း မိုင်တိုင်၂၈၅/၆-၉ ကြားရှိ အမှတ်(၁) သံလမ်းသံကူကွန်ကရစ်တံတား၊ ပျော်ဘွယ်မြို့၏ မြောက်ဘက်ညောင်နွယ်ကျေးရွာရှိ ရန်ကုန်-မန္တလေးကားလမ်း(ဟောင်း) မိုင်တိုင်၂၉၀ (၁/၂) ကြားရှိ တံတားအမှတ် ၁/၂၉၁ သံကူကွန်ကရစ်တံတား၊ သာစည်မြို့၏ မြောက်ဘက်ရှိ စမုံရေထိန်းတမံ၊ သာစည် မြို့နယ် ယင်းမာပင်ကျေးရွာအုပ်စု၊ ကျောက်ဆောင်ကြီးရွေ့ ကျေးရွာအနီး မိတ္ထီလာ-တောင်ကြီးသွားကားလမ်း မိုင်တိုင် (၄၀/၁) မှ (၄၀/၂) ကြားနေရာနှင့် ကြပ်စခန်းကျေးရွာအနီးတို့၌ လည်းကောင်း၊ ရမည်းသင်းမြို့နယ်ရှိ သမိုင်းဝင်ရွှေမြင်တင်စေတီတော်နှင့် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပြိုကျပျက်စီးခဲ့သည့် နေရာများကို လည်းကောင်း ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များနှင့်အတူ ရေဘေးသင့်ပြည်သူများကို ရေဘေးလွတ်ရာသို့ကူညီရွှေ့ပြောင်းပေးခြင်း၊ လမ်း၊ တံတားများကို ပြန်လည်ပြုပြင်ခြင်း၊ပြိုကျပျက်စီးခဲ့သည့် အုတ်တံတိုင်းများနှင့် အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းပေးခြင်းနှင့် လမ်းများပိတ်ဆို့နေသည့် သစ်ပင်၊သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရင်းရင်းနှီးနှီးအားပေးစကားများပြောကြားကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုကဲ့သို့ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာနိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒဉ္စန်ကြားမှု ဦးစီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (၅၀၁)


တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုစဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိသည့် နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။


နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။


နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားလျက်ရှိသည့် ရပ်စောက်မြို့ ဇော်ဂျီရပ်ကွက်နှင့် ဥတ္တံတားရပ်ကွက်မှ ဒေသခံပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။


နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။


နယ်မြေခံတပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံမှ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၃ ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဆုမွန်ကောင်းတောင်းလိုက်ပါသည်။

၂။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ တည်ဆဲဥပဒေများအရတားဆီးနှိမ်နင်းရေးများ ဆောင်ရွက်ခဲ့ပါသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို ပြည်သူတစ်ရပ်လုံးသိရှိကာ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းခဲ့သည့် စက်တင်ဘာ ၁၃ ရက်ကို မြန်မာနိုင်ငံ၏လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ်သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလာခဲ့သည်မှာ ယခုအခါ (၁၂)ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

၃။ လူကုန်ကူးမှုသည် ၂၀ ရာစုနှောင်းပိုင်းတွင် ခေတ်သစ်ကျွန်ပြုမှုအသွင်ဖြင့်ပေါ်ပေါက်လာကာ ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုအဖြစ်ဖြစ်ပွားလျက်ရှိပါသည်။ နိုင်ငံတကာကျွမ်းကျင်သူများ၏ တွက်ချက်မှုများအရ လူကုန်ကူးမှုသည် တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်မှုနောက်တွင်အမြတ်အစွန်းရရှိမှု၏ ဒုတိယအကြီးဆုံးအရင်းအမြစ်အဖြစ်သတ်မှတ်ခံထားရပါသည်။

၄။ လူကုန်ကူးမှုသည် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနှင့် လူ့အဖွဲ့အစည်းကို ထိခိုက်ပျက်စီးစေရုံသာမက အသက်အိုးအိမ်စည်းစိမ်ကိုပါများစွာထိခိုက်စေလျက်ရှိကာ လူကုန်ကူးသူများအနေဖြင့် အမြတ်အစွန်းကြီးမားစွာရရှိသောကြောင့် မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပွားရုံသာမက နိုင်ငံ၏နယ်နိမိတ်ဖြတ်ကျော်ကာ အခြားနိုင်ငံများဆီသို့ ဦးတည်၍ ဖြစ်ပွားလျက်ရှိပါသည်။

၅။ မြန်မာနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင်ပြဋ္ဌာန်းခဲ့သော နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း(United Nations Convention against Transnational Organized Crime) (UNCTOC)နှင့်နောက်ဆက်တွဲစာချုပ်ဖြစ်သည့် အမျိုးသမီးနှင့်ကလေးသူငယ်များအပေါ်အထူးပြုသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ်(Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children)၊ ကုန်းလမ်း၊ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများအား မှောင်ခိုပို့ဆောင်မှုဆိုင်ရာစာချုပ်(Protocol against the Smuggling Of Migrants by Land, Sea and Air)တို့ကို ၂၀၀၄ ခုနှစ် မတ် ၃၀ ရက်တွင်လည်းကောင်း၊လူကုန်ကူးခြင်းအထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း(ASEAN Convention Against Trafficking in Persons Especially Women and Children–ACTIP)ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင်လည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။

၆။ မိမိတို့မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုပြဿနာများကို တိုက်ဖျက်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီ လေးရပ်နှင့်အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များအား စနစ်တကျဖွဲ့စည်း၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၇။ မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုများဖြင့် လူကုန်ကူးမှုကြိုတင်ကာကွယ်ရေး၊ မှုခင်းများကို တရားစွဲဆိုရေးလုပ်ငန်းများနှင့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ငါးနှစ်စီမံကိန်းများရေးဆွဲ၍ မဟာဗျူဟာ သုံးရပ်၊ နည်းဗျူဟာလေးရပ်နှင့်လုပ်ငန်းကဏ္ဍ လေးရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၈။ လက်ရှိတွင် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထငါးနှစ်စီမံကိန်း(၂၀၂၂-၂၀၂၆)၏ တတိယနှစ်ဖြစ်သည့် ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက်ပါလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်မြင်အောင် ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၉။ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုပြဿနာသည် အိမ်နီးချင်းနိုင်ငံများနှင့် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံအချို့၏ ဈေးကွက်လိုအပ်ချက်များနှင့် ချိတ်ဆက်ဖြစ်ပွားလျက်ရှိနေကြောင်း တွေ့ရှိနေရပါသည်။ နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့်ကိန်းဂဏန်းများအရ ပြည်တွင်းလူကုန်ကူးမှု ၅၆ ရာခိုင်နှုန်း၊ ပြည်ပလူကုန်ကူးမှု ၄၄ ရာခိုင်နှုန်းဖြစ်ပွားလျက်ရှိပြီး ပြည်တွင်းလူကုန်ကူးမှုတွင် အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မခိုင်းစေမှုများ အဓိကဖြစ်ပွားလျက်ရှိပါသည်။ ပြည်ပလူကုန်ကူးမှုအနေဖြင့် အဓမ္မလက်ထပ်ထိမ်းမြားမှု၊ အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မခိုင်းစေမှု၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေမှု၊ အဓမ္မမွေးစားမှု၊ ကလေးရောင်းစားမှုနှင့် အဓမ္မတောင်းရမ်းစေခိုင်းမှုများဖြစ်ပွားလျက်ရှိပါသည်။ ထို့ပြင် ၂၀၂၄ ခုနှစ်တွင် အိမ်နီးချင်းနိုင်ငံသို့ ဦးတည်ဖြစ်ပွားသည့် အင်္ဂါးကိုယ်ဝန်ဆောင်သည့် လူကုန်ကူးမှုကိုလည်း ဖော်ထုတ်နိုင်ခဲ့ပါသည်။

၁၀။ လူကုန်ကူးမှုကျူးလွန်သူများသည် ယခင်က ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်စသည့်ဒေသများမှ အမျိုးသမီးငယ်များကို လိမ်လည်စုဆောင်း၍ အိမ်နီးချင်းနိုင်ငံများသို့ပို့ဆောင်ခဲ့ကြပြီး ယခုအခါတွင် နယ်စပ်ဒေသရှိ လူကုန်ကူးသူများထံသို့လည်းကောင်း၊ တစ်ဖက်နိုင်ငံရှိ လူပွဲစားများထံသို့လည်းကောင်း ပို့ဆောင်ရောင်းစားနေကြကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၁။ ပြည်တွင်းလူကုန်ကူးမှုများတွင် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်စသည့်ဒေသများမှ အမျိုးသမီးငယ်များကို လိမ်လည်ခြင်း၊ သွေးဆောင်စည်းရုံးခြင်းဖြင့်စုဆောင်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်(အရှေ့ပိုင်း)ရှိ မူဆယ်၊ လောက်ကိုင်၊ မိုင်းပေါက်၊ တာချီလိတ် ဒေသများသို့ ပို့ဆောင်ပြီး အဓမ္မပြည့်တန်ဆာအဖြစ်ခိုင်းစေခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်းများ ကျူးလွန်လျက်ရှိပါသည်။

၁၂။ မြန်မာနိုင်ငံတွင် ယခင်ကာလများက ဆင်းရဲမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုများကြောင့် ပညာအရည်အချင်းနိမ့်ပါးသူများသာ လူကုန်ကူးခံရသည့်ပြဿနာများပေါ်ပေါက်ခဲ့သော်လည်း ယခုကာလတွင် ပညာတတ်များလည်း လူကုန်ကူးခံရသည့်ဖြစ်စဉ်များတွင် ပါဝင်နေကြောင်း တွေ့ရှိနေရပါသည်။ လူကုန်ကူးသူများသည် တိုးတက်ပြောင်းလဲလာသည့် နည်းပညာများကိုအခြေခံကာ Facebook, Wechat, Telegram, TikTokများအသုံးပြုပြီး မက်လုံးပေးစည်းရုံး၍ အွန်လိုင်းလိမ်လည်မှုခင်းများကျူးလွန်လာကြရာမှ ၎င်းနှင့်ဆက်နွယ်ပြီး လူကုန်ကူးမှုများ၊ တရားမဝင်လူစုဆောင်းခြင်းများ၊ လိမ်လည်မှုများပြုလုပ်ကာ လူသားအချင်းချင်းအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ အဓမ္မခိုင်းစေခြင်း၊ အဓမ္မလက်ထပ်ခိုင်းစေခြင်းနှင့် အဓမ္မအင်္ဂါးကိုယ်ဝန်ဆောင်စေခြင်းစသည်တို့ကို ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိလာရပါသည်။

၁၃။ ယခုအခါ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၌အွန်လိုင်းလိမ်လည်မှု(Online Scam)နှင့် အွန်လိုင်းလောင်းကစား(Online Gambling)များ တရားမဝင်ဖွင့်လှစ်လုပ်ကိုင်လာကြပြီး နိုင်ငံခြားသားများကို အွန်လိုင်းမှစည်းရုံးကာ အတင်းအကျပ်ခိုင်းစေမှုများကြုံတွေ့နေရပါသည်။ အဆိုပါဖြစ်ပေါ်နေမှုကို နိုင်ငံတကာမှ ပုံစံသစ်ဖြင့်ဖြစ်ပေါ်လာသော လုပ်အားခေါင်းပုံဖြတ်သည့် လူကုန်ကူးမှု(New Emerging Trend of Human Trafficking)ဟု အမည်တပ်လာကြပါသည်။

၁၄။ မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း အွန်လိုင်းလိမ်လည်မှု(Online Scam)လုပ်ငန်းများကို ထိထိရောက်ရောက်တားဆီးနှိမ်နင်းလျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် အတင်းအကြပ်ခိုင်းစေခံရသူများကို ကယ်တင်၍နေရပ်ဒေသများသို့ပြန်လည်စေလွှတ်လျက်ရှိပါသည်။ အဆိုပါဖြစ်စဉ်များတွင် ဒေသတွင်းမဟုတ်သည့် အခြားနိုင်ငံများက နိုင်ငံခြားသားများလည်း ပါဝင်လာသည်ကိုတွေ့ရှိနေရသည့်အတွက် အလေးအနက်ထားထိန်းချုပ်ရန်လိုအပ်သောကြောင့် နိုင်ငံပေါင်းစုံပူးပေါင်းပါဝင်မှုဖြင့် တိုက်ဖျက်နိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ အွန်လိုင်းမှတစ်ဆင့် လိမ်လည်ဖြားယောင်းမှုများနှင့်ပတ်သက်ပြီး ပြည်သူလူထုသိရှိနိုင်ရေး အသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

၁၅။ မြန်မာနိုင်ငံသို့ တရားမဝင်ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူပြည်နှင်လွှဲပြောင်းနိုင်ရေးအတွက် ၂၈-၁၁-၂၀၂၃ ရက်တွင် ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးလုပ်ငန်းကော်မတီအား ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါကော်မတီမှသက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နယ်စပ်ဒေသများတွင်ဖြစ်ပေါ်နေသည့် အွန်လိုင်းလိမ်လည်မှုဖြစ်စဉ်များအပေါ် စိစစ်၍ လူကုန်ကူးခံရနိုင်ခြေအလားအလာရှိသူ(Potential Victim)များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၁၆။ ထို့ပြင် မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်ဒေသများမှတစ်ဆင့် အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိလာပြီး အခက်အခဲမျိုးစုံကြုံတွေ့နေရသည့် နိုင်ငံခြားသားများကို မြန်မာနိုင်ငံရှိ သံရုံးများနှင့်National Central Bureauလမ်းကြောင်းများမှတစ်ဆင့် အကူအညီတောင်းခံလာမှုများနှင့်ပတ်သက်၍လည်း ကယ်တင်ရရှိသူများကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

၁၇။ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့်လည်း ပူးပေါင်း၍တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ဘင်းစတက်အဖွဲ့ဝင်နိုင်ငံများအကြား အကောင်အထည်ဖော်ဆောင်ရွက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်း၊ လုပ်ငန်းလမ်းညွှန်(TOR)နှင့် လုပ်ငန်းစီမံချက်ကို အပြီးသတ်ရေးဆွဲအတည်ပြုနိုင်ခဲ့ပါသည်။

၁၈။ မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ၏ ဝန်ကြီးများအဆင့်အစည်းအဝေးများ၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဒေသတွင်းလုပ်ငန်းအဖွဲ့အစည်းအဝေးများကို ကျင်းပနိုင်ခဲ့ပြီး ဒေသတွင်းနိုင်ငံများအကြား လူကုန်ကူးမှုများကို ထိရောက်စွာတိုက်ဖျက်နိုင်ရေးအတွက် မဲခေါင်ဒေသခွဲလုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခဲ့ရာ လေးကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပါသည်။ လုပ်ငန်းစီမံချက်ပါလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

၁၉။ ၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံအထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့အကြား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့တို့အကြား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံရဲတပ်ဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးများကို မြန်မာနိုင်ငံက ဦးဆောင်ကျင်းပနိုင်ခဲ့ပါသည်။

၂၀။ အစည်းအဝေးများတွင် ဒေသတွင်းနှင့် နိုင်ငံဖြတ်ကျော်ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုများတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှုကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးခံရသူများကယ်တင်ရရှိရေး၊ လူကုန်ကူးမှုများစုံစမ်းစစ်ဆေးရေးနှင့် တရားခံစုံစမ်းဖော်ထုတ်ရေး၊ လူမှုကွန်ရက်အသုံးပြု၍ လူကုန်ကူးမှုကျူးလွန်ခြင်းများ စုံစမ်းဖော်ထုတ်ရေးနှင့် ပြစ်မှုကျူးလွန်သူအတည်ပြုရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂၁။ ကြိုတင်ကာကွယ်ခြင်းသည် ထိရောက်သော ဟန့်တားမှုဖြစ်သဖြင့် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ပြည်သူလူထုကို လူကုန်ကူးမှုအသိပညာပေးမှုခင်းသတင်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊ ဇာတ်လမ်းတိုများ၊ တေးသီချင်းများ၊ အသိပညာပေးစကားဝိုင်းများစသည်တို့ကို ထုတ်လွှင့်ပြသခြင်း၊ တယ်လီဖုန်းအော်ပရေတာများမှတစ်ဆင့် SMS ပေးပို့ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် Hot Line ဖုန်းများတိုးချဲ့တပ်ဆင်ခဲ့ပြီး လူကုန်ကူးမှုသတင်းလက်ခံခြင်း၊ အချိန်နှင့်တစ်ပြေးညီဖော်ထုတ်ခြင်း၊

စာမျက်နှာ ၁၉ သို့

**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၁၇ ရက်သာ လိုတော့သည်**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၂**

၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် နီးနွယ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကော်မတီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အသင်းဌာနချုပ်မှ လက်ထောက် အထွေထွေအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့မှ တာဝန်ရှိသူများ၊ ထူးချွန်ဆုရရှိသူများနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်းစာနာစိတ်အပြည့်ဖြင့် ရှေးဦးပြုစုခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ပေးရုံသာမက နိုင်ငံအတွင်း လူမှုကရုဏာဆိုင်ရာ အကူအညီလိုအပ်သူများအတွက် အကူအညီများပေးခြင်း၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတွင် ကူညီဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စေတနာသွေးလှူရှင် လုပ်ငန်းများနှင့် အရေးပေါ်လူနာတင်ယာဉ် လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများ၊ မိုခါမုန်တိုင်းကြိုတင်ပြင်ဆင် တုံ့ပြန်ခြင်း လုပ်ငန်းများတွင်လည်း ပြည်သူလူထုအတွက် စွမ်းစွမ်းတမံ အသက်စွန့်ပြီး ဆောင်ရွက်ပေးလျက် ရှိကြောင်း။

ထို့ပြင် မကြာမီက ဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည့်ကာလများတွင်လည်း ကာကွယ်တားဆီးခြင်းနှင့် တုံ့ပြန်ခြင်းလုပ်ငန်းများအဖြစ် အသင်းတွင်ရှိသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များက ရပ်ရွာအတွင်း အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်ဝေငှခြင်း၊ လူနာများကို ဆေးရုံဆေးခန်းများသို့ ပို့ဆောင်ပေးခြင်း၊ ကလိုရင်းဆေးခတ်ရာတွင် ကျန်းမာရေးဌာနနှင့်အတူ ကူညီဆောင်ရွက်ပေးခြင်း၊ ဓာတ်ဆားထုပ်များနှင့် ကလိုရင်းဆေးမှုန့်များ ထောက်ပံ့ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် အပြင် ယခုမျောက်ကျောက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင်လည်း ပြည်သူလူထုအတွက် ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ရပါကြောင်း။




ကြက်ခြေနီ မောင်မယ်တို့အနေဖြင့် မိမိတို့ ပိုင်နိုင်စွာတတ်ကျွမ်းထားသည့် ရှေးဦးပြုစုခြင်းနည်းစနစ်များကို အများပြည်သူအားလုံး လက်လှမ်းမီသိရှိသင်ယူနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်ကြရန်၊ ရှေးဦးပြုစုခြင်းပြိုင်ပွဲကနေရရှိသည့် အတွေ့အကြုံကောင်းများကို မိမိတို့၏ တိုင်းဒေသကြီး၊ ပြည်နယ်များတွင်ပြန်လည်ပြီးမျှဝေပေးကြရန်၊ လူမှုကရုဏာဆိုင်ရာ အကူအညီလိုအပ်သော ပြည်သူတိုင်းအတွက် ကြက်ခြေနီ၏ အခန်းကဏ္ဍကနေ သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးနှင့် တက်ညီလက်ညီ စုပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်က ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ Head of Myanmar Delegation Ms. Nadia Christine Khoury နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ First Aid and Pre-Hospital Emergency Care Delegate Mr. Andrew Mok Yuan Minတို့က နှုတ်ခွန်းဆက်စကားပြောကြားကြကာ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရှေးဦးပြုစုခြင်း (တစ်ဦးချင်း-အမျိုးသား) စွမ်းရည်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများနှင့် တံခွန်စိုက်ဆုရရှိသော တိုင်းဒေသကြီး၊ ပြည်နယ်များကို ဆုများပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် IFRC Head of Myanmar Delegation တို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသောပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းဝင်နိုင်ငံ ၁၉၁ နိုင်ငံတွင် နှစ်တစ်နှစ်၏ စက်တင်ဘာလ ဒုတိယပတ် စနေနေ့ကို ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၀၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် (၂၂)ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်းနှင့် ယခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ဆောင်ပုဒ်မှာ "အားကစားအတွက် အမြဲကူညီ ရှေးဦးပြုစုခြင်း အသင့်ရှိသည်" "First Aid and Sports Ready, Set, Respond" ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၈ မှအဆက်**

အရေးယူခြင်းနှင့် ကယ်တင်ခြင်းများဆောင် ရွက်ခဲ့ပါသည်။

၂၂။ ထို့ပြင် သက်ဆိုင်ရာဌာနများ အချင်းချင်းပူးပေါင်း၍ မြို့ပြဒေသများတွင်သာမက ကျေးလက်ဒေသများထိ ပြည်သူလူထုများအသိပညာရရှိရေးအတွက် လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ အသိပညာပေး Billboard များစိုက်ထူခြင်း၊ ကားဂိတ်၊ ရေဆိပ်၊ လေဆိပ်၊ ဘူတာရုံစသည့်လူစည်ကားရာနေရာများတွင် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စတေကာများကပ်ခြင်းစသည်တို့ကိုဆောင်ရွက်လျက်ရှိပါသည်။

၂၃။ လူကုန်ကူးမှုနှင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အသိပညာပေးခြင်းများဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင်လည်း ပြည်ပသို့ထွက်ခွာမည့်သူများကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ တိုက်ရိုက်ဆက်သွယ်အကူအညီတောင်းခံနိုင်သည့်Whats App၊ QR Code ၊ Viber QR Code များ ပေးအပ်ကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

၂၄။ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးခံရနိုင်ခြေအန္တရာယ်အများဆုံးရှိနိုင်သော လူမှုအသိုင်းအဝိုင်းများဖြစ်သည့် အခြေခံလူတန်းစားများ၊ လက်လုပ်လက်စားများ၊ လမ်းပေါ်နေထိုင်သူများ၊ လမ်းပျော်များ၊ ဆယ်ကျော်သက် ကျား၊ မ လူငယ်လူရွယ်များကို ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အသိပညာပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂၅။ လူကုန်ကူးမှုကျူးလွန်သူများကို ထိရောက်မြန်ဆန်စွာစုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီထိုက်သင့်သော ပြစ်ဒဏ်များချမှတ်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဖြင့် ပြစ်ဒဏ်ချမှတ်မှု ၆၄ မှုတွင် ထောင်ဒဏ်တစ်သက် ငါးဦး၊ ထောင်ဒဏ် နှစ် ၄၀ နှစ်ဦး၊ ထောင်ဒဏ် ၂၅ နှစ် တစ်ဦး၊ ထောင်ဒဏ် နှစ် ၂၀ ဦးရေ ၂၀ ၊ ထောင်ဒဏ် ၁၅ နှစ်နှင့် အောက် ၈၃ ဦးတို့ကို ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ပါသည်။

၂၆။ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို တရားမဝင်ရွှေ့ပြောင်းသွားရောက်အလုပ်လုပ်ကိုင်ရာမှလူကုန်ကူးခံရနိုင်ခြင်း၊ အဓမ္မခိုင်းစေခံရနိုင်ခြင်း၊ အလုပ်သမားအခွင့်အရေးအပြည့်အဝမရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းတို့ ကြုံတွေ့နိုင်ကြောင်းနှင့် လူကုန်ကူးမှုကြောင့်ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ အသိပညာပေးမှုများ ဆောင်ရွက်ပြီး စိစစ်ကြပ်မတ်လျက်ရှိပါသည်။

၂၇။ မြန်မာနိုင်ငံသားများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် အရှေ့အလယ်ပိုင်းဒေသရှိနိုင်ငံများသို့ပို့ဆောင်ရန် မက်လုံးပေးစည်းရုံးပြောဆိုပြီး စုဆောင်းခြင်းများကိုလည်း တရားမဝင်ဆောင်ရွက်နေကြသည်ကို စိစစ်တွေ့ရှိရပါသည်။ ထိုသို့တရားမဝင်ပို့ဆောင်သူများကို ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး နစ်နာသူများကို ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့မှု ၁၉၉ မှုရှိခဲ့ပြီး တရားခံ ကျား ၁၇၄ ဦး၊ မ ၂၀၉ ဦး စုစုပေါင်း ၃၈၃ ဦးကိုအရေးယူနိုင်ခဲ့ပါသည်။

၂၈။ လူကုန်ကူးခံရသူများအတွက် အကောင်းဆုံးဝန်ဆောင်မှုများပေးရေးအတွက် စံလုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည့် လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့်စံလုပ်ငန်းအစီအစဉ်(၂၀၂၀)ကို ရေးဆွဲအတည်ပြုပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များထိ စံလုပ်ငန်းစဉ်ပါလုပ်ငန်းများကို သိရှိပြီး အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၉။ လူကုန်ကူးခံရသူများ၏ လူမှုဘဝရပ်တည်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးထောက်ပံ့မှုပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ မိဘရပ်ထံ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်းနှင့် ကျွမ်းကျင်မှုသင်တန်းများပေးခြင်းတို့ကို လူကုန်ကူးခံရသူတစ်ဦးချင်းအတွက် သင့်လျော်သောဝန်ဆောင်မှုအစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူကုန်ကူးခံရသူများအတွက် တရားရုံးရင်ဆိုင်နေစဉ်ကာလအတွင်း ခရီးစရိတ်၊ အစားအစာနှင့် ရိက္ခာ၊ ဆေးကုသစရိတ်၊ ဘဝရပ်တည်နိုင်ရေး နောက်ဆက်တွဲကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် လူကုန်ကူးခံရသူများကို လိုအပ်သည့် ပံ့ပိုးကူညီမှုများ၊ညွှန်းပို့ကူညီမှုများ၊နောက်ဆက်တွဲစောင့်ရှောက်မှုများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၃၀။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လူသားတို့၏ အရင်းအမြစ်ဖြစ်သည့် ကလေးသူငယ်များကိုပြုစုပျိုးထောင်ခြင်း၊ အသက်အရွယ်နှင့်လျော်ညီစွာဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားခြင်း၊ ခွဲခြားဆက်ဆံမှုမပြုခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်ခံစားမှုမရှိစေရေးတို့အတွက် ကာကွယ်စောင့်ရှောက်ပေးခြင်းများသည် အဓိကကျသောကြောင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၃၁။ သို့ဖြစ်၍ ၂၀၂၄ ခုနှစ် (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား"**ဆိုသည့်အတိုင်း လူကုန်ကူးခံရသူများအထူးသဖြင့် လူကုန်ကူးခံရသူအမျိုးသမီးနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊လုံခြုံစိတ်ချမှုရှိစေရေးတို့ကို ဦးစားပေးဆောင်ရွက်ခြင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုမရှိစေရေး ကာကွယ်စောင့်ရှောက်ပေးခြင်းလုပ်ငန်းများကို အဓိကကျသည့်အခန်းကဏ္ဍတစ်ရပ်အဖြစ် တိုးမြှင့်ဆောင်ရွက်သွားကြခြင်းဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များလူကုန်ကူးခံရမှုအန္တရာယ်မှ တားဆီးကာကွယ်နိုင်မည်ဟုယုံကြည်မိပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ မဟာဗောဓိ ကျောင်းတိုက်ဝင်းအတွင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး မဟာဗောဓိကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)


ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
WORLD FIRST AID DAY

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်။

“အားကစားအတွက် အမြဲကူညီ ရှေးဦးပြုစုခြင်း အသင့်ရှိသည်”

First Aid and Sports
Ready, Set, Respond


## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေကြီး ရေလျှံမှုကြောင့် ဓာတ်အားလိုင်းများ ပြိုလဲပျက်စီးဖြစ်ပေါ်ခဲ့မှု ကွင်းဆင်းကြည့်ရှု





**နေပြည်တော် စက်တင်ဘာ ၁၂**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဖြတ်သန်းသွယ်တန်းတည်ဆောက်ထားသည့် ကေဗွီ ၂၃၀ သာစည်-ရွှေမြို့ ဓာတ်အားလိုင်းရှိ တာဝါတိုင်အမှတ် (၃၀၁၊ ၃၀၂၊ ၃၀၃၊ ၃၀၄၊ ၃၀၅)နှင့် ကေဗွီ ၂၃၀ ရွှေမြို့-နေပြည်တော် (၂) ဓာတ်အားလိုင်းရှိ တာဝါတိုင်အမှတ် (၁၂၊ ၁၃၊ ၁၄၊ ၁၅) တာဝါတိုင်များသည် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားခဲ့သဖြင့် ပြန်လည်ပြုပြင် ပြင်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ်အတွင်း ဓာတ်အားလိုင်းများ၊ တာဝါတိုင်များပြိုလဲပျက်စီးနေသည့်နေရာသို့ရောက်ရှိရာ တာဝန်ရှိသူများက မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့်ဓာတ်အားလိုင်းနှင့် တာဝါတိုင်များ ပြိုလဲပျက်စီးခဲ့မှု၊ ဓာတ်အားပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်သွားမည့်အစီအမံများနှင့် သတ်မှတ်ရက်အတွင်း ရာနှုန်းပြည့်ပြီးစီးနိုင်ရေးဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားပို့လွှတ်ရေး ဓာတ်အားလိုင်းကြီးများ ပြိုလဲပျက်စီးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရုံးအမှတ်(၂၇) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ ကေဗွီ ၂၃၀ သာစည်-ရွှေမြို့ ဓာတ်အားလိုင်းနှင့် ကေဗွီ၂၃၀ ရွှေမြို့-နေပြည်တော် (၂)ဓာတ်အားလိုင်းတို့သည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀ ခန့်ကို သယ်ယူပို့ဆောင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာဒေသများသို့ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ဓာတ်အားလိုင်းတာဝါတိုင် ကိုးတိုင်နှင့် မြို့တွင်းဓာတ်အားဖြန့်ဖြူးရေးဓာတ်အားလိုင်းများ ပြိုလဲပျက်စီးသွားခဲ့၍ အဆိုပါဒေသအချို့တွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများဖြစ်ပေါ်ခဲ့သဖြင့် ဓာတ်အားအမြန်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှ အင်ဂျင်နီယာများဦးဆောင်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းဦးရေ ၄၅၀ ဖြင့် အဖွဲ့ခုနစ်ဖွဲ့ခွဲကာ ဓာတ်အားပို့လွှတ်ရေး ဓာတ်အားလိုင်းများ၊ တာဝါတိုင်များနှင့် မြို့တွင်းဓာတ်အားဖြန့်ဖြူးရေး ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❑ ကျောဖုံးမှအဆက်**

အဆိုပါဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ယနေ့ညနေမှ စက်တင်ဘာ ၁၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် (၂၈)လမ်း (မြောက်ဘက်)၊ အောင်သာယာ ရပ်ကွက်တွင် ပါတီရုံးချုပ်တည်ရှိသော **လူမှုစီးပွားရေးမြှင့်တင်ရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် စက်တင်ဘာ ၁၁ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လူမှုစီးပွားရေးမြှင့်တင်ရေးပါတီ၏ အလံပုံစံ**



**လူမှုစီးပွားရေးမြှင့်တင်ရေးပါတီ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်

**☆ ဖမ်းဆီးရမိမှုမှအဆက်**

တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၄ မျိုး၊ စားသောက်ကုန်ပစ္စည်းသုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၆၁၀၄၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dump Truck အမျိုးအစားမော်တော်ယာဉ် ၂၉ စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၈၁၀၄၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင်အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ရေနံစိမ်း ၁၄ဂါလန်နှင့် မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၀၀၀ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း၊ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၀ စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၇၉၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဗဟန်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Toyota Probox မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ် အဗျားငှက်ချေးဝင်းကျေးရွာအနီး၌ လိုင်စင်မဲ့ Toyota Voxy မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၁၀ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၉၁ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၄၁၈၃၀၀၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်ကာ ဓားပြတိုက်လုယက်မှုကျူးလွန်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်တိုအတွင်း သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်ကာ ဓားပြတိုက်လုယက်မှုကျူးလွန်သူများကို သက်သေခံပစ္စည်းများနှင့် ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၁၂**

စက်တင်ဘာ ၁၁ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက် ၆၁(A)လမ်း ၁၁၅ လမ်းနှင့် ၁၁၆ လမ်း ကြားနေ ဦးရဲလင်းရွှေ ၄၇ နှစ်သည် ၎င်း၏နေအိမ်၌ မိသားစုနှင့်အတူရှိနေစဉ် YGN-22/7D-4547 Alphard အမျိုးအစား ယာဉ်ဖြင့် အမျိုးသား ခုနစ်ဦး(စိစစ်ဆဲ) ရောက်ရှိလာပြီး ၎င်းတို့အနက်မှ အမျိုးသား လေးဦးက ဓား၊ သေနတ်များကိုင်ဆောင်၍ နေအိမ်အတွင်း ဝင်ရောက်လာကာ ဦးရဲလင်းရွှေ၏သမီးဖြစ်သူ မထက်နေရည်မောင် လေးနှစ်အား ရိုက်နှက်၍ နေအိမ်ရှိ စူပါကပ်ဆိုင်ကယ် တစ်စီးနှင့်ထီး တစ်လက်တို့အားဖျက်ဆီးပြီး ဦးရဲလင်းရွှေ ပိုင်ဆိုင်သည့် MDY-14/6J-9817 SUZUKI အမျိုးအစား ခဲရောင်ယာဉ်တစ်စီး၊ IPhone 10 XR လက်ကိုင်ဖုန်းတစ်လုံးတို့အား ဓားပြတိုက်လုယက်ယူဆောင် ထွက်ပြေးသွားကြောင်းသတင်းအရ ပြည်ကြီးတံခွန်မြို့မရဲစခန်း(ပ)၂၂၈/၂၀၂၄၊ ရာဇသတ်ကြီး ပုဒ်မ ၃၉၅/၃၂၃/၄၂၇ ဖြင့် အမှုရေးဖွင့်၍ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အထက်ပါဖြစ်စဉ်မှပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ဖြင့် အခင်းဖြစ်ရပ်မှတ်တမ်းအထောက်အထားများရယူ၍ နယ်မြေအတွင်းသတင်းရယူစုံစမ်းခြင်း၊ လုံခြုံရေးဆိုင်ရာအထောက်အကူပြုပစ္စည်းများမှ သတင်းအချက်အလက်များ ရယူစုံစမ်းဖော်ထုတ်ခဲ့ရာ ည ၁၀ နာရီ ၄၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက် ၆၈(D) လမ်းနှင့် မင်္ဂလာလမ်းထောင့်၌ ပြစ်မှုကျူးလွန်သူ တရားခံများဖြစ်ကြသည့် ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်နေ ဖွဲ့ထက်(ခ) ဇော်ထက် ၂၆ နှစ်(ဘ)ဦးရဲဝင်း၊ တစ်ရပ်ကွက်တည်းနေ ချမ်းငြိမ်းသူ ၂၅ နှစ်(ဘ)ဦးမြင့်သန်း၊ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ဟိန်းသန့် ၁၉ နှစ်(ဘ)ဦးကျော်မင်းထွန်း၊ တစ်ရပ်ကွက်တည်းနေ ဇင်မင်းခန့်(ခ)တရုတ်ကြီး ၁၉ နှစ်(ဘ)ဦးမိုးခိုင်၊ အောင်မြင့်မြတ်(ခ) ဆုပင် ၁၈နှစ်(ဘ)ဦးအောင်ကျော်ကျော်မျိုး၊ အောင်မြင့်မြတ်(ခ) အောင်ဆန်းဦး ၁၉နှစ်(ဘ)ဦးဝေလင်းအောင်၊ အောင်မြေသာစံမြို့နယ် အိုးဘိုရပ်ကွက်နေ စိုင်းခွန်ကျော်ဇော(ခ)ခွန်ကျော် ၃၀ နှစ်(ဘ)ဦးမောင်မောင်ဆွေတို့ ခုနစ်ဦးအား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အရှိုး၊အသွား ၂၄ လက်မ ခန့်ရှိဓားရှည်တစ်ချောင်း၊ အရှိုး၊ အသွား ၃၄ လက်မခန့်ရှိ ဓားရှည်တစ်ချောင်း၊ အရှည် ခြောက်လက်မခန့်ရှိ ရဲဒင်း တစ်လက်၊ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် ကော်သေနတ်အနက်ရောင် တစ်လက်၊ YGN-22/7D-4547 Alphard အမျိုးအစား အနက်ရောင်ယာဉ်၊ MDY-14/6J-9817 SUZUKI အမျိုးအစားယာဉ် နှစ်စီးတို့နှင့် အတူဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင်နေအိမ်အတွင်း ဝင်ရောက်ကာ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ ဖွဲ့ထက်(ခ)ဇော်ထက်ပါ တရားခံ ခုနစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကိုမလိုလားသည့် တာဝန်သိပြည်သူများနှင့်ပူးပေါင်းကာ အခင်းဖြစ်ပွားပြီးချိန်မှ အချိန်တိုအတွင်း သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိတရားခံများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဒီပဲယင်းမြို့ ကံပြားရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် နေအိမ် ၂၅ လုံး ပျက်စီးခဲ့သည်ဟု သတင်းမှားများ ဖြန့်ဝေရေးသားလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့အနီးရှိ ကံပြားရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခြင်းများကြောင့် နေအိမ် ၂၅ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိသည့် ဒေသခံပြည်သူများက ကံပြားရွာအနီးတွင် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ကစဉ့်ကလျားဖြင့် ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ ဆုတ်ခွာထွက်ပြေးစဉ် ကျေးရွာအတွင်းရှိ လူနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။

ယခုဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို အချိန်မီတားဆီးဆောင်ရွက်နိုင်ခဲ့သည်ကို မလိုလားသည့် တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)







# ဘိုကလေးမြို့နယ်တွင် လူငယ် ၄၀ ကျော် အဓမ္မစစ်သားစုဆောင်းခံရသည်ဟု မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေ

**နေပြည်တော် စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန်အတွက် လူငယ် ၄၀ ကျော် အဓမ္မစုဆောင်းခံရသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက အများပြည်သူအထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသား လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဘိုကလေးမြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့် ပတ်သက်ပြီး တရားမဝင် ပြည်ဖျက်မီဒီယာများတွင် လူငယ်များကို အဓမ္မဖမ်းဆီးခြင်း၊ လမ်းသွားလမ်းလာများကို ပေါ်တာဆွဲခြင်းစသည့် သတင်းတု၊ သတင်းမှားများကို ပြည်သူလူထုကြောက်ရွံ့ထိတ်လန့်စေရန် လုပ်ကြံရေးသားလျက်ရှိသည့်အတွက် နိုင်ငံတော်ပိုင် သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ၊ သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ရှိသူများမှလည်း ဆွေးနွေးဟောပြောမှုများ လုပ်ဆောင်လျက်ရှိရာ ပြည်သူများအနေဖြင့် သိရှိလိုသည်များ မေးမြန်းစုံစမ်းနိုင်ရန်အတွက်လည်း မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များထံသို့ ဆက်သွယ်မေးမြန်းနိုင်ရန်အတွက် ဖုန်းနံပါတ်များကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် ထုတ်ပြန်ပေးထားကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "တစ်ရာတန်ကောင်လေး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် မြို့ဟောင်းကုန်းကျေးရွာနေ မိုးစည်(ခ)ငန်းမအား ညနေ ၄ နာရီတွင် ရေးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

ခရီးသွားဆောင်းပါး

# တာချီလိတ်သို့ ရုတ်တရက်ခရီးရှည်ထွက်ခဲ့ခြင်း

သက်နိုင်(ပြင်ဦးလွင်)

ဒီတစ်ခေါက်သွားရောက်ခဲ့ရတဲ့ခရီးစဉ်က ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ခရီးစဉ်ပါ။ ဒီခရီးစဉ်ကို စီစဉ်မထားဘဲ ရုတ်တရက်ရောက်ရှိခဲ့ရတယ်။ မိမိရဲ့အိမ်ဘေး တစ်ခြံကျော်မှာ မိသားစုလိုခင်မင်ရင်းနှီးနေတဲ့ အိမ်ထောင်စုတစ်ခုက မဖြစ်မနေ လိုက်လံပို့ဆောင်ပေးပါဆိုပြီး အတင်းအကျပ် တောင်းပန်ပြောဆိုကြတာကြောင့် သွားရောက်ခဲ့ရတယ်။ အဲဒီနေ့က ဩဂုတ်လ ၁၀ ရက် တနင်္ဂနွေနေ့ပါ။ ကျောင်းပိတ်ရက်ဖြစ်လို့ အေးအေးဆေးဆေးဇိမ်ယူ အိပ်စက်နေတုန်း မိမိကို တစ်ယောက်ပြီးတစ်ယောက် လာနှိုးနေကြတယ်။ ဘာကြောင့်လဲ မေးကြည့်လိုက်တော့ တာချီလိတ်မြို့ရှိရာကို ပို့ဆောင်ပေးဖို့ဖြစ်ကြောင်း သိလိုက်ရတယ်။ မိမိအနေနဲ့က ရုတ်တရက် နေ့ချင်းညချင်းဖြစ်နေတာကတစ်ကြောင်း၊ မလိုအပ်သေးဘဲ မသွားစေချင်သေးတာကတစ်ကြောင်း၊ ခရီးအလွန်ဝေးတာကတစ်ကြောင်းနဲ့ သွားမဲ့သူတွေက နေမကောင်းဖြစ်နေသူ၊ အသက်အရွယ်ငယ်လွန်းနေသေးသူ ကလေးတွေဖြစ်နေတာကြောင့် သေသေချာချာစဉ်းစားတိုင်ပင်ကြဖို့ နားချပြောဆိုနေပေမဲ့ ဘယ်လိုမှမရကြတော့ဘဲ လိုက်ပို့ဖို့ကိုသာ တွင်တွင်ပြောဆိုနေကြတော့တယ်။

သူတို့မိသားစုက တာချီလိတ်မှာနေတဲ့ ဆွေမျိုးတွေဆီသွားရမှာဖြစ်တယ်။ ဒါနဲ့ သွားကြတာပေါ့ဆိုပြီး နာရီကိုကြည့်တော့ မနက် ၉ နာရီ ထိုးနေပါပြီ။ ပြင်ဦးလွင်ကနေ တာချီလိတ်ထိ မိုင်ထောင်ချီရှိတဲ့ ခရီးရှည်ကြီးကို မိမိရဲ့ကားနဲ့ အသွားအပြန် မောင်းနှင်ဖို့ဆိုတာက ကားကို ကြိုတင်ပြင်ဆင်စစ်ဆေးမှုတွေလုပ်မထားရတာကြောင့် လွယ်ကူမှာမဟုတ်ပါဘူး။

တကယ်သွားကြရတော့မယ်ဆိုတော့လဲ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းတွေကအစ လိုအပ်တာတွေကို မြန်မြန်ဆန်ဆန်ပြင်ဆင်ထည့်သွင်းထုပ်ပိုးကြရပြန်တယ်။ မိနစ်ပိုင်း၊ နာရီပိုင်းအချိန်တိုလေးအတွင်းမှာ ယူသင့်တာတွေကိုယူ၊ ချန်သင့်တာတွေကို ချန်နဲ့ လုပ်ကိုင်ဆောင်ရွက်နေရလို့ အခက်အခဲဒုက္ခအနည်းငယ်ရောက်ပြီး စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေကြရတယ်။ မနက် ၁၀ နာရီထိုးချိန်မှာ ပြင်ဦးလွင်ကနေ စတင်ထွက်ခွာကြတော့မယ်ဆိုပြီး ကားပေါ်ကိုတက်နေရာယူကြတဲ့အခါ တစ်နှစ်အောက်ကလေးတစ်ယောက်၊ တစ်နှစ်ကျော်ကလေးတစ်ယောက်၊ သုံးနှစ်အရွယ်ကလေးတစ်ယောက်၊ ငါးနှစ်အရွယ်ကလေးတစ်ယောက်၊ ၁၁ နှစ်အရွယ် ကလေး တစ်ယောက်၊ အသက် ၂၀ လောက် ဇနီးမောင်နှံ နှစ်ယောက်၊ အသက် ၇၀ ကျော် လေဖြတ်နေတဲ့အဘိုးတစ်ယောက်နဲ့ မိမိအပါအဝင် စုစုပေါင်းကိုးယောက်ပါ။ ဒီလိုကားပေါ်ကိုတက်နေရာယူကြတဲ့အခါ လေဖြတ်ပြီးလမ်းမလျှောက်နိုင်တဲ့အဘိုးကို လူလေးယောက်လောက်က ချီပွေ့မတင်ပြီး ကားပေါ်ရောက်အောင်လုပ်ကြရတယ်။ အဲဒီလိုလုပ်နေရတဲ့အချိန်မှာပဲ အဘိုးဖြစ်သူက ငါမသွားချင်ဘူး၊ ငါမလိုက်ချင်ဘူး၊ ငါ့ကိုထားခဲ့ကြဆိုပြီး အတင်းအော်ဟစ်ရုန်းကန်နေလို့ ခရီးထွက်အံ့ဆဲဆဲအချိန်ကစတင်ပြီး စိတ်ဒုက္ခတွေရောက်ကြရတော့တယ်။

ပြင်ဦးလွင်ကနေအဆင်း တောင်ခြေ ၁၆ မိုင်ကိုရောက်တော့ ရာသီဥတုက သိသိသာသာပူပြင်းလာတယ်။ ဒီအချိန်မှာ နို့စို့အရွယ်ကလေးနှစ်ယောက်က အိပ်ရာကနေနိုးလာကြပြီး ရာသီဥတုအပူဒဏ်ကိုမခံနိုင်ကြလို့ထင်တယ် စူးစူးဝါးဝါးအော်ငိုကြတော့တယ်။ နို့စို့အရွယ်ကလေးနှစ်ယောက်ငိုတော့ သုံးနှစ်အရွယ်ကလေးကလဲ ရောယောင်ပြီး လိုက်ငိုတဲ့အပြင် အိမ်ပြန်ချင်တယ်၊ အိမ်ကိုပြန်ပို့ပေး၊ အဘွားကိုလွမ်းတယ်ဆိုပြီး ငိုရင်း၊ ပြောရင်းပူဆာနေတာကြောင့် မိမိမောင်းနှင်နေတဲ့ စူပါကာစတန်ကားရဲ့ အရှေ့၊ အနောက် ကားတစ်စီးလုံး ငိုသံတွေ၊ အော်သံတွေနဲ့ ဆူညံသွားခဲ့ရတယ်။ စစ်ဆေးရေးဂိတ်ကိုရောက်ရှိတဲ့အခါမှာလဲ သက်ဆိုင်ရာတာဝန်ရှိသူတွေ ဘယ်ကလာတာလဲ၊ ဘယ်ကိုသွားမှာလဲ၊ လူဘယ်နှယောက်လဲ စတဲ့မေးခွန်းတွေကို မမေးကြတော့ဘဲ ကလေးတွေက ဘာလို့ငိုနေကြတာလဲဆိုတဲ့မေးခွန်းလောက်ကိုသာ မေးမြန်းကြတာကြောင့် သင့်တင့်အောင် ပြန်လည်ဖြေကြားပြီး ဂိတ်တွေကို ဖြတ်သန်းလာခဲ့ရတယ်။ အကြောင်းအမျိုးမျိုးနဲ့ မြန်မာနိုင်ငံအနှံ့သွားရောက်ခဲ့ပြီးတဲ့ ခရီးစဉ်ပေါင်းများစွာထဲမှာ အခုခရီးစဉ်ကတော့ တကယ့်ကို အမှတ်တရပါ။

လမ်းခရီးမှာ ကလေးတွေငိုတာလောက်၊ အော်



ဟစ်တာလောက်နဲ့မပြီးသေးဘဲ ချေးတွေပါလို့၊ ရှူးရှူးတွေပေါက်ချလို့၊ အန်နေလို့၊ အင်္ကျီဘောင်းဘီ အဝတ်အစားလဲပေးမလို့၊ နို့ဖျော်တိုက်မလို့ဆိုပြီး ကားရပ်ပေးနေရတာကလဲ အကြိမ်ကြိမ်ပါ။ ဒီလိုနဲ့ ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်ကနေ ဟံမြင့်မိုရ် လမ်းခွဲအတိုင်း ရွှေညောင်-အောင်ပန်း-တောင်ကြီးလမ်းကို ဆက်လက်မောင်းနှင်လာခဲ့ရတယ်။ ကလေးတွေကတော့ ငိုရတာ၊ အော်ရတာတွေကြောင့် မောဟိုက်သွားကြပြီဖြစ်သလို နို့ဝသွားကြတာနဲ့ ရာသီဥတုက တဖြည်းဖြည်းအေးမြလာတာတွေကြောင့် အသီးသီးအိပ်ပျော်သွားခဲ့ကြပါပြီ။ ဒီတော့မှ ရွှေညောင်အတက်လမ်းကို စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ မောင်းလာခဲ့ရတော့တယ်။

ရွှေညောင်လမ်းကနေ လာရောက်တဲ့အကြိမ်တိုင်း သာယာလှပတဲ့ရှုခင်းနေရာတွေကို ရောက်တဲ့အခါ ကားခဏရပ်ပြီး မှတ်တမ်းဓာတ်ပုံရိုက်သင့်တာရိုက်၊ ကြည့်စရာရှိတဲ့ရှုခင်းတွေကိုကြည့်နဲ့ ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ်သွားလာခဲ့ရမြဲဖြစ်ပေမဲ့ အခုတစ်ခေါက်မှာ အိပ်ပျော်နေတဲ့ကလေးတွေနိုးလာကြမှာကို စိုးရိမ်ပူပန်နေရတာကြောင့် ကားလဲမရပ်ရဲ၊ ဓာတ်ပုံတွေလဲမရိုက်ရဲနဲ့ ရွှေညောင်မြို့ကိုရောက်လာခဲ့ရတယ်။ လမ်းတစ်လျှောက်မှာတွေ့မြင်နေရတဲ့ရှုခင်းတွေက သာယာလှပနေဆဲပါ။

ရွှေညောင်မြို့ကိုရောက်တာနဲ့ ကားအတွက်လိုအပ်တဲ့ ဆီထည့်တယ်။ ပြင်ဦးလွင်ကနေ စတင်ထွက်ခွာလာခဲ့တုန်းက ကားထဲမှာ ဆီတစ်ဝက်ကျော်ရှိနေခဲ့တယ်။ လမ်းတစ်လျှောက် မောင်းနှင်လာခဲ့ရင်း ကျောက်ဆည်မြို့ကိုရောက်တော့မှ ဆိုင်တစ်ဆိုင်ကနေ သုံးသောင်းကျပ်ဖိုးထည့်ခဲ့တယ်။ ဆီထည့်ပြီး ဆက်မောင်းလာရာ ရွှေညောင်မြို့ကို ရောက်လာတယ်။ ရွှေညောင်မြို့ရောက်တော့လဲ ဆီဆိုင်က ဒီဇယ်ရတာကြောင့် သတ်မှတ်ခွဲဝေနှုန်းအတိုင်း ငါးသောင်းကျပ်ဖိုး ဝယ်ယူထည့်ခဲ့တယ်။ ဒီဇယ်ကားတွေက ခရီးသွားလာသုံးစွဲရတာ အလွန်အဆင်ပြေသလို အခု မိမိရဲ့ကားကလဲ တောင်ကြီးမြို့ရောက်တဲ့ထိ ဆီအပြည့်အစုံနဲ့ မပူရမပန်ရ သွားလို့ရနေပါပြီ။

ကားထဲကိုဆီဖြည့်ပြီး ရွှေညောင်မြို့ကနေ ပြန်လည်ထွက်ခွာလာတဲ့အချိန်မှာ ၁၁ နှစ်အရွယ်ကလေးနဲ့ အဘိုးဖြစ်သူက တာချီလိတ်ကိုမရောက်သေးဘူးလား။ တာချီလိတ်မြို့ကို ဘယ်အချိန်ရောက်မှာလဲ။ မိုင်ဘယ်လောက်လိုသေးလဲ စသဖြင့်မေးမြန်းကြတော့တယ်။ ဒါ့ပြင် အဘိုးက ခြေထောက်ကို တစ်နေကုန်ချထားရတာ ခြေထောက်တစ်ချောင်းက ရောင်လဲရောင်၊ နာလဲနာနေပြီဆိုတာကြောင့် ကားကိုခဏရပ်ပြီး သေချာကြည့်လိုက်တော့ ခြေထောက်တစ်ဖက်က တကယ်ရောင်နေတာကို တွေ့လိုက်ရတယ်။ အခြေအနေအရ ရုတ်တရက်ခရီးထွက်လာခဲ့ကြရတာဖြစ်လို့ သူ့ကိုလဲ ကိုယ်မကြည့်နိုင်ခဲ့ဘူး။ အိမ်မှာ အဘိုးရဲ့ဆေးဝါးပစ္စည်းတွေကျန်ခဲ့ပြီဖြစ်ကြောင်းကို အဲဒီမှာသိရှိလိုက်ရတယ်။ ဒါကြောင့် လမ်းမှာ လိုအပ်တဲ့ဆေးတွေဝယ်ပေးပါမယ်လို့ အဘိုးကို ဖျောင်းဖျပြောဆိုနေရသလို တာချီလိတ်မြို့ကိုလဲ အချိန်တန်ရင် ရောက်မှာပေါ့၊ တဖြည်းဖြည်းနဲ့ နီးလာနေပါပြီဆိုပြီး လှည့်ပတ်ပြောဆိုနေရတော့တယ်။

တကယ်တော့ တာချီလိတ်မြို့ကို ရောက်ဖို့အတွက် ဒီတစ်ည တောင်ကြီးမြို့မှာ တစ်ညအိပ်၊ နောက်တစ်နေ့မနက်မှာ တောင်ကြီးကနေ စောစောပြန်ထွက်ပြီး လမ်းမှာတစ်ညထပ်အိပ်နဲ့ သုံးရက်မြောက်နေ့မှ တာချီလိတ်ကိုရောက်ကြမှာပါ။ ၂၀၁၇ ခုနှစ်တုန်းက မိမိရဲ့ ခွေးဘီလူးကားလေးနဲ့ ခရီးဖော်တစ်သိုက် တာချီလိတ်ကိုလာခဲ့ကြစဉ်တုန်းက လည်ရင်းပတ်ရင်း၊ လေ့လာကြည့်ရှုစရာတွေကို လေ့လာကြည့်ရှုခဲ့ကြရင်းနဲ့ တောင်ကြီးမြို့မှာ တစ်ည၊ ကွန်ဟိန်းမြို့မှာတစ်ည၊ ကျိုင်းတုံမြို့မှာတစ်ည စုစုပေါင်း သုံးရက်အိပ်ပြီးမှ တာချီလိတ်မြို့ကိုရောက်လာခဲ့ကြတယ်။ အခုအချိန်မှာသာ ကလေးတွေနဲ့အဘိုးကို တာချီလိတ်မြို့ရောက်ဖို့အတွက် လမ်းမှာနှစ်ညအိပ်ကြရအုံးမယ်လို့ ပြောလိုက်ရင် သူတို့တွေ စိတ်ညစ်တာတွေ၊ စိတ်ဓာတ်ကျတာမျိုးတွေ ဖြစ်ကုန်ကြတော့မှာပါ။ သူတို့တွေ စိတ်ညစ်ကြတာနဲ့အမျှ မိမိကိုယ်တိုင်က ပိုမိုပင်ပန်းဒုက္ခရောက်နိုင်တာကြောင့် အမျိုးမျိုးနဲ့ အလိမ္မာသုံးပြောဆိုနေရတယ်။

ရွှေညောင်ကနေထွက်လာပြီး မကြာခင်မှာ ဗိုက်ဆာလာတယ်။ မနက်အိပ်ရာထပြီးကတည်းက လက်ဖက်ရည်တစ်ခွက်ကိုသာ သောက်ထားရသေးပေမဲ့ ရုတ်တရက်ခရီးသွားဖို့ ပြင်ရဆင်ရ၊ လိုက်လံပို့ဆောင်ပေးရသူတွေက လူနာအဘိုးနဲ့ ကလေးငယ်တွေဖြစ်နေရ၊ သွားရောက်ကြရမဲ့ခရီးက တစ်ရက်တည်းမဟုတ်၊ နှစ်ရက်တည်းမဟုတ် အလွန်ဝေးလံတဲ့ မိုင်ရှည်ခရီးကြီးဖြစ်နေရ၊ လမ်းခရီးတစ်လျှောက်လုံးမှာလဲ စိတ်ပူပန်ဖောတွေနဲ့ မောပန်းတာတွေကြောင့် စားချင်သောက်ချင်စိတ်လဲမရှိ၊ ဗိုက်ဆာနေတာကိုလဲ သတိမရဖြစ်နေရာကနေ အခုအချိန်ရောက်မှ သိသိသာသာဆာလောင်လာရတော့တာပါ။ အဘိုးနဲ့ကျန်တဲ့သူတွေကိုမေးကြည့်တော့လဲ ဗိုက်ဆာနေကြပြီဆိုတာကြောင့် အောင်ပန်းမြို့ရောက်အောင် မြန်မြန်မောင်းနှင်လာခဲ့ရတယ်။ ရွှေညောင်နဲ့အောင်ပန်းကြားမှာ စားသောက်ဆိုင်ကောင်းကောင်းကို မမြင်မတွေ့မိသလို တွေ့ရာဆိုင်မှာ ဝင်ရောက်စားသောက်ကြမယ်ဆိုရင်လဲ အဆင်ပြေနိုင်မှာမဟုတ်လို့ ကားကိုဆက်မောင်းခဲ့တယ်။

ဆက်မောင်းရင်း ရွှေညောင်မြို့ကို ကျော်လွန်လာတာနဲ့ လမ်းတစ်လျှောက်မှာရှိနေတဲ့ ရှုခင်းတွေက ပိုမိုသာယာလှပလာကြတယ်။ ရွှေညောင်လမ်းပိုင်းကို အဆင့်မြှင့်တိုးချဲ့ဖောက်လုပ်ပြီးစီးတဲ့အချိန်မှာ အသွားအလာတွေလဲ ပိုမိုများပြားလာခဲ့တယ်။ ဒါပေမဲ့ ဒီတစ်ခေါက်ခရီးစဉ်မှာ ရှုခင်းတွေကို အေးအေးဆေးဆေးခံစားကြည့်ရှုခွင့်မရတော့ပါဘူး။

ဗိုက်ကလဲဆာ၊ လမ်းကလဲရှင်းနဲ့ ကားကိုမြန်မြန်မောင်းနှင်လာခဲ့ရတာ ညနေ ၄ နာရီကျော်မှာ အောင်ပန်းမြို့ကို ရောက်လာခဲ့တယ်။ စားသောက်ကြဖို့အတွက် ခရီးသည်တင်ကားတွေ ရပ်နားစားသောက်လေ့ရှိတဲ့ ဈေးဆိုင်တန်းရှေ့မှာ ကားရပ်ရင်း သင့်တင့်တဲ့ဟင်းပွဲတွေကို မှာယူထားခဲ့ပြီး မဖြစ်မနေ ဆက်လက်လုပ်ဆောင်ရတဲ့အလုပ်တစ်ခုက အဘိုးရဲ့ရောင်နေတဲ့ခြေထောက်အတွက် လိုအပ်တဲ့ဆေးဝါးတွေကို လိုက်လံရှာဖွေဝယ်ယူရတာပါ။ ဆေးတွေဝယ်လာပြီး အဘိုးကို ထမင်းကျွေး ဆေးတိုက်ပြီးမှ မိမိကိုယ်တိုင် စားသောက်ခွင့်ရတော့တယ်။ အဘိုးကိုထမင်းခွံ့ကျွေးနေရင်းနဲ့ အလွန်ဆာလောင်နေပြီဖြစ်တဲ့ မိမိရဲ့ဗိုက်ကို တော်တော်ထိန်းချုပ်ထားခဲ့ရတယ်။ အဘိုးက လမ်းလဲမလျှောက်နိုင်၊ ကိုယ်တိုင်လဲ ယူငင်စားသောက်ခြင်းမပြုနိုင်တော့တာကြောင့် ကားပေါ်မှာပဲ ခွံ့ကျွေးနေရတယ်။ ထမင်းစားသောက်ပြီး ဗိုက်ပြည့်သွားကြပြီဖြစ်ပေမဲ့ ရှေ့ခရီးကိုမဆက်နိုင်ကြသေးဘဲ နို့စို့အရွယ်ကလေးငယ်တွေရဲ့ ဝေယျာဝစ္စတွေကို လုပ်ကြရသေးတယ်။ သူတို့ကို လုပ်ကိုင်ပေးနေရတဲ့ အလုပ်တွေက များပြားစိတ်ရှည်ကြရသလို အချိန်လဲပေးကြရတယ်။ ဒါကြောင့် မှောင်ရီပျိုးခါနီးမှ အောင်ပန်းမြို့ကနေ ထွက်ခွာလာနိုင်ခဲ့တယ်။

ကားထွက်ထွက်ချင်း ပြန်လည်ဖြေကြားနေရတဲ့ မေးခွန်းတွေက တောင်ကြီးမြို့ကို ဘယ်အချိန်ရောက်မှာလဲ၊ တာချီလိတ်မြို့ကို ဘယ်တော့ရောက်မှာလဲ၊ ညဘယ်မှာအိပ်ရမှာလဲ၊ ဒီနေ့ည တောင်ကြီးကိုရောက်မှာလား၊ တာချီလိတ်ကိုရောက်မှာလား၊ အဘိုးကို ဘယ်လိုလုပ်မလဲ၊ ပြင်ဦးလွင်ကနေ ဖုန်းဆက်မေးရင် ဘယ်ကိုရောက်နေပြီလို့ပြောရမှာလဲ၊ ပြင်ဦးလွင်နဲ့ အခုရောက်နေတဲ့နေရာနဲ့ ဘယ်လောက်ဝေးသလဲ၊ မနက်ရောက်ရင် ဘယ်လိုလုပ်ကြရမှာလဲ စသဖြင့် တစ်ယောက်တစ်ပေါက်မေးလာကြတဲ့မေးခွန်းတွေကို မနားတမ်းပြန်လည်ဖြေကြားပေးနေရတယ်။ တဖြည်းဖြည်းနဲ့ ညကလဲမှောင်လာ၊ ထမင်းစားသောက်အပြီး သိချင်တာတွေတွေကို မေးမြန်းကြအပြီး သူတို့တွေကတော့ အသီးသီးအိပ်ပျော်သွားခဲ့ကြပေမဲ့ မိမိကတော့ ကားကိုဆက်လက်ပြီး ဂရုစိုက်မောင်းနှင်နေရသေးတယ်။ ဒီနေ့ည တောင်ကြီးမြို့ကို အချိန်မီရောက်အောင် ခရီးဆက်လိုက်ပါအုံးမယ်။

ဝတ္ထုတိုကဏ္ဍ

# နတ်နဲ့နဂါးလှည့်စားချင်သူ

မောင်ခြိမ့်



ညဉ့်နက်လာသည်နှင့်အမျှ အမှောင်ထုက ပို၍သိပ်သည်းလာနေသည်။ ကောင်းကင်တစ်ခွင်တစ်ပြင်လုံးကို မိုးသားတိမ်တိုက်ကြီးက ထူထပ်စွာဖုံးအုပ်လျက်ရှိ၏။ ကြယ်ကလေးတစ်ပွင့်ကိုသော်မှမမြင်ရ၊ အမှောင်ထုကြီးသည် ထူထပ်သိပ်သည်းလွန်းသဖြင့် လက်ဖြင့်လှမ်း၍ တို့လိုက်ထိလိုက်လျှင်ပင် ရလေမလားဟုပင် ထင်မိတော့သည်။ လှေဦးတွင်ထိုင်၍ လှေလှော်လာသောဖိုးနီသည် လှော်နေရင်းကပင် နောက်သို့ အသာလှမ်း၍ကြည့်မိသည်။

လှေပဲ့ပိုင်းတွင်ပါလာသော စိန်ကုလားကိုမမြင်ရ၊ သို့သော် လှော်တက်ဖြင့် ရေကိုပက်၍လှော်နေသော အသံကိုမူ ကြားနေရ၏။ ဘေးဘယ်ညာကို ဝေ့၍ဝိုက်၍ကြည့်သည်။ မြစ်၏ ကမ်းနှစ်ဖက်ကို မမြင်ရသော်လည်း အုန်းပင်တန်းများ၊ တောအုပ်တောတန်းများကို အမှောင်ထဲတွင် ရေးရေးမျှ မြင်သလိုလိုထင်ရ၏။

ရှေ့ကိုလှမ်း၍မျှော်လိုက်လျှင် အားနည်းမှုန်မွှားလှသော ကောင်းကင်၏အရောင်ကလေးသည် မြစ်၏ရေပြင်ကိုရိုက်ခတ်လိုက်သဖြင့် ဖြူဖျော့ဖျော့ပြာမှိုင်းမှိုင်းမြစ်ရေပြင်ကို ဝေဝါးစွာမြင်နေရ၏။ လှေသည် အမှောင်ထုကြီးထဲသို့ တိုးဝင်လျက်ရှိ၏။ သို့သော်သည်မြစ်ကမ်းတစ်လျှောက်ကို မျက်စိမှိတ်၍ သွားလျှင်တောင်မှ မလွဲမှားနိုင်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ဘဝတစ်လျှောက်လုံးသည် သရွတ်သွတ်မြစ်ရေပြင်ကြီးတစ်လျှောက် စုန်ချည်ဆန်ချည် အခေါက်ပေါင်းများစွာ လှော်ခတ်၍သွားလာကာ ငါးပုစွန်များ ရှာဖွေစားသောက်လာခဲ့ရသည်မဟုတ်ပါလော။

သည်မြစ်ပြင်ကြီးသည် သူတို့လိုမြစ်ဝကျွန်းပေါ်ဒေသ၌ နေထိုင်သူများအတွက် သဘာဝကပေးအပ်ထားသော လက်ဆောင်မွန်လည်းဖြစ်၏။ ဆုလာဘ်ကြီးတစ်ခုလည်းဖြစ်၏။ ကုန်စည်ရောင်းဝယ်ဖောက်ကားရေးအတွက် လှေ၊ သမ္ဗာန်၊ မော်တော်ကူးသန်းသွားလာရာလမ်းမကြီးလည်းဖြစ်၏။ သောက်ရေသုံးရေအတွက်လည်း ဘယ်သောအခါမှကုန်ခမ်း၍ မသွားနိုင်သော သဘာဝရေချိုအရင်းအမြစ်ကြီးလည်းဖြစ်၏။

ကောက်နှံစပါးနှင့် သစ်သီးဝလံများစိုက်ပျိုးရေးအတွက် မရှိမဖြစ်သောရေချိုများသိုမှီးထားရာနေရာလည်းဖြစ်၏။ တစ်ဖန်ဖိုးနီတို့လို ရေလုပ်သားတံငါများအတွက် ငါး၊ ပုစွန်များကို အမြဲတမ်းထုတ်လုပ်ပေးရာ ပေါက်ဖွားပေးရာ ရိက္ခာသိုက်ကြီးလည်းဖြစ်၏။ ခူး၍မကုန်၊ ဆွတ်၍မခန်းသော ရေပဒေသာပင်ကြီးဟုပင် ဆိုလိုက်ချင်တော့၏။

ဖိုးနီတို့လိုတံငါများအဖို့ မြစ်ပြင်ကျယ်ကြီး၏ အပေါ်ယံမျှလောက်သာမဟုတ်သေး။ ဘယ်နားဆီမှာ ဘယ်ကွေ့၊ ဘယ်ဝယ်တွင် ဘယ်သောင်ကမ်းဆိုသလို မြစ်ကြောင်းတစ်လျှောက်ရှိ သောင်ခုံများ၊ ကမ်းပါးပြတ်များ၊ ရေစီးရေသာများ၊ ဝဲကတော့များ၊ ရေအောက်ရှိ ချောက်ကြီးများ၊ တံစူးများ၊ သစ်ကျများ၊ သဘော်ာပျက်၊ တုံကင်းပျက်များကအစ ဘယ်နားဆီ၊ ဘယ်တွင်ရှိသည်ကို သိထားကြပါ၏။ သို့ဖြစ်၍လည်း ညဘယ်လောက်မှောင်စေကာမူ သွားလိုရာခရီးကို ဖြောင့်တန်းစွာသွားနိုင်ကြပါ၏။

သို့ဖြစ်၍လည်း ပဲ့ကိုင်သူစိန်ကုလားကို စိတ်ချယုံကြည်စွာဖြင့် ရှေ့သို့သာ နှစ်ချက်၊ သုံးချက်ကျိုး၍ လေးလုံးကွဲအောင် တက်ကိုရေတွင်နှစ်၍လှော်လိုက်ပြီး လှော်တက်ကို ပေါင်ပေါ် ကန့်လန့်ဖြတ်၍တင်သည်။ ဝါစိမ်းနီတံဆိပ်ဆေးပေါ့လိပ်တိုကို နားရွက်ကြားမှဖြုတ်၍မီးညှိလိုက်ကာ နှစ်ဖွာ၊ သုံးဖွာ ဆက်တိုက်ဖွာရှိုက်လိုက်၏။ ပြီးလျှင် ညနေကအိမ်တွင် ဖြစ်ပွားခဲ့ရသော အကြောင်းဆီသို့ စိတ်ကရောက်သွားလေ၏။

တစ်ညလုံးနီးပါး မေးစေ့ကို ရေညှိတက်အောင်၊ လက်ဖျားခြေဖျား ပဲကြီးရေခွံတွန့်အောင်၊ မြစ်ကမ်းတစ်လျှောက် ရေထဲဆင်းကာ ပိုက်ဆွဲခဲ့ရသော်လည်း ဟင်းစားမျှအနိုင်နိုင်ရကာ ပြန်လာခဲ့ရသဖြင့် စိတ်ပျက်လက်ပျက်နှင့် အိပ်ရာဝင်ခဲ့သောဖိုးနီသည် ဆူဆူညံညံစကားပြောသံများကြောင့် လန့်၍နိုးလာခဲ့တော့၏။ ဖန်တွတ်နီရဲနေသောမျက်စိကို အနိုင်နိုင်ဖွင့်ရင်း နားကိုအသာစွင့်ထားမိ၏။ ပထမဆုံး နားထဲဝင်လာသည်က သူ့မိန်းမအသံ။

"လာ လာ ဘကြီးအောင်ညွှန့်ရေ။ ကျွန်မမျှော်နေတာနဲ့အတော်ပဲ။ လိုအပ်တာမှန်သမျှ ကျွန်မအကုန်စီစဉ်ထားပြီးပြီ။ ပြည့်စုံ၊ မပြည့်စုံသာ ဝင်ကြည့်ပေးတော့။ အဆင်ပြေအောင်သာလုပ်ပေးပါဘကြီးရယ်"

စကားသံအဆုံးတွင် အိမ်ပေါ်သို့ လှမ်းတက်လာသော ခြေသံနှင့်အတူ-

"ထူးထူးထွေထွေတော့ မဟုတ်ပါဘူးဟာ။ နင်လဲ တွေ့မြင်နေကျပဲဟာ။ ဒါနဲ့ ဟင်းကကောဘာဟင်းများတုံး"

"ငါးထွေ တစ်ပိဿာခွဲတောင် ချက်တယ်လေဘကြီးရဲ့။ ယင်းနှောင်းသီးကလေးနဲ့ ချဉ်စပ်အရည်သောက်ကလေးပေါ့"

"ဟိုဟာကလေးကရော ဝယ်ပြီးပြီလား။ ကောက်ညှင်းအစစ် မီးတောက်ကလေးမှဖြစ်မှာနော်"

ခပ်တိုးတိုးမေးပြန်၏။

"မီးဖိုထဲမှာရှိပါတယ်ဘကြီးရဲ့။ မပါလို့မဖြစ်ဘူးဆိုတာသိလို့ကို ကြိုတင်ဝယ်ထားရတာ"

ဘကြီးအောင်ညွှန့်က သဘောခွေ့သွားဟန်နှင့် တခွိခွိရယ်လိုက်ရင်း-

"အေး ဒါဆိုကောင်းသဟေ့။ ဒါနဲ့ ထမင်းကရော ပူပူနွေးနွေးချက်ပြီးပလား။ ဆန်ကောင်းကောင်းမှဖြစ်မှာဟေ့"

"စိတ်ချပါဘကြီးရယ် ဖျာပုံပေါ်ဆန်မွှေးကို လေးလုံးတောင်ချက်ထားတာ။ အခုပဲကျက်တယ်။ မွှေးလို့ကော့လို့ပါပဲ။ ဘကြီးကသာ အရှင်ကြီး၊ သခင်ကြီးများကို ဘေးအန္တရာယ်လဲကင်းအောင်၊ ငါး၊ ပုစွန်တွေလဲ များများရအောင် မစပေးဖို့ ပူဇော်ပသပေးပါနော်"

မကျင်ငွေ၏ အားကိုးတကြီးဖြင့်ပြောသံများကို ဆက်တိုက်ကြားနေရပြန်သည်။ ဖိုးနီ သဘောပေါက်သွားပါပြီ။ ယခုတစ်လော ရှာလို့ဖွေလို့ကမရသဖြင့် စီးပွားရေးကကျပ်တည်းလှပါ၏။ ဘိုးစဉ်ဘောင်ဆက်က တံငါလုပ်ငန်းဖြင့်သာ အသက်မွေးလာကြသူများဖြစ်၍ လယ်ပိုင်ယာပိုင်မရှိခဲ့။ ငါးဖမ်း၍သာ ရှာဖွေစားသောက်နေရသူများဖြစ်၍ ရှာဖွေလုပ်ကိုင်၍ အဆင်မပြေသောအခါ စီးပွားရေးက ကျပ်တည်းလာရသည်က အမှန်။ ဒါကို အကွက်ကောင်းယူပြီး-

"နင်တို့ဘယ်အဆင်ပြေမလဲ။ နင့်ယောက်ျားက လူ့ခွစာ။ တံငါလုပ်ပြီး ရိုးရာတင်နေမြောက်နေကျ အဘိုးကိုပူဇော်မှုလဲမပြု၊ အဘိုးကိုတောင် မရှိမသေပြောနေတော့ ဒုက္ခလှလှတွေ့ပြီမဟုတ်လား။ အဲဒါနင့်ယောက်ျားကို နင်တာဝန်ယူ။ အဘိုးတင်ဖို့က ငါ့တာဝန်ထား၊ အဆင်ပြေအောင်ပူဇော်ပသပေးမယ်"

ဘကြီးအောင်ညွှန့်၏ဆွယ်တရားတွင် မကျင်ငွေမျောပါသွားခဲ့၏။ ထို့ကြောင့်ပင် ဖိုးနီကိုအသိမပေးဘဲအားလုံး သူ့သဘောနှင့်သူစီစဉ်နေခြင်းဖြစ်ပေတော့၏။ တွေးရင်းတွေးရင်း ဆူဝေ၍တက်လာသောဒေါသကြောင့် အံကို တင်းတင်းကြိတ်မိ၏။ ဖိုးနီသည် အတန်းကျောင်းကို ကိုးတန်းထိ နေခဲ့ဖူးသူဖြစ်၏။ စာဖတ်ဝါသနာလည်းပါကာ ခေတ်နှင့်မဆီလျော်တော့သော အတွေးအခေါ်ဟောင်းများကို လက်ခံချင်သူမဟုတ်။ ရွာဦးကျောင်းမှာဝါဆိုနေသော ဓမ္မာစရိယကိုယ်တော်လေးနှင့်တွေ့ပြီးကတည်းက သူသည် သာမန်မိရိုးဖလာဗုဒ္ဓဘာသာဝင်မျှသာ မဟုတ်တော့။ ဗုဒ္ဓ၏အဆုံးအမဥ္စတည်ကာ ဘာသာရေးနှင့် ဖီလာဆန့်ကျင်ဖြစ်သော ရိုးရာအယူအစွဲများကို လက်ခံခြင်းမရှိ။

ထိုအထဲတွင် ရွာ၌ ကိုယ်ထူကိုယ်ထစာကြည့်တိုက်ဖွင့်လှစ်ပေးခဲ့ပြီး ဖတ်စရာစာအုပ်များ စုံလင်အောင် လူကြီးပိုင်းက စီစဉ်ပေးလေသော် ဖိုးနီတစ်ယောက် အားလပ်ချိန်များတွင် စာကြည့်တိုက်၌သာ အချိန်ကုန်ခဲ့သူဖြစ်၏။ မျက်ကန်းမှန်းဆပြီးသူများပြောတိုင်း ယုံချင်သူမဟုတ်။ လူ့လောကမှာပင်အရက်သောက်သူသည် ငါးပါးသီလတွင် တစ်ပါးကျိုးပျက်နေသူမဟုတ်လော။ အရက်သမားကို မည်သူသည် အိမ်ဦးခန်းတွင် ကိုးကွယ်ပါမည်နည်း။

သို့ဖြစ်၍ အရက်ကြိုက်ကာ အရက်နှင့်တင်မြှောက်ပသရသောနတ်ကို သူအားမကိုးကွယ်နိုင်။ ထို့ကြောင့် အကျင့်လုပ်၍ အဘိုးပသမှုမလုပ်ခဲ့။ မိမိကိုယ်သာကိုးကွယ်ရာဟု ယုံကြည်သောဖိုးနီနှင့် မျက်စိမှိတ်၍ မိရိုးဖလာနေကြသူများ မတည့်သည်မှာ အဆန်းမဟုတ်။

တိုးတက်ထွန်းကားလျက်ရှိသော သည်ခေတ်တွင် တံငါအလုပ်သည် ရှေးကယူဆခဲ့သလို အောက်တန်းကျသည်ဟု သူ မယူဆ။ ရေထွက်ကုန်ပစ္စည်းများ၊ သားငါးပုစွန်များထုတ်လုပ်ပေးသူ ရေလုပ်သားသာဖြစ်သည်ဟု သူခံယူထားပါ၏။ တိုင်းပြည်၏ရိက္ခာဖူလုံကြွယ်ဝစေရန် တစ်ဖက်တစ်လမ်းမှ အကျိုးပြုသည့်အလုပ်ဟု သူယုံကြည်ထားပါ၏။

တံငါဟူသောအခေါ်အဝေါ်သည်ပင် သုံးစွဲသင့်သည့်စကားမဟုတ်တော့။ မိမိတို့နိုင်ငံတွင် ပညာတတ်များ၊ ကျွမ်းကျင်သူအတတ်ပညာရှင်များ၊ ငွေကြေးကြွယ်ဝချမ်းသာသူလူငယ်များသည် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငါးမွေးကန်ကြီးများ၊ ပုစွန်မွေးကန်ကြီးများ ဖော်ထုတ်မွေးမြူနေကြသည်မဟုတ်ပါလော။ နိုင်ငံတော်ကပင်လျှင် ငါး၊ စပါးစီမံကိန်းများ၊ ရေချို၊ ရေငန်မွေးမြူရေးလုပ်ငန်းများအားပေးလုပ်ဆောင်နေသည်မဟုတ်လော။

တကယ်တမ်းလိုအပ်သည်က နည်းပညာများ၊ ခေတ်မီပစ္စည်းများ၊ ကျွမ်းကျင်မှုများ၊ လုံ့လဝီရိယများမဟုတ်ပါလော။ ထို့အတွက်ပင် မိမိကိုယ်ကိုအားမကိုး၊ မမြင်ရသောနတ်က ကူညီရန်၊ စောင့်ရှောက်ရန် အားကိုးရာမျှော်လင့်ကိုးကွယ်ခြင်းမျိုးကို သူလက်မခံပါ။ အိပ်ရာမှ ဝုန်းခနဲထသည်။ အိမ်ရှေ့ခန်းသို့ထွက်လာကာ-

"ကဲ ဘကြီးအောင်ညွှန့် အားတော့နာတယ်ဗျာ ခင်ဗျားပြန်တော့။ နောက်ကို နတ်ကိစ္စအတွက် ကျွန်တော့်အိမ်ကို ဘယ်တော့မှမလာခဲ့ပါနဲ့"ဟု ပြောလိုက်ပြီး သူ့မိန်းမဘက်သို့လှည့်ကာ-

"မကျင်ငွေ စိန်ကုလားကိုသွားခေါ်ခဲ့။ ငါ့ကိုကြည့်မနေနဲ့။ မင်းငါ့အကြောင်းသိတယ်နော် သွားဆိုသွား"

**ဆက်လက်ဖော်ပြပါမည်။**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ဧက ၇၉၆၃၀ စိုက်ပျိုးပြီးစီး



**ကျွန်းလှ စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ဧက ၇၉၆၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၇၆၈၅၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၇၉၆၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ် ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ သီးနှံစုံ ၇၆၈၅၈ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဧက ၇၉၆၃၀ စိုက်ပျိုးပြီးစီးနေပါပြီ။ လက်ရှိအချိန်မှာတော့ မိုးသီးနှံစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ မိုးသီးနှံစိုက်ပျိုးရာသီမှာ သီးနှံတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ နည်းပညာတွေလဲ ပေးခဲ့ပါတယ်"ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် စပါး ၃၄၀၉၈ ဧက၊ ပဲမျိုးစုံ ဧက ၁၆၉၅၀၊ ဆီထွက်သီးနှံ ၇၃၁၉ ဧက၊ ကြံ ၅၁ ဧက၊ အခြားသီးနှံ ၁၉၆၆၃ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧက စုစုပေါင်း ဧက ၇၉၆၃၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သဘာဝမြေဆွေး ပြုလုပ်သုံးစွဲနည်းလမ်းများ၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရေးအတွက် ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် ခံတောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ခံတောကျေးရွာအုပ်စု ခံတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦး၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ခံတောကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၅၇၆ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



ခံတောကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ငါးသန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **အောင်ရဲကျော်**

# ဖြူးမြို့နယ် ချင်းနစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်တွင် ချင်းနစ်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ချင်းနစ်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ချင်းနစ်ကျေးရွာရှိ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမြစိမ်းရောင်လုပ်ငန်း အဖွဲ့ဝင်များက ချင်းနစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၂၂ ဦးနှင့်မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၇၈ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**

## ကိုယ်စိတ်ကျန်းမာ ရွှင်လန်းဖြာ

- လူရယ်လို့ ဖြစ်တည်လာ
  ဘယ်အရာ အဓိက၊
  စိန်ရွှေငွေ တိုက်တာကားနဲ့
  ကြီးပွားလေမှ။

- လူရယ်လို့ ဖြစ်တည်လာ
  ဘယ်အရာ အဓိက၊
  ဘွဲ့ထူးဂုဏ် ပညာတတ်ရင်
  မြတ်လှပေစွ။

- လူရယ်လို့ ဖြစ်တည်လာ
  ဘယ်အရာ အဓိက၊
  ရာထူးဂုဏ် အာဏာဝင့်လို့
  လုပ်ခွင့်ပြည့်ဝ။

- လူ့ဘဝ ဖြစ်တည်လာ
  အရာရာ ပိုင်ဆိုင်လည်း
  မမြဲသေချာ၊
  ကိုယ်နှင့်စိတ် ချမ်းသာစွာ
  ကျန်းမာရာ အဓိက၊
  ကြံသမျှ အောင်မြင်စေ
  ဆောင်တိုင်းလေ အဟုတ်ပြီးလိမ့်
  ကြီးသောလာဘ။

- ငယ်စဉ်ခါ လူ့ဘဝ
  နည်းလမ်းကျ နေတတ်စေ၊
  ခေါင်း၊ ခါး၊ ခြေ၊ လက်အစ
  ကာယထွေထွေ၊
  လေ့ကျင့်မှု မြဲတစေ
  မလွဲပေဖွံ့ဖြိုး၊
  အသက်ကြီးသော်လည်း
  မပျက်စီးပေ လောကအတွက်
  ထမ်းရွက်သယ်ပိုး။ ။

**စန်းထက်(ဖန်ခါးမြေ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ပညာနေခြည်တို့ဖြင့် နွေးထွေးစေချင်

**ကျော်တေဇ (ဥက္ကလာ)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လူသားအရင်းအမြစ်ကောင်းများဖြင့် နိုင်ငံတော်ကို တည်ဆောက်နိုင်ရေးအတွက် ပညာတတ်လူသား အရင်းအမြစ်များပေါ်ကြွယ်ဝရေးသည် အဓိက ဖြစ်သည်။ သို့မှသာ ထိုလူသားအရင်းအမြစ်ကောင်းများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပညာရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးကို နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိသည်။ ပညာဟူသည်မှာ စာပေသင်ကြားခြင်းသာမက အသိပညာ၊ အတတ်ပညာများပါဝင်သည် ဆိုသည့်အချက်ကို ပြည်ထောင်စုသားညီနောင်များ အားလုံးသိထားကြရမည်။ ပညာရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့်အပြင် နိုင်ငံ့သားကောင်းများတွင် ရှိသင့်သည့် ကျင့်ဝတ်၊ စည်းကမ်းလိုက်နာမှု၊ စုပေါင်းဆောင်ရွက်တတ်မှုစသည့် စိတ်နေစိတ်ထားအခြေခံကောင်းများဖြစ်ပေါ်တွယ်ငြိလာစေရန် လေ့ကျင့်ပုံဖော်ပေးသည့်အရာလည်းဖြစ်သည်။

ပညာဖြင့်သာ အမှားနှင့်အမှန်၊ ကောင်းကျိုးနှင့်ဆိုးကျိုးများအပေါ် ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ဖြစ်ပေါ်စေမည်ဖြစ်ပြီး နိုင်ငံသားတိုင်းသည် အသိဉာဏ်ပညာပြည့်စုံမှသာ နိုင်ငံတော်အကျိုးကိုကောင်းမွန်စွာသယ်ပိုးဆောင်ရွက်နိုင်မည့် စစ်မှန်သည့် အင်အားတစ်ရပ်ကို နိုင်ငံတော်က ပိုင်ဆိုင်ထားမည်ဖြစ်သည်။ ထို့အတွက် နိုင်ငံတော်၏ အနာဂတ်ကောင်းတစ်ရပ်ကို ဖော်ဆောင်ရာတွင် မဖြစ်မနေလုပ်သင့်သည့် ပညာရေးကိုရေရှည်မြင့်မားစေရန် မြှင့်တင်ဆောင်ရွက်ခြင်းသည်သာ အမှန်ကန်ဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းတစ်ခုဖြစ်သည်။ အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာကျောင်းများတွင် သင်ယူဆည်းပူးခဲ့ရသည့် အသိပညာနှင့် အတတ်ပညာများကို ဟန်ချက်ညီညီ ထိန်းကျောင်းနိုင်သည့် အနာဂတ်မျိုးဆက်သစ်များဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် လိုအပ်နေသောနိုင်ငံတော်၏ရည်မှန်းချက်ကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်။

ထို့ပြင် အလိမ္မာစာမှာရှိဆိုသကဲ့သို့ စာတတ်သူတိုင်းစာဖတ်ကြဖို့လည်းလိုအပ်ပေသည်။ စာဖတ်ခြင်းဖြင့် ကိုယ်စီအတွေးအခေါ်များ တိုးတက်ကောင်းမွန်လာမည်။ စာဖတ်ခြင်းဖြင့် ကိုယ်ချင်းစာတရားနှင့် ဆင်ခြင်သုံးသပ်နိုင်စွမ်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်။ မိမိပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် အကြောင်းတရားများကို မှန်မှန်ကန်ကန်လေ့လာသုံးသပ်ပြီး အသိအမြင်မှန်ကန်စွာဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မှုစွမ်းအားများလည်း ပိုင်ဆိုင်လာကြမည်ဖြစ်သည်။ ယနေ့လူငယ်ထုအားလုံးသည် စာတတ်သူတိုင်းစာဖတ်ကြရမည်။ စာတတ်ရုံ အတတ်ပညာပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်နိုင်မှုနှင့် အသိပညာပြည့်ဝသည့် ဗလငါးတန်ပြည့်ဝသော လူငယ်များစွာပေါ်ထွက်လာပြီး နိုင်ငံတော်၏အနာဂတ်ကို ကောင်းမွန်စွာ တည်ဆောက်နိုင်ကြမည်ဖြစ်သည်။

လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပညာရည်ထူးချွန်သည့် လူငယ်မောင်မယ်များကို နှစ်စဉ်ဆုများချီးမြှင့်ခြင်း၊ တရုတ်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သို့ လေ့လာရေးခရီးစဉ်များစေလွှတ်ပေးခြင်း၊ လူငယ်စာပေပွဲတော်များ စဉ်ဆက်မပြတ်ကျင်းပပေးခြင်း၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကင်းထောက်လူငယ်များဖွဲ့စည်းလေ့ကျင့်ပေးခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခြင်း စသည့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်

**❖ ပညာဟူသည်မှာ စာပေသင်ကြားခြင်းသာမက အသိပညာ၊ အတတ်ပညာများပါဝင်သည် ဆိုသည့်အချက်ကို ပြည်ထောင်စုသားညီနောင်များအားလုံးသိထားကြရမည်။ ပညာရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့်အပြင် နိုင်ငံ့သားကောင်းများတွင်ရှိသင့်သည့် ကျင့်ဝတ်၊ စည်းကမ်းလိုက်နာမှု၊ စုပေါင်းဆောင်ရွက်တတ်မှုစသည့် စိတ်နေစိတ်ထားအခြေခံကောင်းများဖြစ်ပေါ်တွယ်ငြိလာစေရန် လေ့ကျင့်ပုံဖော်ပေးသည့်အရာလည်းဖြစ်သည်။ ❖**

လျက်ရှိသည်ကို မိဘပြည်သူများအားလုံးတွေ့မြင်ရမည်ဖြစ်သည်။ ထို့ပြင် အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများမှသည် တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအားကစားပြိုင်ပွဲများကိုပါ စဉ်ဆက်မပြတ်ကျင်းပပေးလျက်ရှိပြီး ထိုပြိုင်ပွဲများမှသည် ကမ္ဘာ့အဆင့်မီသွားရောက်ယှဉ်ပြိုင်နိုင်သည့် အားကစားသမားမျိုးဆက်သစ်ကောင်းများ ပေါ်ထွန်းလာစေရေးထိ ရည်မှန်းကာဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်သည်။

မကြာမီပင် အမျိုးသားအားကစားပွဲတော်ကြီးကိုလည်း ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုလုပ်ငန်းစဉ်များကိုကြည့်မြင်ခြင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ၏ပကတိလိုအပ်ချက်များကိုလေ့လာဆန်းစစ်၍ ဦးတည်ချက် များချမှတ်ကာ ဆိုခဲစေမြဲစေဆိုသည့်အတိုင်း ဆောင်ရွက်ပေးနေသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း သိသာထင်ရှားပေသည်။ တစ်ဖက်မှကြည့်လျှင်လည်း အစိုးရ၏ဦးတည်ချက်အောင်မြင်ရေးသည် အစိုးရအတွက်မဟုတ်ဘဲ နိုင်ငံတော်၏ ပကတိလိုအပ်ချက်အတွက်သာဖြစ်ပေသည်။

ထို့ကြောင့် လူငယ်ကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ လူငယ်ထုများ၏ မိဘများ၊ အုပ်ထိန်းသူများအားလုံးနိုးကြားတက်ကြွစွာပါဝင်လက်တွဲရန် လိုအပ်သည်။ လူကြီးမိဘများကိုယ်တိုင်ပင်လျှင် နိုင်ငံတော်၏ ပကတိလိုအပ်ချက်၊ နိုင်ငံတော်အစိုးရ၏သဘောထား၊ မူဝါဒများကိုနားလည်နှိုင်းယှဉ်ပြီး မိသားစုအနာဂတ်ကောင်းတစ်ခုမှ နိုင်ငံတော်အနာဂတ်ထိ မျှော်မှန်းဆောင်ရွက်ကြရမည့် အချိန်ရောက်ရှိပြီဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် လက်နက်ဆန်းများ တီထွင်ရင်း စစ်ပွဲရေစီးကြောင်းများထဲ ရေစုန်မျောချင်သည့် ယနေ့ကမ္ဘာ့ရေစီးကြောင်းများထဲတွင် ငယ်ရွယ်နုပျိုသည့် လူငယ်များကို မစီးမျောစေချင်ပါ။ ဖူးသစ်စအရွယ်လူငယ်များ၏ နေ့သစ်များစွာကို လက်နက်များဖြင့် မနစ်မွန်းစေလိုပါ။ ပညာဟူသောနေခြည်ဖြင့်သာ လွှမ်းခြုံနွေးထွေးစေချင်ပါသည်။ ထို့အတွက် ယနေ့လူငယ်ထုကြီး၏အနီးတွင် ပတ်ဝန်းကျင်ကောင်းများ မဖြစ်မနေလိုအပ်လာပြီဖြစ်သည်။ ထို့ကြောင့် လူငယ်များ၏ ပစ္စုပ္ပန်မှသည် အနာဂတ်များ တိုးတက်ကောင်းမွန်စေရေးအတွက် ပညာဟူသောနေခြည်ဖြင့် နွေးထွေးကြစေရေး အားလုံးပူးပေါင်း လက်တွဲဆောင်ရွက်သွားကြဖို့ တိုက်တွန်းရေးသားလိုက်ရပါသည်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၃၂၂၀ ထိစိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၃၂၂၀ ထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၈၃၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၂၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဟင်းသီးဟင်းရွက် စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP စနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်း များမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းနှင့် တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍သိရသည်။

(၂၀၆)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG ၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နေလှန်းဆားပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဒေသထွက် နေလှန်းဆားပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချောချောက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ဒေသထွက် နေလှန်းဆားပိဿာချိန် ၅၅၀၀၀ ထိ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ နေလှန်းဆားပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကထွက်တဲ့ နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ဩဂုတ်လအတွင်းမှာဆိုရင် ဆားပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို ဆားအရောင်းအဝယ် ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့တွေသူ အဆင်ပြေနေပါတယ်"ဟု လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချောချောက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်ကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက်နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့် လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း ဒေါ်ချောချောက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## သရက်မြို့နယ် ထုံးတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**သရက် စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ထုံးတောင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ထုံးတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထုံးတောင်ကျေးရွာ၌ လမ်းအရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူ ထည့်ဝင်ငွေကျပ် ၁၅သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက ပြောပြ၍ သိရသည်။

**ငြိမ်းသူ(စလင်း)**

# ကနေဒါနိုင်ငံ မန်နီတိုဘာစီရင်စုတွင် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေ



**အော့တာဝါ စက်တင်ဘာ ၁၂**

ကနေဒါနိုင်ငံ မန်နီတိုဘာစီရင်စုတွင် တောမီးလောင်ကျွမ်းရာမှထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မန်နီတိုဘာစီရင်စု မြောက်ဘက်ပိုင်းဒေသများတွင် လေထုညစ်ညမ်းမှုနှုန်းမှာ ဆက်တိုက်မြင့်တက်နေပြီး အရှေ့တောင်ဘက်ပိုင်းဒေသများတွင်လည်း လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ လေထုညစ်ညမ်းမှုနှုန်းမြင့်တက်နေသည့်ဧရိယာများတွင် မီးခိုးငွေ့များကြောင့် မြင်ကွင်းမှုန်ဝါးသည့် အခြေအနေမျိုးဖြစ်ပေါ်နေသကဲ့သို့ လေထုညစ်ညမ်းမှုမှာ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် အဆင့်မျိုးဖြစ်ကြောင်း သိရသည်။

"မန်နီတိုဘာစီရင်စုမှာ လေထုညစ်ညမ်းမှုတွေ မြင့်တက်နေပါတယ်။ ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့အဆင့်မျိုးဖြစ်ပါတယ်။ စက်တင်ဘာ ၁၁ ရက်ကနေစပြီး လေထုညစ်ညမ်းမှုဖြစ်ပေါ်လာတာဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းရာကနေထွက်ပေါ်လာတဲ့မီးခိုးငွေ့တွေကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်"ဟု ကနေဒါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကနေဒါ ကျန်းမာရေးဝန်ကြီးဌာနကလည်း လေထုညစ်ညမ်းမှုကြောင့် ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ အရွယ်မရောက်သေးသော ကလေးငယ်များအတွက် အန္တရာယ်ရှိနေကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဘရာဇီးက သစ်တောပြုန်းတီးမှုဥပဒေပါ စည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော်ဆောင်မှု ရွှေ့ဆိုင်းပေးရန် ဥရောပသမဂ္ဂကိုတောင်းဆို

**ဘရာဇီးလီးယား စက်တင်ဘာ ၁၂**

ဘရာဇီးနိုင်ငံက သစ်တောပြုန်းတီးမှုဥပဒေပါစည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော်ဆောင်မှုရွှေ့ဆိုင်းပေးရန် ဥရောပသမဂ္ဂကို တောင်းဆိုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဥရောပသို့ တင်သွင်းနေသည့်ကုန်စည်များ ထုတ်လုပ်ရာတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့လျှော့ချနိုင်ရန်နှင့် စိုက်ပျိုးမြေတိုးချဲ့ခြင်းကြောင့် သစ်တောပြုန်းတီးမှုမဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ဖြင့် ဥရောပသမဂ္ဂက သစ်တောပြုန်းတီးမှုကင်းသော ထုတ်ကုန်များဆိုင်ရာ စည်းမျဉ်းဥပဒေသစ် (EU Regulation on deforestation-free products: EUDR) ကို ဥရောပပါလီမန်က ၂၀၂၃ ခုနှစ် ဇွန်လတွင် အတည်ပြုခဲ့ကြောင်း၊ ဥရောပသို့ ထုတ်ကုန်များတင်သွင်းနေသောနိုင်ငံများကို အဆိုပါဥပဒေနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ကာလကို ၁၈ လခွင့်ပြုခဲ့ကြောင်း၊ အဆိုပါ ဥပဒေအရ ဥရောပသမဂ္ဂ စျေးကွက်အတွင်းသို့ တင်သွင်းမည့် ပဲပိစပ်၊ အမဲသား၊ စားအုန်းဆီ၊ ကော်ဖီ၊ ကိုကိုး၊ ရော်ဘာ၊ သားရေနှင့် သစ်သားများမှထုတ်လုပ်သော ပရိဘောဂတင်ပို့မှုများသည် သစ်တောပြုန်းတီးမှုနှင့်ပတ်သက်ပြီး ကင်းရှင်းကြောင်း ထောက်ခံချက် ပါရမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ စည်းမျဉ်းသစ်များသည် အလွယ်တကူလိုက်နာရန် ခဲယဉ်းပြီး ဥရောပသမဂ္ဂစျေးကွက်သို့ ဘရာဇီးတင်ပို့မှု၏ သုံးပုံတစ်ပုံခန့်ကို ထိခိုက်စေကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ဥရောပသို့ ဘရာဇီး၏ ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၃၃ ဘီလီယံထိရှိခဲ့ပြီး ထိုစည်းမျဉ်းကြောင့် အမေရိကန်ဒေါ်လာ၁၅ ဘီလီယံခန့် ထိခိုက်နိုင်သည်ဟု ဘရာဇီးစက်မှုဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြားကုန်သွယ်မှုဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

Ref : Sputnik News

Trs : KZ

# တောင်ကိုရီးယားနိုင်ငံ တောင်ဘက်ပိုင်းဒေသများတွင် အပူလှိုင်းဖြတ်သန်းနေဆဲဖြစ်သော်လည်း ကျန်ဒေသများ၌ မိုးစတင်ရွာသွန်းနေပြီဖြစ်

**ဆိုးလ် စက်တင်ဘာ ၁၂**

တောင်ကိုရီးယားနိုင်ငံ တောင်ဘက်ပိုင်း ဒေသများတွင် အပူလှိုင်း ဖြတ်သန်းနေဆဲဖြစ်သော်လည်း ကျန်ဒေသများ၌ မိုးစတင်ရွာသွန်းနေပြီဖြစ်ကြောင်း တောင်ကိုရီးယား မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောင်ကိုရီးယားနိုင်ငံ တောင်ဘက်ပိုင်း ဒေသများမှအပ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မိုးရွာသွန်းနေပြီး မိုးရေချိန်မှာ တစ်နာရီလျှင် မီလီမီတာ ၃၀ ထိ ရွာသွန်းနေသည်ဟု တောင်ကိုရီးယား မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ကြေညာသွားခဲ့ကြောင်း၊ မိုးရေချိန်သည် တောင်ကိုရီးယားနိုင်ငံအလယ်ပိုင်းတွင် ဆက်လက်မြင့်တက်လာဖွယ်ရှိနေသည့်အတွက် မြစ်ရေလျှံတက်မှုများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ ဆိုးလ်မြို့နှင့် ဂန်ဝမ်မြို့တို့တွင် မိုးရေချိန် ဆက်တိုက်မြင့်တက်ကာ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ မိုးရေချိန်မှာ တစ်နာရီလျှင် မီလီမီတာ ၆၀ ထိ မြင့်တက်နိုင်သည့်အတွက် ဧရိယာတချို့ ရေမြုပ်နိုင်ကြောင်း သိရသည်။

"တောင်ဘက်ပိုင်းဒေသတွေမှအပ ကျန်ဒေသတွေမှာ မိုးရွာသွန်းနေပါပြီ။ တောင်ဘက်ပိုင်းဒေသတွေမှာတော့ အပူလှိုင်းဖြတ်သန်းနေဆဲဖြစ်ပြီး အပူချိန် ၃၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်။ မိုးရွာသွန်းနေတဲ့ဒေသတွေမှာလဲ မိုးရေချိန်တွေမြင့်တက်လာနိုင်ပါတယ်"ဟု တောင်ကိုရီးယား မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှု မြန်ဆန်နေသကဲ့သို့ ရာသီဥတုလွန်ကဲမှု ပြဿနာဖြင့် ဆိုးရွားစွာ ရင်ဆိုင်နေရသည့်အခြေအနေဖြစ်နေကြောင်း၊ ယခု မိုးရွာသွန်းနေခြင်းမှာ မုန်တိုင်းဝင်ရောက်လာနိုင်ဖွယ်ရှိနေပြီး ဘီဘင်ကာဟုအမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း သိရသည်။

Ref : Xinhua News

Trs : Sai Sat

# အမေရိကန်နိုင်ငံ နယူးအော်လန်မြို့တွင် ဖရန်ဆင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် နေအိမ် ၂၀၀၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်

**ဝါရှင်တန် စက်တင်ဘာ ၁၂**

ဖရန်ဆင်းဟု အမည်ပေးထားသောမုန်တိုင်းသည် ဟာရီကိန်းမုန်တိုင်းအဆင့်ဖြင့် အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ် နယူးအော်လန်မြို့သို့ စက်တင်ဘာ ၁၁ ရက်မှစ၍ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး နေအိမ် ၂၀၀၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း လူဝီစီယားနားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဖရန်ဆင်းမုန်တိုင်းသည် မက္ကဆီကိုပင်လယ်ကွေ့၌ အစပျိုးခဲ့စဉ်က အပူပိုင်းမုန်တိုင်းအဖြစ်သာ သတ်မှတ်ခဲ့သော်လည်း လူဝီစီယားနားပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်ချိန်တွင် ဟာရီကိန်းမုန်တိုင်းအဆင့်သို့ ကူးပြောင်းကာ ဟာရီကိန်းမုန်တိုင်းမဟာ အဆင့် (၂) အဖြစ် သတ်မှတ်ကြောင်း အမေရိကန် အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်။

ဖရန်ဆင်း ဟာရီကိန်းမုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၇၅ မိုင်နှုန်းထိ မြင့်တက်နေပြီး ဓာတ်တိုင်တချို့ လဲကျမှုကြောင့် လျှပ်စစ်မီး ပြတ်တောက်နေခြင်းဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်သည့်အတွက် ကုန်းနိမ့်ပိုင်းတွင်နေထိုင်သော နယူးအော်လန်ဒေသခံတချို့ ယနေ့မှစ၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေပြီဖြစ်ကြောင်း၊ မုန်တိုင်းကြောင့်အန္တရာယ်ရှိနိုင်သော လမ်းမကြီးတချို့ကို ယာယီပိတ်ထားပြီး ယာဉ်ထိန်းရဲများက အဆိုပါလမ်းများတွင် ပြည်သူများ ဖြတ်သန်းသွားလာခြင်းမပြုရန်အတွက် စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။

ဖရန်ဆင်းမုန်တိုင်းသည် လူဝီစီယားနားပြည်နယ်မှ မစ္စစ္စပီပြည်နယ်သို့ ဦးတည်တိုက်ခတ်နေပြီး လာမည့်၄၈ နာရီအတွင်း မစ္စစ္စပီပြည်နယ်သို့ မုန်တိုင်းရောက်ရှိတိုက်ခတ်ဖွယ်ရှိနေကြောင်း အမေရိကန် အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : Sai Sat

# ပိုလန်နိုင်ငံတွင် မြစ်ရေ စံချိန်တင် ကျဆင်းမှုကြောင့် ခရီးသွားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ခဲ့

**ဝါဆော စက်တင်ဘာ ၁၂**

ပိုလန်နိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် မြစ်ရေစံချိန်တင်ကျဆင်းမှုက ခရီးသွားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပိုလန်နိုင်ငံ၏ Andrzej Stanski ကုမ္ပဏီသည် ခရီးသွားများအတွက် မြစ်တွင်း အပျော်စီးသင်္ဘောများ စီစဉ်ပေးသည့်ကုမ္ပဏီဖြစ်ပြီး ယခုကဲ့သို့ မြစ်ရေ စံချိန်တင်ကျဆင်းခြင်းက ခရီးသွားလုပ်ငန်းကို ဆုံးရှုံးမှုများဖြစ်စေကြောင်း၊ မြစ်ရေမျက်နှာပြင် ကျဆင်းသွားခြင်းကြောင့် လှေများကိုလမ်းကြောင်းပြောင်းလဲသွားလာနေရကြောင်း၊ မြစ်ရေကျဆင်းသွားခြင်းကြောင့် ကျောက်တုံး၊ ကျောက်ခဲများ ပေါ်လာကာ လှေဝမ်း၊ လှေအင်ဂျင်များနှင့်တိုက်မိမှုများဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဥရောပတွင် ဖြစ်ပေါ်နေသော အပူချိန်မြင့်တက်မှုက ပိုလန်၏ ဗစ်စကျူလာမြစ်ရေမျက်နှာပြင်ကို ကျဆင်းစေခဲ့ကြောင်း၊ မြစ်ရေမျက်နှာပြင်သည် စက်တင်ဘာ ၉ ရက်က ၂၄စင်တီမီတာထိ ကျဆင်းခဲ့ပြီး စက်တင်ဘာ ၁၁ရက်တွင် မြစ်ရေမျက်နှာပြင်သည် ၂၀ စင်တီမီတာထိ ကျဆင်းခဲ့ကြောင်း ပိုလန်နိုင်ငံ မိုးလေဝသနှင့်ရေစီမံခန့်ခွဲရေးသိပ္ပံ(IMGW)က ထုတ်ပြန်သောအချက်အလက်များအရ သိရသည်။

မြစ်အတွင်း ရေစီးဝင်မှုနည်းလေ ရေ၏အရည်အသွေးကျဆင်းလာလေဖြစ်သောကြောင့် ဗစ်စကျူလာမြစ် တောင်ဘက်ပိုင်းတွင် ငါးသေဒါဇင်ပေါင်းများစွာကို တွေ့ရှိခဲ့ကြောင်း၊ IMGW က မိုးသည်းထန်စွာရွာသွန်းမည်ဟု ခန့်မှန်းထားသောကြောင့် လာမည့်ရက်များအတွင်း မြစ်ရေမျက်နှာပြင်မြင့်တက်လာနိုင်ပြီး မိုးသည်းထန်မှုကြောင့်မြစ်ရေလျှံကာ ရေကြီးသည်ထိ ဖြစ်နိုင်သည်ဟု IMGWက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# စနေနေ့ညကစားမဲ့ ပွဲစဉ်တွေမှာ အသင်းလိုက်ကစားအားကောင်းနေတဲ့ မန်ယူအသင်း၊ လိုက်ပ်ဇစ်အသင်း၊ အလာဗက်အသင်းပွဲစဉ်တွေကို ရွေးချယ်ရမှာပါ

M L



အခုတစ်ပတ်မှာတော့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေ ပြန်လည်ကျင်းပမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိတဲ့ ပွဲစဉ်တွေကို အားပေးရအုံးမှာဖြစ်ပါတယ်။ လက်ရှိ အမှတ်ပေးပွဲစဉ်တွေက ပွဲစဉ်လေးပွဲထိရောက်လာတာကြောင့် အသင်းတွေရဲ့ ကစားအားနဲ့ ကစားကွက်ကိုမှန်းဆလို့ရနိုင်သလို အပြောင်းအရွှေ့ရာသီလဲ ပိတ်သိမ်းသွားတာဖြစ်လို့ ပွဲထွက်ကစားသမားစာရင်းကိုပါ အနီးစပ်ဆုံး တွက်ဆနိုင်တာဖြစ်ပါတယ်။ ဒါကြောင့် စနေနေ့ညကစားမဲ့ပွဲတွေမှာလဲ အသင်းလိုက် ကစားအားကောင်းတဲ့ အသင်းတွေကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။

## မန်ယူအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညကစားမဲ့ ပရီးမီးယားလိဂ် ပွဲစဉ်(၄) မှာအကြိုက်တွေ့တာကတော့ ဆောက်သမ်တန်နဲ့ မန်ယူအသင်းတို့ပွဲစဉ်ပဲ ဖြစ်ပါတယ်။ ဆောက်သမ်တန်အသင်းဟာ အခုနှစ်မှာ ပရီးမီးယားလိဂ်ကို တန်းတက်လာခဲ့ပြီး ကစားသမားဖြည့်တင်းမှု အားနည်းခဲ့တာကြောင့် ပြီးခဲ့တဲ့ သုံးပွဲဆက်ရှုံးပွဲကြုံခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲမှာ နယူးကာဆယ်နဲ့ကစားခဲ့ရပေမဲ့ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ဖိအားပေးနိုင်ခဲ့သလို တိုက်စစ်ပိုင်းအားနည်းချက်က တစ်ယောက်လျော့နယူးကာဆယ်ကိုတောင် ရှုံးခဲ့တာဖြစ်ပါတယ်။ ဒုတိယပွဲမှာလဲ နော်တင်ဟမ်ကို တစ်ဂိုးဂိုးမရှိ၊ တတိယပွဲမှာ ဘရန့်ဖို့ဒ်ကို သုံးဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ အပြောင်းအရွှေ့မှာ ပရီးမီးယားလိဂ် အတွေ့အကြုံရှိတဲ့ ကစားသမားတွေ ခေါ်ယူထားတယ်ဆိုပေမဲ့ ထိပ်တန်းအဆင့် ကစားသမားမျိုး ပါဝင်ခြင်းမရှိတာကြောင့် အခုပွဲမှာ မန်ယူအသင်းကို ပွဲချိန်ပြည့်ရင်ဆိုင်ဖို့ ခက်ခဲမှာပါ။

မန်ယူအသင်းဟာ အပြောင်းအရွှေ့ကာလမှာ ခံစစ်က ယိုရို၊ မာဇရာဝီ၊ ဒီလိုက်၊ တိုက်စစ်မှူး ဇက်ခ်ဇီး၊ ကွင်းလယ်က အူဂါတီတို့ကို ခေါ်ယူခဲ့ပေမဲ့ လက်ရှိအချိန်ထိ ကစားအားတိုးတက်မှုမရှိဘဲ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ သူတို့အသင်းဟာ အဖွင့်ပွဲမှာ ဖူလ်ဟမ်ကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တဲ့ပွဲမှာ အသစ်ခေါ်ယူထားတဲ့ တိုက်စစ်မှူး ဇက်ခ်ဇီးရဲ့ သွင်းဂိုးနဲ့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ ဒုတိယပွဲမှာတော့ နည်းပြတန်ဟတ်ဟာ ဇက်ခ်ဇီးကို အရန်ခုံထားပြီး ဖာနန်ဒက်စ်ကို အထောင်မှာ ကစားခဲ့တာကြောင့် တိုက်စစ်ကစားအားလျော့ကျသွားခဲ့လို့ ဘရိုက်တန်ရဲ့ ဖိအားပေးမှုကိုသာ ခံခဲ့ရပြီး နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ တတိယပွဲမှာတော့ လီဗာပူးကို အိမ်ကွင်းမှာ သုံးဂိုးပြတ်နဲ့ထပ်မံရှုံးခဲ့တာကြောင့် ဖိအားအောက်ရောက်သွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြတန်ဟတ်ဟာ ကစားသမားစုဖွဲ့မှုအားနည်းတဲ့ ဆောက်သမ်တန်နဲ့ တွေ့ချိန်မှာ ရမှတ်ရှာရမှာဖြစ်လို့ အူဂါတီ၊ ဇက်ခ်ဇီးတို့ကို ပွဲထုတ်လာမယ်ဆိုရင်တော့ တိုက်စစ်ကစားပုံထက်မြက်လာမှာ သေချာပါတယ်။ လက်ရှိ ခံစစ်ပိုင်းမှာ အဓိက ကစားသမားတွေ ဒဏ်ရာရနေပေမဲ့ မာဇရာဝီ၊ ဒီလိုက်၊ မာတီနက်ဇ်တို့လို ခံစစ်ကစားသမားကောင်းတွေ ရှိနေတာကြောင့် ဂိုးရဖို့ရုန်းကန်နေရတဲ့ ဆောက်သမ်တန်တိုက်စစ်ကို ထိန်းချုပ်နိုင်မှာပါ။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ၁၅ ကြိမ်မှာလဲ မန်ယူအသင်းက ရှုံးပွဲမရှိဘဲ အသာရထားတာကြောင့် အဘက်ဘက်က သာလွန်နေတဲ့ မန်ယူအသင်းကို ရွေးချယ်ရမှာပါ။

**ဆောက်သမ်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆောက်သမ်တန် | ၀ | - | ၀ | ဂီတာဖေး |
| နယူးကာဆယ် | ၁ | - | ၀ | ဆောက်သမ်တန် |
| ဆောက်သမ်တန် | ၀ | - | ၁ | နော်တင်ဟမ် |
| ကာဒစ် | ၃ | - | ၅ | ဆောက်သမ်တန် |
| ဘရန့်ဖို့ဒ် | ၃ | - | ၁ | ဆောက်သမ်တန် |

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၀ | - | ၃ | လီဗာပူး |
| မန်စီးတီး | ၁ | - | ၁ | မန်ယူ |
| မန်ယူ | ၁ | - | ၀ | ဖူလ်ဟမ် |
| ဘရိုက်တန် | ၂ | - | ၁ | မန်ယူ |
| မန်ယူ | ၀ | - | ၃ | လီဗာပူး |

## လိုက်ပ်ဇစ်အသင်း ရလဒ်ကောင်းမှာပါ

ဘွန်ဒက်လီဂါ ပွဲစဉ်(၃) မှာအကြိုက်တွေ့မိတာကတော့ လိုက်ပ်ဇစ်နဲ့ ယူနီယံဘာလင်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လိုက်ပ်ဇစ်ဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ လေဗာကူဆင်အသင်းကို အဝေးကွင်းမှာ သုံးဂိုးနှစ်ဂိုးနဲ့ နိုင်ထားတာကြောင့် ယုံကြည်မှုပိုင်းအားကောင်းနေတာကို တွေ့ရမှာပါ။ လိုက်ပ်ဇစ်ဟာ ပြီးခဲ့တဲ့ရာသီမှာ ခံစစ်ပိုင်းအားနည်းမှုကြောင့် ရုန်းကန်ခဲ့ရလို့ အခုအပြောင်းအရွှေ့မှာ ဂီယာထရိုက်ဒါ၊ နူဆာ၊ ဗာမဲရန်းတို့လို ကစားသမားတွေ ခေါ်ယူအားဖြည့်ခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှာတော့ အဓိက ကစားသမားတွေကို ဆက်လက်ထိန်းသိမ်းခဲ့ပေမဲ့ တိုက်စစ်မှူး အိုမိုကို လက်လွှတ်လိုက်ရတာကို တွေ့ရမှာပါ။ နည်းပြ မားကိုရို့စ်ကတော့ ၃-၄-၂-၁ ကစားကွက်နဲ့ ပွဲထွက်နေပြီး အဖွင့်ပွဲမှာ ဘိုချမ်ကို တစ်ဂိုးဂိုးမရှိ၊ ဒုတိယပွဲမှာ လေဗာကူဆင်ကို သုံးဂိုးနှစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲတွေမှာ အသင်းရဲ့ တိုက်စစ်ကစားအားကောင်းပေမဲ့ ကစားပုံကြမ်းတမ်းမှုကို ပြင်ဆင်နိုင်မယ်ဆိုရင်တော့ ယူနီယံဘာလင်လိုအသင်းကို ဖိအားပေးကစားနိုင်မှာ သေချာပါတယ်။

ယူနီယံဘာလင်အသင်းဟာ နှစ်အနည်းငယ်အတွင်း ရလဒ်ကောင်းတွေ ရရှိခဲ့ပေမဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ချန်ပီယံလိဂ် ဝင်ခွင့်ရရှိခဲ့ပြီးနောက်ပိုင်း ကစားသမားဖြည့်တင်းမှု မလုပ်နိုင်ခဲ့တာကြောင့် ပွဲဆက်တွေများပြီး ရလဒ်ကျဆင်းခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာ နည်းပြသစ် ခန့်အပ်ထားတာကြောင့် စုဖွဲ့မှုတည်ငြိမ်လာပေမဲ့ ထိပ်တန်းအဆင့် ကစားသမားခေါ်ယူမှု မလုပ်နိုင်လို့ အရေးကြီးပွဲတွေမှာ ရုန်းကန်ရမှာ သေချာပါတယ်။ ရာသီကြိုပြင်ဆင်မှုမှာ လိုင်ယွန်အသင်းကိုသာ ရှုံးခဲ့ပြီး ကျန်အသင်းတွေအနိုင်ရခဲ့တယ်ဆိုပေမဲ့ တိုက်စစ်ပိုင်းက လိုအပ်ချက်တွေ များနေတာကို သတိပြုရမှာပါ။ အဖွင့်ပွဲမှာ မိန့်ဇ်အသင်းနဲ့ ကစားခဲ့ရပေမဲ့ အဝေးကွင်းမှာ နောက်ကလိုက်ကစားပြီး တစ်ဂိုးစီ သရေရလဒ်သာ ရရှိခဲ့တာဖြစ်ပါတယ်။ ဒုတိယပွဲမှာ စိန့်ပေါ်လီကို အိမ်ကွင်းမှာ ကစားရပေမဲ့ ပြိုင်ဘက်ရဲ့ ဖိအားပေးမှုကို ဆက်တိုက်ခံခဲ့ရပြီး ပွဲချိန် ၃၄ မိနစ်မှာရရှိတဲ့ တန်ပြန်တိုက်စစ်ကနေ ဦးဆောင်ဂိုးရခဲ့လို့ တစ်ဂိုးဂိုးမရှိနဲ့အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ နည်းပြ ဗန်ဆန်အနေနဲ့ ၃-၄-၂-၁ ကစားကွက်ကိုသာ အသုံးပြုပြီး ခံစစ်အသားပေးကစားနေပေမဲ့ ခံစစ်ကစားသမားတွေအနေနဲ့ ပွဲချိန်ကြာလာတာနဲ့ ကစားအားကျသွားတာကြောင့် လိုက်ပ်ဇစ်လို တိုက်စစ်ထက်မြက်တဲ့အသင်းကို ဂိုးပေးရဖို့ သေချာပါတယ်။ ပြီးခဲ့တဲ့နှစ် ထိပ်တိုက်တွေ့ဆုံမှုနှစ်ကြိမ်မှာလဲ ပေးဂိုးမရှိဘဲ လိုက်ပ်ဇစ်က နှစ်ကျော့စလုံး ဂိုးပြတ်အနိုင်ရထားတာကြောင့် ကစားသမားစုဖွဲ့မှုကောင်းပြီး အိမ်ကွင်းအားသာချက်ရှိနေတဲ့ လိုက်ပ်ဇစ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**လိုက်ပ်ဇစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၀ | - | ၃ | ဝုဗ် |
| လိုက်ပ်ဇစ် | ၁ | - | ၁ | ပီအက်စ်ဂျီ |
| အက်ဆန် | ၁ | - | ၄ | လိုက်ပ်ဇစ် |
| လိုက်ပ်ဇစ် | ၁ | - | ၀ | ဘိုချမ် |
| လေဗာကူဆင် | ၂ | - | ၃ | လိုက်ပ်ဇစ် |

**ယူနီယံဘာလင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | ၁ | - | ၁ | ဆိုစီဒက် |
| ဂရိဆွာဒါ | ၀ | - | ၁ | ယူနီယံဘာလင် |
| မိန့်ဇ် | ၁ | - | ၁ | ယူနီယံဘာလင် |
| ယူနီယံဘာလင် | ၁ | - | ၀ | စိန့်ပေါ်လီ |
| ယူနီယံဘာလင် | ၂ | - | ၂ | ဘရန်ရှဝစ် |

## အလာဗက်အသင်းနဲ့ လက်တွဲရမှာပါ

လာလီဂါပွဲစဉ်(၅) မှာအကြိုက်တွေ့မိတာကတော့ အက်စ်ပန်ညို အသင်းနဲ့ အလာဗက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အက်စ်ပန်ညို အသင်းဟာ အဖွင့်ပွဲစဉ်နှစ်ပွဲဆက် ရှုံးနိမ့်ပြီးနောက် အေတီကိုအသင်းကို သရေရလဒ်ကစားနိုင်ခဲ့တဲ့ ပွဲစဉ်အပြီးမှာ ခြေစွမ်းပိုင်းတည်ငြိမ်လာတာကို တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ဗယ်လ်ကာနိုအသင်းနဲ့ ပွဲစဉ်မှာတော့ နာကျင်အချိန်ပိုမှာ ရတဲ့ဂိုးနဲ့ နိုင်ပွဲစတင်ရခဲ့တာဖြစ်ပါတယ်။ လက်ရှိ လေးပွဲကစားအပြီးမှာတော့ ရမှတ်လေးမှတ်နဲ့ အဆင့်(၁၄) မှာ ရပ်တည်နေတာကို တွေ့ရမှာပါ။ အက်စ်ပန်ညိုဟာ အခုနှစ်မှ လာလီဂါကို တန်းတက်လာခဲ့ပေမဲ့ အဓိက ကစားသမားဖြည့်တင်းမှုမလုပ်နိုင်ခဲ့တာကြောင့် တိုက်စစ်ပိုင်းအားနည်းချက်ရှိခဲ့ပြီး လေးပွဲကစားအပြီးမှာ တိုက်စစ်က သွင်းဂိုးနှစ်ဂိုးသာ သွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ နည်းပြသစ် ဂွန်ဇာလက်ဇ်ကတော့ ခံစစ်အသားပေးကစားတဲ့ နည်းပြဖြစ်တာကြောင့် တိုက်စစ်အားကောင်းတဲ့ အသင်းတွေနဲ့ဆို အမြဲတမ်းဂိုးပေးခဲ့ရပြီး နောက်ဆုံးငါးပွဲဆက်မှာ ငါးဂိုးထိ ခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ အခုပွဲမှာတော့ သူတို့အသင်းနည်းပြအနေနဲ့ ၄-၄-၂ ကစားကွက်နဲ့သာ ပွဲထွက်ဖို့ များနေပေမဲ့ တိုက်စစ်ပိုင်းအားနည်းချက်ကို မပြင်နိုင်ရင်တော့ အလာဗက်ကို အသာရဖို့ မလွယ်ပါဘူး။

အလာဗက်အသင်းဟာ အဖွင့်ပွဲစဉ်မှာ ဆဲလ်တာဗီဂိုကို ရှုံးခဲ့ပြီး နောက်ပိုင်း နည်းစနစ်ပိုင်း ပြောင်းလဲနိုင်ခဲ့တာကြောင့် ဒုတိယပွဲမှာ ဘက်တစ်ကိုသရေ၊ တတိယပွဲမှာ ဆိုစီဒက်ကို နှစ်ဂိုးတစ်ဂိုး၊ လက်ပါးမက်ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းကလဲ အပြောင်းအရွှေ့ကာလမှာ ထိပ်တန်းအဆင့် ကစားသမား မခေါ်နိုင်ပေမဲ့ အသင်းက အဓိက ကစားသမားတွေကို ဆက်လက်ထိန်းသိမ်းခဲ့တာကြောင့် ပြီးခဲ့တဲ့ပွဲတွေမှာ ကစားပုံတည်ငြိမ်မှုရှိတဲ့ ဘက်တစ်၊ ဆိုစီဒက်တို့လို အသင်းတွေကိုတောင် ဖိအားပေးအနိုင်ရခဲ့တာဖြစ်ပါတယ်။ နည်းပြဂါစီယာကတော့ ပြိုင်ဘက်ရဲ့ ကစားပုံကိုလိုက်ပြီး ကစားကွက်ပိုင်းပြောင်းလဲနေတာကြောင့် အခုပွဲစဉ်မှာ အက်စ်ပန်ညိုလို တိုက်စစ်အားနည်းတဲ့ အသင်းကို ၄-၄-၂ ကစားကွက်နဲ့ပဲ ပွဲထွက်လာမယ်ဆိုရင် နိုင်ပွဲရဖို့သေချာနေပြီး ဘက်တစ်အသင်းနဲ့ ဆိုစီဒက်အသင်းကို အနိုင်ယူခဲ့တဲ့ခြေစွမ်းမျိုးသာ ကစားနိုင်မယ်ဆိုရင် ပွဲချိန်ပြည့် ဖိအားပေးနိုင်မှာဖြစ်တာကြောင့် အသင်းလိုက် ကစားအားကောင်းနေတဲ့ အလာဗက်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အက်စ်ပန်ညိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟီဒန်ဟိမ်း | ၂ | - | ၁ | အက်စ်ပန်ညို |
| ဗယ်လာဒိုးလစ် | ၁ | - | ၀ | အက်စ်ပန်ညို |
| အက်စ်ပန်ညို | ၀ | - | ၁ | ဆိုစီဒက် |
| အေတီကို | ၀ | - | ၀ | အက်စ်ပန်ညို |
| အက်စ်ပန်ညို | ၂ | - | ၁ | ဗယ်လ်ကာနို |

**အလာဗက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အိုဆာဆူနာ | ၁ | - | ၂ | အလာဗက် |
| ဆဲလ်တာဗီဂို | ၂ | - | ၁ | အလာဗက် |
| အလာဗက် | ၀ | - | ၀ | ဘက်တစ် |
| ဆိုစီဒက် | ၁ | - | ၂ | အလာဗက် |
| အလာဗက် | ၂ | - | ၀ | လက်ပါးမက် |

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၀၁၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၀၁၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၃၅၄ ကေနှင့် မိုးပဲတီစိမ်း ၄၅၁၉၄ ကေ စုစုပေါင်း ၄၅၅၄၈ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း ၃၂၁ ကေ နှင့် မိုးပဲတီစိမ်း ၃၇၆၉၇ ကေ စုစုပေါင်း ၃၈၀၁၈ ကေစိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲတီစိမ်း ကေ ၄၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၃၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့နယ် မင်းလှသာစည်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ပျော်ဘွယ် စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခု ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းဖြင့် မင်းလှသာစည်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်နှင့် တာဝန်ရှိသူများက ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းကော်မတီဝင်များနှင့်အတူ မင်းလှသာစည်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က ကျေးရွာတာဝန်ရှိသူများ၊ ကော်မတီဝင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ပျော်ဘွယ်မြို့နယ် မင်းလှသာစည်ကျေးရွာ၌ လမ်းအရှည် ၅၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေကျပ် ၁၉ ဒသမ ၆၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ စတုတ္ထပတ်ကစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက မင်းလှသာစည်ကျေးရွာရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၉-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၃၅ | ၃၁၁၀ | ၃၀၆၀ | ၃၁၃၅ | ၃၁၄၅ | ၃၁၆၀ | ၃၁၁၅ | ၃၂၄၀ | ၃၂၇၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၇၀ | ၃၁၆၀ | ၃၁၇၀ | ၃၅၇၅ | ၄၉၀၀ |
| 95 Ron | ၃၀၉၅ | ၃၂၇၅ | ၃၂၅၅ | ၃၂၀၅ | ၃၂၈၀ | ၃၂၉၀ | ၃၃၀၅ | ၃၂၆၀ | ၃၃၈၅ | ၃၄၁၅ | ၃၂၆၅ | ၃၂၈၀ | ၃၃၁၅ | ၃၃၀၀ | ၃၃၁၅ | ၃၇၂၀ | ၅၁၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၉၀ | ၂၆၆၅ | ၂၆၁၅ | ၂၆၉၀ | ၂၇၀၀ | ၂၇၁၅ | ၂၆၇၀ | ၂၇၉၅ | ၂၈၂၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၁၅ | ၂၇၂၅ | ၃၁၃၀ | ၄၉၀၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၆၀ | ၃၃၃၅ | ၃၂၈၅ | ၃၃၆၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၄၀ | ၃၄၆၅ | ၃၄၉၅ | ၃၃၄၅ | ၃၃၆၅ | ၃၃၉၅ | ၃၃၈၅ | ၃၃၉၅ | ၃၈၀၀ | ၄၉၀၀ |
| HSD (10 ppm) | ၃၂၇၅ | ၃၃၆၀ | ၃၃၃၅ | ၃၂၈၅ | ၃၃၆၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၄၀ | ၃၄၆၅ | ၃၄၉၅ | ၃၃၄၅ | ၃၃၆၅ | ၃၃၉၅ | ၃၃၈၅ | ၃၃၉၅ | ၃၈၀၀ | ၄၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၉၄ | ၂၉၈၅ |
| 95 Ron | ၃၀၃၄ | ၃၁၂၈ |
| HSD (500 ppm) | ၂၄၆၃ | ၂၅၄၂ |
| HSD (50 ppm) | ၃၁၁၂ | ၃၂၀၄ |
| HSD (10 ppm) | ၃၁၁၂ | ၃၂၀၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




## မိဘအမည်မှန်

ဗန်းမော်မြို့၊အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ Grade–10(C) တွင် ပညာသင်ကြားနေသော မအိတာရာလင်း၊ ကျောင်းဝင်အမှတ် (၁၄၉၁)၏ မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသန်းအေး–ဒေါ်စန်းဦး ဖြစ်ပါကြောင်း။

ဦးသန်းအေး(၁/ဗမန(နိုင်)၀၂၈၃၁၅)
ဒေါ်စန်းဦး(၁/ဗမန(နိုင်)၀၂၈၃၁၄)

**COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။


**COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



**COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

လူတစ်ဦးနှင့်တစ်ဦး ၃ ပေ (တစ်မီတာ)မှ ၆ ပေခန့်အကွာမှာနေပါ။ ပိုးရပ်ပျံ့နှံ့မှုကို ကာကွယ်နိုင်ရန် မလိုအပ်ဘဲ အိမ်အပြင်မထွက်သင့်ပါ။




# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro–gramme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူကြရေးပင်ဖြစ်ကြောင်း အသိပေးတိုက်တွန်းမှာကြားလိုပါသည်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ကျရောက်သော (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေပွေလှိုင်း နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၂**

ယနေ့ညနေ ၄ နာရီအချိန် တိုင်းထွာချက်များအရ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖြစ်ပေါ်နေသောလေပွေလှိုင်းသည်အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)ဖြစ်ပေါ်နိုင်သည်။

အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညှင်းစွာဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ အနောက်ဘင်္ဂလားပြည်နယ်ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ ❑

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တရားမဝင်ရေနံစိမ်း၊ လုပ်ငန်းသုံး၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် မဲဘောင်ရွာ မဲဘောင် - နောင်ပလိန်လမ်းဆုံအနီး၌ မြဝတီမြို့မှ သာမညသို့ သွားရောက်မည့် မော်တော်ယာဉ် ၂၉ စီးပေါ်မှ

စာမျက်နှာ ၂၁ ကော်လံ ၁ ☆



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257